www.burmeseclassic.com

SHWE THAMIEE PUBLISHING HOUSE

Thu Way

# သူရဲကောင်းတက္ကသိုလ်

လုံးချင်းဝတ္ထုသစ်

## သုဝေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သားသား စိစဉ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၂၀၁၊၂၀၃ လမ်း ၄၀၊ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည့်ဟိန်း ၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၃ ခုနှစ် ၊ ဖေဖော်ဝါရီလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

ူဝေး ၈၉၅.၈၃

(သူရဲကောင်းတက္ကသိုလ်) သူဝေး ၊ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၃

-စာ၊ ၁၂၅၊ ၁၉.၅စင်တီ၊ (၁) သူရဲကောင်းတက္ကသိုလ်

BURMESE CLASSIC .com

# သူရဲကောင်းတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

# သူရဲကောင်းတက္ကသိုလ်

BURMESE CLASSIC .com

## [ A ]

"(Plato)ပလေတိုက သူ့ကျောင်းအဝင်ဝမှာ 'သင်္ချာမတတ်သူ မည်သူမှမဝင်ရ'လို့ ရေးထားတယ်။ ဒါကြောင့် ပလေတိုရဲ့ တက္ကသိုလ်ထဲ ဝင်ဖို့ သင်္ချာပညာတော်ဖို့လိုတယ်။ ဒီလိုပဲ . . . ကျွန်တော်တို့ တက္ကသိုလ် ထဲဝင်ဖို့ဆိုရင်လည်း စိတ်ထားကြည်လင်ဖို့ လိုမယ်လို့ မြို့ခံရေးလူကြီး တွေက မိန့်ခဲ့ကြတယ်"

လင်းစိုတောက်ပသော နှင်းဆီရောင်ဆံနွယ်များနှင့် မိန်းကလေး သည် သူ့ရှေ့ ဆိုဖာခုံပေါ်တွင် ကျနစွာ ထိုင်နေသည်။ စားပွဲပေါ်ရှိ ဖန် ခွက်ပုပုကလေးနှစ်လုံးထဲသို့ ဝိုင်များငှဲ့ရင်း သူဆက်ပြောမည့်စကားကို နားစွင့်နေသည်။

သူ စကားဆက်သည်။

"ကျွန်တော့်အထင် အကြောင်းက ဒီလိုဖြစ်မယ်ဗျ။ ကျွန်တော် တို့မြို့က ကျောင်းသားတွေဟာ ကျောင်းသွားလမ်းကနေ တက္ကသိုလ်ဆီ ရောက်ဖို့ နေ့စဉ်နဲ့အမျှ ဧရာမချောက်နက်ကြီးတစ်ခုကို ဖြတ်သန်းသွား နေရတယ်ဗျ။ ချောက်နက်ကြီးရဲ့ ဟိုဘက်ကမ်း၊ သည်ဘက်ကမ်းတို သဘာဝကျောက်တံတားကြီးတစ်ခုက တွယ်ဆက်ပေးထားတယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

သဘာဝကျောက်တံတားကြီးက လူတစ်ယောက်လျှောက်စာလောက်ပဲ ကျယ်ဝန်းတယ်။ အမှတ်တမဲ့ ဘေးကို ခြေတစ်ချက်ချော်လိုက်လို့ကတော့ ဟိုးချောက်ထဲ ဆင်းပေတော့ပဲ။ ဒါကြောင့် ဒီတံတားကို ဖြတ်တဲ့အခါ အာရုံမများစေဖို့၊ စိတ်ကိုမလွင့်စေဖို့ ရှေးလူကြီးတွေက စိတ်ထားကြည်လင်တည်ငြိမ်ရမယ်လို့ မိန့်မှာခဲ့တာဖြစ်မယ်ဗျ"

"အင်း . . . ရှင့်အတွေးက သင့်တယ်။ အဲ့ဒီအတိုင်း ဖြစ်လောက်မယ်"

နှင်းဆီရောင်ဆံနွယ်များနှင့် ကောင်မလေးက တွေးတွေးဆဆနှင့် ဝိုင်ခွက်ကို လက်နှင့်တောက်ရင်းထောက်ခံသည်။

သူက ကောင်မလေးငှဲ့ပေးထားသော ဝိုင်ခွက်ကို နှုတ်ခမ်းမှာတေ့ပြီး ဖလွတ်ဖလွတ် အသံမြည်အောင် 'စုပ်' လိုက်သည်။ ကောင်မလေးက နှာခေါင်းရှုံ့ပြီး မျက်စောင်းထိုးကြည့်လိုက်သည်။ ထိုမှ သူက ပြန်ပြုံးပြရင်း စကားဆက်ရသည်။

"အင်း . . . ခုနကပြောတဲ့ သဘာဝကျောက်တံတားကြီး ဖြစ်ပေါ်လာပုံကလည်း ဒဏ္ဍာရီဆန်တယ်ဗျ"

"အို . . . ဒါဆို နားထောင်လို့ ကောင်းဦးမှာပဲ"

"အင်း"

ဟု ခေါင်းညိတ်ဂဏာဖြေရင်း ဇာတ်လမ်းအကျဉ်းကို ရှင်းပြလေသည်။

"ဟိုး . . . ရှေးတုန်းကပေါ့ဗျာ။ ကျွန်တော်တို့မြို့ကို တခြားပြည်နယ်က ရန်သူတွေ သိမ်းပိုက်ဖို့ ဝင်တိုက်ကြတယ်ဗျ။ ကျွန်တော်တို့ မြို့သူမြို့သားတွေက အေးအေးချမ်းချမ်းပဲ နေတတ်တာကြောင့် တိုက်ပွဲတစ်ခုအတွက်ဆိုရင် ဘယ်တော့မှ အသင့်ဖြစ်မနေကြဘူး။ လက်နက်တွေ မစုဆောင်းတတ်သလို၊ သတ်ဖြတ်ချင်စိတ်လည်း ကင်းမဲ့နေကြတယ်။ ဒီတော့ တိုက်ပွဲတို့ရဲ့ ထုံးစံအတိုင်း ပိုပရိယာယ်ကြွယ်ဝသူ၊ အင်အားကြီးသူ၊ ရက်စက်သူတွေက အနိုင်ယူတာပေါ့"



ကောင်မလေးက သူ့စကားကို မှတ်သားသလို ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကျွန်တော်တို့ မြို့သူမြို့သားတွေဟာ တစ်ခဏချင်းပဲ ဖမ်းဆီးခံရ၊ သတ်ဖြတ်ခံရတာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ မြို့သားတွေထဲက ထူးခြားတဲ့ လူစွမ်းကောင်းတစ်ယောက်ပေါ်လာခဲ့တယ်။ သူဟာ ခွန်အားကြီးတယ်။ တိုက်ရည်ခိုက်ရည်ကောင်းတယ်။ မျိုးချစ်စိတ်ရှိတယ်"

"အဟား . . . မင်းသားပေါ်လာပြီ"

"အင်း . . . ဟုတ်တယ်။ ဒါပေမဲ့ အဲ့ဒီမင်းသားကလည်း ရန်သူတွေအများကြီးကို တစ်ယောက်တည်းခုခံရတာဆိုတော့ ဘယ်လွယ်ပါ့မလဲ။ ကြာတော့ ဒဏ်ရာတွေရပြီး ထွက်ပြေးရတော့တာပေါ့"

"ဒါပေါ့၊ သူ့ရဲ့ကောင်းလည်း အခြေအနေမလှသေးရင် နောက်တစ်လှမ်းဆုတ်တန် ဆုတ်ရမှာပေါ့ရှင်။ ဖွတ်ထိုးရင် အချည်းအနှီးပဲ ဖြစ်မှာမို့လား"

"အင်း . . . ဒါကြောင့် အဲဒီလူစွမ်းကောင်းလည်း ထွက်ပြေးရတယ်။ ပြေးရင်းပြေးရင်းနဲ့ နောက်ဆုံး မြို့ပြင်တောအုပ်ကို ကျော်ပြီး ချောက်ကြီးတစ်ခုဆီကို ရောက်သွားပါရော။ ချောက်ကြီးက ဟိုဘက်ကမ်းပါးနဲ့ အတော်ကွာဝေးနေတယ်။ နောက်မှာ ရန်သူတွေကလည်း လိုက်လာကြပြီ။ သူ့မှာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်ရပြီပေါ့။ ရန်သူတွေ တဖြည်းဖြည်းနီးလာတော့ သူလည်း ကြံရာမရတော့တဲ့အဆုံး 'အဲယ်လီစီယန်ကွင်းပြင်' ကို တိုင်တည်ပြီး သစ္စာဆိုလိုက်တော့တယ်"

[ (Elysian Fields) အယ်လီစီယန်ကွင်းပြင်ဆိုသည်မှာ ရှေးဂရိလူမျိုးတို့၏ ယုံကြည်မှုတစ်မျိုးဖြစ်သည်။ နတ်ဘုရားများက သူရဲကောင်းများကို သေခြင်းကင်းမဲ့ပြီး စည်းစိမ်ချမ်းသာတို့ မပြတ်ခံစားရစေရန် ဖန်တီးပေးထားသော နေရာဟုဆိုသည်။]

ကောင်မလေး၏ ဝိုင်းစက်နေသော မျက်လုံးအစုံက သူ့စကားအပေါ် မည်မျှ စိတ်ဝင်စားနေသည်ဆိုသည်ကို ဖော်ပြလျက်ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်သည် ကိုယ်ကျိုးစွန့်၍ အများအကျိုးကို သယ်ပိုးခဲ့ပြီး နှောင့်ယှက်ကျူးကျော်သူတို့အား ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ခဲ့ပါသည်။ ထို့အပြင် ........ စသဖြင့် ဘာဘာညာညာပေါ့ဗျာ။ သစ္စာဆိုလိုက်တာပေါ့။ ဒီသစ္စာမှန်ရင် ချောက်ကမ်းပါးကြီးနှစ်ဖက်ကို သွယ်တန်းထားတဲ့ တံတားတစ်စင်းပေါ်လာပါစေလို့ တိုင်တည်လိုက်တယ်"

"အင်း . . ."

"အဲဒီသစ္စာစကားအဆုံးမှာပဲ နတ်ဒေဝတာတွေရဲ့ တန်ခိုးကြောင့်ပဲဆိုမလား၊ သဘာဝကျောက်တန်းကြီးတစ်ခုပေါ်လာပြီး ကမ်းပါးနှစ်ခုကို ချိတ်ဆက်ပေးတော့တာပဲ။ ဒီတော့မှ လူစွမ်းကောင်းလည်း အဲ့ဒီသဘာဝကျောက်တံတားကြီးကို နင်းပြီး ဟိုဘက်ကမ်းပါးကို ဖြတ်ပြေးသွားတော့တယ်"

"ရန်သူတွေကတော့ အဲဒီတံတားကြီးပေါ်ကနေ ဆက်မလိုက်ကြဘူးလား"

နှင်းဆီရောင် မိန်းကလေးက စောဒက ဝင်တက်မိခြင်းဖြစ်သည်။ သူက ခေါင်းညိတ်ပြပြီး . . .

"လိုက်တာပေါ့။ ရန်သူတွေကလည်း နောက်ကပြေးလိုက်တာပေါ့။ ဒါပေမဲ့ ရန်သူတွေကျောက်တံတားပေါ်က ဖြတ်ပြေးတဲ့အခါ အားလုံး ပြုတ်ကျကုန်ရောတဲ့"

"ဘာဖြစ်လို့လဲ"

"စိတ်ထားမကောင်းလို့၊ စိတ်ဓာတ်ညစ်လို့တဲ့။ မကောင်းတဲ့စိတ်နဲ့ ဒီတံတားကို ကူးရင် နတ်ဒေဝတာတွေက တွန်းချတယ်တဲ့။

မြို့ခံရှေးလူကြီးတွေက ဒီတံတားပေါ်က ဖြတ်တဲ့အခါ စိတ်ကြည်လင်တည်ငြိမ်ဖို့ ဆုံးမရတဲ့အကြောင်းအရင်းထဲမှာ ဒီဒဏ္ဍာရီလာ အကြောင်းအရာကြီးက မဏ္ဍိုင်တစ်ခုအဖြစ် ပါဝင်နေတာပေါ့ဗျာ"

မိန်းကလေး အံ့သြမှုနှင့်အတူ စိတ်ဝင်စား၍ နေရှာသည်။

"သြော် . . . သြော် . . . ဆက်ပြောပါဦး"



ပြီးပြီပေါ့ဗျာ။ ဒါပဲ။ သူရဲကောင်းက လွတ်မြောက်သွားတယ်။ ရန်သူတွေက သူ့ကိုလိုက်ရင်း ချောက်ထဲပြုတ်ကျသေးတယ်။ နောက်ဆုံး သူရဲကောင်းက သူ့မြို့ကို ပြန်သိမ်းပိုက်နိုင်ခဲ့တယ်။ ဒါပဲ . . ."

" . . . . . "

"သူရဲကောင်းကြီး ပြန်သိမ်းပိုက်နိုင်လိုက်တဲ့ အချိန်ကစပြီး ကျွန်တော်တို့မြို့ကိုလည်း သူရဲကောင်းမြို့လို့ ခေါ်တွင်စေတော့တာပဲ။ သူရဲကောင်းကြီးရောက်ခဲ့တဲ့ ဟိုကမ်းပါးဘက်အခြမ်းမှာတော့ ဘုရားကျောင်းကြီးတစ်ကျောင်း တည်လိုက်တယ်။ နှစ်တွေကြာလာတဲ့အခါမှာတော့ ဘုရားကျောင်းကနေ လူငယ်တွေကို ပညာဒါနဝေငှပေးရင်း နောက်ဆုံးမှာတော့ တက္ကသိုလ်ကြီးတစ်ဆောင် ဖြစ်လာခဲ့တယ်။ အဲ့ဒီတက္ကသိုလ်ကြီးနာမည်ကိုတော့ ခင်ဗျားသိမှာပါ"

နှင်းဆီရောင်မိန်းကလေးက ပြုံးလျက် ခေါင်းညိတ်ပြသည်။ နှုတ်ခမ်းငယ်မှလည်း တိုးညင်းစွာ ရေရွတ်လိုက်မိသည်။

"Hero University . . ."

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

Hero University



(1)

ပြည်နယ်

နိုင်ငံတစ်နိုင်ငံအတွင်းရှိ ပြည်နယ်တစ်ခုပင်ဖြစ်သည်။

မြို့ပေါင်းများစွာနှင့် ဖွဲ့စည်းထားသော ပြည်နယ်တစ်ခုဖြစ်သည်။

တချို့မြို့ကြီးများသည် အလွန်တရာ ခေတ်မီဖွံ့ဖြိုးသလောက်၊ တချို့မြို့လေးများသည် သိပ်ကို ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသေး၏။

ဤပြည်နယ်၏ ပညာရေးမူသည် 'မစ္စတာ ကလေ့ာတန်' ဖြစ်၏။

ပညာဖြင့်သာလျှင် အရာရာကို တိုးတက်အောင် ပြုနိုင်စွမ်းသည်ဟု ယုံကြည်သော သူသည် သူ့ပြည်နယ်အတွင်းရှိ တက္ကသိုလ်များကို ပညာရေးအဆင့်အတန်း တစ်ပြေးတည်း ဖြစ်စေရန် ဆန္ဒရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မြို့

အထက်ပါ ပြည်နယ်အတွင်းရှိ မြို့ကလေးတစ်မြို့ဖြစ်သည်။

တောင်ကြားမြို့ကလေးဖြစ်သည်။

မြို့ကြီးများ တည်ရှိရာနေရာနှင့် အလှမ်းဝေးကွာလွန်းလှပြီး တခြားနီးစပ်ရာ မြို့များနှင့်လည်း ကုန်သွယ်ဖောက်ကားမှု နည်းလွန်းလှသဖြင့် ဤမြို့ကလေးသည် သီးသန့်ဆန်နေ၏။ ရိုးရာအယူအဆများ၊ ရိုးရှင်းနေထိုင်မှုများနှင့် အသားကျနေဆဲဖြစ်သော မြို့လည်းဖြစ်သည်။ ထို့ကြောင့် ဤမြို့ကလေးသည် ဤနိုင်ငံ၊ ဤပြည်နယ်အတွင်း၌ အမေ့ခံမြို့လေးတစ်မြို့သာ ဖြစ်နေချေတော့၏။

ယခင်အခါများက လေသဘော်များ၊ မီးပုံးပျံများထွက်ရှိသောကြောင့် နာမည်ကြီးခဲ့သလို၊ စိမ်းလန်းလှပသော ရှုခင်းများကြောင့် ခရီးသွားများ လာရောက်လည်ပတ်ခဲ့ကြ။

ယခုတော့ ခြောက်သွေ့ခဲ့ပါပြီ။

သို့သော် မြို့သူမြို့သားများသည် သူတို့မြို့ကို ချစ်ခင်စုံမက်ကာ ပျော်ရွှင်စွာ နေထိုင်ကြလေသည်။ မြို့ရှိ လူငယ်များသည်လည်း အထက်တန်းပညာပြီးဆုံးသောအခါ တက္ကသိုလ်သို့ ဂုဏ်ယူစွာ တက်ကြလေ၏။

## တက္ကသိုလ်

သူတို့အတွက် ဂုဏ်ယူစရာအကောင်းဆုံးနှင့် အထူးခြားဆုံး ပြယုဒ်တစ်ခုဟု ဆိုနိုင်၏။

မြို့သမိုင်း ဒဏ္ဍာရီနှင့် တက္ကသိုလ်ကျောင်း၏ စတည်ရာ ဒဏ္ဍာရီမှာ တစ်ဆက်တည်းဖြစ်သဖြင့် မြို့နေလူငယ်များသည် ဤတက္ကသိုလ်ကို တက်ခြင်းဖြင့် ဂုဏ်ယူသွားကြ၏။



တက္ကသိုလ်တွင် ထူးခြားမှု အနည်းငယ်ရှိလေသည်။

မြို့မှ ကျောင်းသို့လာရာလမ်းတွင် တောအုပ်ငယ်တစ်ခုကို ဖြတ်၊ တောင်မြင့်တစ်ခုကို တက်ရပြီး မကြာခင် ချောက်နက်တစ်ခုကို တွေ့ရမည်ဖြစ်သည်။ ဤချောက်နက်ကို သဘာဝ ကျောက်တံတားတစ်ခုက ဆက်သွယ်ပေးထားလေသည်။

ကျောက်တံတားသည် ရှည်လျားလှသော်လည်း ဘေးနှစ်ဖက်အနံမှာ လူတစ်ယောက်သွားစာမျှသာ ကျယ်ဝန်းလေသည်။ သဘာဝအတိုင်း တည်ရှိနေခြင်းဖြစ်သဖြင့် ကိုင်တွယ်အမှီပြုစရာ၊ ကြိုးတန်းများ လက်ရန်းများလည်း မပါရှိပေ။ ထို့ကြောင့် အလှည့်ကျစနစ်ဖြင့် တံတားကူးစေပြီး တံတားထိပ် ဟိုဘက်ကမ်း၊ သည်ဘက်ကမ်းတွင် မီးပွိုင့်များ စိုက်ထူပေးထားသည်။

နာမကျန်းသူများ၊ လမ်းမလျှောက်နိုင်သူများ၊ အရေးကြီးညှိသည်များအတွက်တော့ ချောက်ကိုကူးရန် စတီးကြိုးတပ်ယာဉ်များ ထားပေးထားပါသည်။

ဤသည်မှာ တက္ကသိုလ်၏ ထူးခြားမှုတစ်ခုပင်ဖြစ်သည်။ ဤတက္ကသိုလ်လေး၏ အုပ်ချုပ်ရေးစနစ်မှာလည်း ရှင်းသည်။ ကျောင်းအုပ်ပါမောက္ခတစ်ဦးတည်းကပင် ဒိုင်ခံအုပ်ချုပ်ခြင်းဖြစ်သည်။

ပါမောက္ခအမည်မှာ ဂျွန်ဗက်ဆဲလ်ဖြစ်၏။

ဤတက္ကသိုလ်တွင် ဘာသာဗေဒအမျိုးအစားပေါင်း နှစ်ဆယ်ကျော် သင်ကြားပေးလေသည်။ တက္ကသိုလ်တစ်ခု၏ အခြေခံအရင်းအမြစ်အဆောက်အဦးများအဖြစ် လက်တွေ့စမ်းသပ်ခန်းများ၊ စာကြည့်တိုက်၊ ဘုရားရှိခိုးခန်းမ၊ ကျောင်းသားပွဲတော်ခန်းမများ ရှိကြသည်။

အားကစားကွင်းများလည်း တစ်နိုင်တစ်ပိုင် ရှိသေး၏။ ထိုအထဲတွင် ထူးခြားမှုရှိသော အဆောက်အဦးမှာ စာကြည့်တိုက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကမ်းခြေမီးပြတိုက်များထက် သုံးဆခန့်မြင့်မားသော မျှော်စင်သဏ္ဌာန် အဆောက်အဦးကြီးဖြစ်လေသည်။

အထပ်ပေါင်း(၂၅) ထပ်ရှိလေသည်။

ဤကျောင်း၏ အုပ်ချုပ်ရေးစနစ်မှာ ရှင်းလင်းသော်လည်း အခြားအစဉ်အလာများ ဥပဒေများမှာတော့ လွန်စွာ ရှုပ်ထွေးလေသည်။ ခေတ်အဆက်ဆက် အခြေအနေအမျိုးမျိုးတို့ကြောင့် တည်ရှိနေသော စည်းကမ်းဥပဒေများ ဖြစ်ချေသည်။

## ကျောင်းသား၊ ကျောင်းသူများ

ဘာသာတရားကိုင်းရှိုင်းသော၊ ရိုးရာဓလေ့များနှင့် ထုံမွမ်းသော မြို့မှ ပေါက်ဖွားလာသော ကျောင်းသားကျောင်းသူတို့ဖြစ်သည်နှင့်အညီ အချင်းချင်းနွေးထွေးကြ၏။ ရိုးသားကြိုးစားမှုနှင့် သဘောထားပြည့်ဝကြသည်။ ကျောင်းသားဆိုးများ အနည်းငယ်ရှိလေ၏။

ကျောင်း၏ စည်းကမ်းဥပဒေများကို ဖောက်ဖျက်ရမည်ကိုလည်း သေမတတ် ကြောက်ရွံ့ကြသည်။ ကျောင်းတော်ကို လွန်စွာချစ်ကြပြီး ကျောင်းတော်၏ သမိုင်းအစဉ်အလာများကို အမြဲဂုဏ်ယူကြလေ၏။

ရှေးကျောင်းသားကြီးများမှ ဆင်းသက်လာသော အလေ့အထများကိုလည်း ဆက်ခံလိုက်နာခဲ့ကြသည်။ ကျောင်းသားများသည် အားလပ်ချိန်များတွင် လုပ်ငန်းခွင် အသီးသီးသို့လည်း ဝင်ကြရလေသည်။ မိသားစုအရေးကို ကူညီကြရသည်။ မြို့၏ စီးပွားရေးအခြေအနေအောက်မှာ ရုန်းကန်ကြရလေသည်။ ကျဉ်းတည်းသော မြို့ကလေးမှ ကျောင်းသားများဖြစ်သဖြင့် ချမ်းသာကြွယ်ဝသောကျောင်းသားများ ရှားလေသည်။



သူတို့သည် ကျဉ်းတည်းနိမ့်ကျသော မြို့ကလေးတွင် နေရသော်လည်း သူတို့မြို့၊ သူတို့ကျောင်းမှ စွန့်ခွာကာ ချောင်းကိုပစ်၍ မြစ်ကို ရှာရန်လည်း စိတ်မကူးကြချေ။

သူ့အရပ်နှင့်သူ့ဇာတ် အဆင်ပြေအသားကျနေသော တက္ကသိုလ် ကျောင်းသားကျောင်းသူများပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

**(2)**

ကျောင်းသွားရာ တောင်တက်လမ်းရှိ (Mist Pool) အမည်ရှိသော ကင်န်တင်းထဲတွင် ကျောင်းသားကျောင်းသူများ ပြည့်နှက်နေကြပြီဖြစ်သည်။

ဆိုင်၏အလယ်တွင် ပိုကာကစားနိုင်သည့် အရွယ်အစားခန့်ရှိသော စားပွဲဝိုင်းကြီးတစ်ခု ရှိနေသည်။ ထိုစားပွဲဝိုင်းတွင် ကျောင်းသားနှစ်ဦး တစ်ဦးကိုတစ်ဦး ကြည့်မနေသော်လည်း မျက်နှာချင်းဆိုင် အနေအထားဖြင့် ထိုင်နေကြသည်။

တခြားကျောင်းသားများ၏ မျက်လုံးများသည်လည်း ထိုစားပွဲဝိုင်းရှိ ကျောင်းသားနှစ်ဦးထံ ဆိုက်ရောက်နေကြသည်။ တစ်စုံတစ်ရာကို အကဲခတ်နေကြခြင်းဖြစ်သည်။

မကြာပါ။ စားပွဲဝိုင်းကြီးမှ ကျောင်းသားတစ်ဦး၏ စကားသံက စတင်ထွက်ပေါ်လာတော့သည်။

"ဘယ်လူမျိုးစုတွေရဲ့ ယုံကြည်မှုလဲတော့ မမှတ်မိတော့ဘူး။ ကမ္ဘာကြီးကို လိပ်ကြီးတစ်ကောင်က သူ့ကျောပေါ်မှာ ရွက်ထားရတာတဲ့လေ။ ဒါကြောင့် ကမ္ဘာပေါ်က လူတော်တော်များများက ကိုယ့်ဘက်ကိုယ်ယက်တတ်တာလားလို့ ငါတွေးမိတယ်။ မင်း တကယ် လူသားပီသပါပေတယ် . . . 'ကိန်း' ရာ"



"ငါက ကိုယ့်ဘက်ကိုယ်ယက် မာန်တက်နေတာ မဟုတ်ဘူးကွ။ ငါ့ရဲ့ယုံကြည်ချက်ရှိမှုနဲ့ အရည်အချင်းကို ခင်းပြနေတာပါ။ အင်းလေ . . . ငှက်တိုင်းက အပြာရောင်ကို မြင်နိုင်တာမှမဟုတ်ဘဲ။ ဇီးကွက်လိုတစ်ကောင်ကပဲ မြင်နိုင်ရှာတော့ တခြားငှက်တွေက ပုတ်ခတ်မှာပေါ့"

ကိန်းဆိုသော ကျောင်းသားနှင့် ဘီဒီဆိုသော ကျောင်းသားတို့၏ အခြေအတင် စကားပြောပွဲဖြစ်သည်။ (Mist Pool) ကင်န်တင်းတွင် ဤသို့ တနင်္လာနေ့တိုင်း စကားရည်လုပွဲ ကျင်းပလေ့ရှိသည်။ ဆိုင်၏နံရံတွင် 'တိရစ္ဆာန်များနှင့် ခိုင်းနှိုင်းခြင်း' ဟူသော ယနေ့ စကားရည်လုပွဲအတွက် ခေါင်းစဉ်ကို ချိတ်ဆွဲထားသေးသည်။

ပွဲကြည့်သူများမှာ ပြိုင်ပွဲဝင်နှစ်ယောက်ပြောဆိုကြသော စကားများကို ပြုံးတမ့်မ့်နှင့် နားထောင်ကြ၊ တိတ်ဆိတ်ကြ၊ လက်ခုပ်တီးကြ စသဖြင့် သဘောကျစွာ တုံ့ပြန်ကြလေသည်။

သူတို့နှစ်ယောက်ကတော့ ဆက်လက်ပြီး . . .

"ဘီဒီ . . . မင်းက လူတကာကို မြွေခွေးလို သူ့ငယ်အိမ်ပြောင်းကြည့်ဖို့ ကြိုးစားနေတာကိုးကွ"

"ထင်လို့ပါကွာ။ ခွန်အားကြီးမားတဲ့ ခြင်္သေ့တွေတောင် မျက်လုံးတစ်ဝက်ပဲ မှိတ်ပြီး အိပ်တယ်ကွ။ သတိတရားဆိုတာ နေရာတိုင်းလိုတယ်"

"ဟား . . . ဟား . . . မင်းလို ကြောက်တတ်တဲ့ကောင်က ပုတ်သင်ညိုလို တစ်ပြိုင်တည်း နှစ်နေရာ မြင်နိုင်ရင်မြင်နိုင်၊ ဒါမှမဟုတ် မြင်းတွေလို မွေးကတည်းက မျက်လုံးဖွင့်မွေးလာသင့်တယ်လို့ ငါထင်တယ်"

"ဟား . . . ဟား . . . ကိန်းရေ၊ မင်းကတော့ နှံကောင်တွေလို အတောင်ပံကိုအသုံးပြုပြီး အသံကောင်းဟစ်တဲ့ပုံစံမျိုး တော်တော်ပြောတတ်တာပဲ။ ဒါပေမဲ့ လက်ဖဝါးပေါ် ကောက်တင်လိုက်တာနဲ့ နှံကောင်ဆိုတာ အသံတိတ်ရတဲ့ အမျိုးပါ"

www.burmeseclassic.com

www.burmeseclassic.com

ကိန်းဘက်က တကယ်ပဲ အသံတိတ်သွားပါသည်။ ရုတ်တရက် ခွန်းတုံ့ပြန်ရန်လည်း စကားခက်သွားဟန်တူသည်။

ပွဲကြည့်သူများက ခပ်ထွေထွေ ပြုံးကုန်ကြသည်။ အချင်းချင်း လက်ကုတ်ကြ၊ ခြေဖိကုန်ကြသည်။

"ဟင်း . . . ဟင်း . . . မင်းက ကမ္ဘာ့အတုံးဆုံး သတ္တဝါ ဒိုဒို ငှက်ထက်တောင် တုံးတဲ့ကောင်ပါ"

ကိန်းက ဟန်မပျက် စကားပြန်ဆက်ကြည့်ခြင်းဖြစ်သည်။ ဘီဒီက 'ဟက်' ခနဲရယ်ကာ ခေါင်းယမ်းရင်း . . .

"သွားပြီ . . . ကိန်းရေ၊ မင်းကတော့ ဂူထဲက ထွက်တာနဲ့ ဘယ်ဘက်ပဲ ကွေ့ပျံတက်တဲ့ လင်းနို့တွေလိုမျိုး တစ်ယူသန်သွားပြီ။ တစ်ဖက်စောင်းသွားပြီ။ ရုက်တတ်ရင် မင်းခေါင်းကို ဖြတ်ပြီး လင်းတတွေကို သွားကျွေးလိုက်သင့်ပြီ"

"ငါက ခေါင်းပြတ်သွားရင်တောင် နောက်ထပ် ကိုးရက်လောက် အသက်ရှင်ဦးမယ့် ပိုးဟပ်လို ကောင်မျိုးဆိုတာ မင်းသိထားသင့်တယ်"

ဘီဒီက လက်ထဲက တုတ်ချောင်းတိုလေးကို လှည့်ကစားရင်း ရယ်မြဲရယ်နေသည်။ ပြီးမှ . . .

"သိပ်သနားစရာကောင်းတဲ့ကောင်ပဲ။ ပြတ်ပြီးခါစ အိမ်မြှောင်အမြီးက သူ့ကိုယ်သူ အသက်ရှိသေးတယ်လို့ ထင်နေသလိုပေါ့လေ ဟုတ်လား"

". . . . ."

ကိန်းဘက်မှ အသံတိတ်နေသည်။ သို့သော် ဘီဒီမျက်လုံးများ ထဲတော့ စေ့စေ့ကြည့်နေသည်။ သည်စကားရည်လုပွဲကား သူ့အတွက် အနိုင်ရလဒ်ကို ဆောင်ကြဉ်းမပေးနိုင်တော့မှန်း သူခါးသီးစွာ နားလည်လာမိသည်။ သို့နှင့် သူ့လက်က စားပွဲပေါ်ရှိ ဖန်ခွက်တစ်ခွက်ကို ဆုပ်ကိုင်လိုက်တော့သည်။

ဖန်ခွက်အတွင်း၌ အနီရောင်အဆင်းရှိသော ယမကာအရည် တစ်မျိုးက အဆီတွေဝေ့တက်၍နေသည်။ သူ ဘီဒီကို စေ့စေ့ကြည့်ရင်း ပင် ပက်ခနဲ မော့သောက်ပစ်လိုက်တော့သည်။

"ရေး . . . "

"ဂူ ဟူး . . . ဟူး . . ."

"အိုး ဟိုး . . ."

ပွဲကြည့်သူများက အသံသေးအသံကြောင်များဖြင့် အော်ဟစ် ကြတော့သည်။ လက်ခုပ်များလည်း တီးကြသည်။ ခုံတွေကို တဒုန်းဒုန်း တီးကြပုတ်ကြနှင့် တစ်ဆိုင်လုံး ဆူညံသွားတော့သည်။

ပွဲကား ပြီးဆုံးသွားပြီဖြစ်သည်။ ရှုံးနိမ့်သော စကားရည်လုသမား တစ်ယောက်ပီသစွာပင် ကိန်းသည်လည်း အနီရောင်ယမကာကို တစ်ကျိုက်တည်း မော့သောက်ပြခဲ့ပြီ မဟုတ်လား။

ဘီဒီက ပြုံးမြဲပြုံးနေသည့် မျက်နှာနှင့်ပင် နေရာမှတကာ ကိန်း ဆီလျှောက်သွား၍ ပခုံးကို ခပ်ဖွဖွပုတ်ကာ အားပေးလိုက်သည်။

ကိန်းကလည်း ခြောက်ကပ်ကပ် ရယ်သံပြုသည်။ တကယ်တော့ သည်ပွဲသည် သူ လုံးဝမရှုံးချင်သော ပွဲဖြစ်သည်။ သို့သော် (Hero) တက္ကသိုလ်၏ အကောင်းဆုံး စကားရည်လုသမားနှင့် တကယ်တမ်း ရင် ဆိုင်တွေ့ချိန်မှာတော့ သူ့ကိုယ်သူ ရှုံးနိမ့်ဖို့ထိုက်တန်ကြောင်း သိခဲ့ရသည်။ နောက်ပြီး သည်ပွဲသည် သူ့ဘက်မှ စတင်ကမ်းလှမ်းခဲ့သော စိန်ခေါ်ပွဲ တစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် သူ့မှာ နှစ်ခါနာရသော အဖြစ်နှင့် ကြုံရချေသည်။

ထိုအချိန်တွင် ဆိုင်ထဲသို့ လူတစ်ဦးဝင်လာသည်။

"ဆိုင်မှူး . . . "

ဝင်လာသူက ဆိုင်မှူးဖြစ်သည်။ ဆိုင်မှူးသည် ဘီဒီထံအပြေး သွားသောကြောင့် ဘီဒီကို လာရှာခြင်းဖြစ်သည်။ ဘီဒီက လက်ထဲက တုတ်ချောင်းလေးကို လှည့်ကစားရင်း . . .

www.burmeseclassic.com

www.burmeseclassic.com

"ငါ့ကို လာရှာတာလား"

"သေချာတာပေါ့၊ (Hero) တက္ကသိုလ်ရဲ့ အတော်ဆုံး စကားရည်လုသမားကြီးကို လာရှာတာလေ"

ဘီဒီ တဟားဟား ခေါင်းမော့ရယ်သည်။ ပြီးမှ . . .

"ဘာကိစ္စလဲ"

"ဘော့ပါက သူ့မီးပုံးပျံနဲ့ ငါတို့ကို လိုက်စီးခိုင်းမလို့တဲ့"

"အိုး . . . ကြားသားမိုးကြိုးပါလား"

"ကဲ . . . ဘယ်လိုလဲ လိုက်မယ်မို့လား"

"အင်း . . . သွားစို့"

ထို့နောက် သူတို့နှစ်ယောက်ကင်နိတင်းမှ ထွက်ခဲ့ကြတော့သည်။ ထိုအချိန်တွင် ကိန်းသည်လည်း (Mist Pool) ကင်နိတင်းထဲတွင် ရှိမနေတော့ပါ။ ဆိုင်မွှန်ဝင်လာကတည်း သူသည် ဆိုင်ထဲက ထွက်သွားခဲ့ပြီးဖြစ်သည်။ လောကမှာ ကိန်းမျက်နှာချင်း မဆိုင်ချင်ဆုံးမှာ ဆိုင်မွှန်ပင်မဟုတ်ပါလား။

(Mist Pool) ကင်နိတင်းထဲတွင် စားသူစား၊ သောက်သူသောက်နှင့် ယခင်အတိုင်း လည်ပတ်နေပြီဖြစ်သည်။ အကြောင်းအရာအမျိုးမျိုးမှာ စကားဖောင်ဖွဲ့နေခဲ့ကြပြီဖြစ်သည်။ သို့သော် မကြာခင်မှာတော့ . .

ကင်နိတင်းထဲ လူတစ်ဦး ဝရုန်းသုန်းကားဝင်လာသည်။ ပြေးလာရ၍ မောဟိုက်နေဟန်လည်း တူသည်။ ဟော . . . ဟော . . . နှင့် မောသံထွက်နေသေးသည်။ လူတွေအားလုံးက လှမ်းကြည့်မှ သူမောနေသည့်ကြားမှရအောင် အသံညှစ်ပြီး . . . . .

"မြန်မြန် . . . မြန်မြန်သွားကြ။ ငါတို့တက္ကသိုလ် ပြဿနာတက်နေပြီ . . . မြန်မြန်သွားကြည့်ကြ . . ."

ဂက်စ်အိုးများကို ဖွင့်ပြီးသောအခါမှတော့ မီးပုံးပျံသည် မြင့်ကာလွင့်ကာ လေစီးကြောင်းထဲ ထိုးတက်လာခဲ့ပြီဖြစ်သည်။

သည်နေ့ 'ဘော့ပါ'၏ အဘိုးမွေးနေ့ဖြစ်သည်။ တကယ်တော့ ဘော့ပါ၏အဘိုးသည် သေပြီးခဲ့ပြီဖြစ်သည်။ သေပြီးသား လူတစ်ယောက်ကို မွေးနေ့ပွဲလုပ်ပြီး ဂုဏ်ပြုခြင်းသည် အနည်းငယ်မက ကြောင်စီစီနိုင်ပါသည်။ ဘာပဲဖြစ်ဖြစ် အဘိုး၏မွေးနေ့ဖြစ်သောကြောင့် ဆိုင်မွှန်နှင့် ဘီဒီသည် ရက်ရောခဲ့လှသော ဘော့ပါ၏ မီးပုံးပျံပေါ်တွင် စီးနင်းခွင့်ရခဲ့ပေပြီ။ ဘော့ပါသည် သူ့မီးပုံးပျံပေါ်တွင် မည်သူ့ကိုမှ တင်ဆောင်ချင်သူမဟုတ်ပေ။

ဘော့ပါ၏ ဘိုးဘေးများသည် (Hero) မြို့ကလေး၏ အထင်ကရ ပုဂ္ဂိုလ်များဖြစ်ကြသည်။ လေသင်္ဘောများ ဆောက်လုပ်ခြင်း၊ မီးပုံးပျံများ ပြုလုပ်ခြင်းဖြင့် ကျော်ကြားကြသူများဖြစ်သည်။ ဘော့ပါ၏ဘိုးဘေးတစ်ယောက်သည် ဟစ်တလာကြီးဆိုးစဉ်အခါက မြို့တွင်းရှိ ဂျူးလူမျိုးများကို တခြားမြို့များသို့ လေသင်္ဘောကြီးနှင့် တင်ဆောင်ကာ ပို့ဆောင်ခဲ့ဖူးသည်ဟု ဘော့ပါက သူ့သူငယ်ချင်းများကို စကားမကြုံကြုံအောင်ဆွဲကာ အမြဲပြောလေ့ရှိသည်။

ဘိုးဘေးစဉ်ဆက် လုပ်ဆောင်လာခဲ့သော လုပ်ငန်းဖြစ်သော်လည်း ဘော့ပါလက်ထက်တွင်တော့ ရှားရှားပါးပါး ဒီမီးပုံးပျံတစ်လုံးသာ ရှိရှာတော့သည်။ ထို့ကြောင့် ဘော့ပါကလည်း ဒီမီးပုံးပျံနှင့် ပတ်သက်လျှင် အလွန်တွန့်တိုခြင်းဖြစ်သည်။

www.burmeseclassic.com

"ဟစ်တလာကြီး . . . စိုးစဉ်အခါကပေါ့ကွာ။ ငါ့အဘိုးက လေသဘော်ကြီးနဲ့ ဂျူးတွေကို . . . × . . . × . . . × . . . "

ယုံချင်စရာမကောင်းသော ဘော့ပါ၏ ကြွားလုံးကြီးကို ဆိုင်မွန်နှင့် ဘီဒီ အကြိမ်နှစ်ရာမြောက် ကြားရခြင်းလည်း ဖြစ်နိုင်သည်။ ဘော့ပါသည် သူ့ဝသီအတိုင်း ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများနှင့် သူ့ဘိုးဘေးတွေက မည်သို့ရင်းနှီးခဲ့ကြောင်း မဟုတ်တမ်းတရား ကြွားဝါနေသည်။ အတန်ကြာ ကြွားဝါပြီးမှ ကိစ္စတစ်ခုကို သတိရပြီး . . .

"ဩော် . . . အေး . . . ဘီဒီ၊ မင်း ကိန်းကို နိုင်ခဲ့တယ် . . ဟုတ်လား"

"ကိန်းက ဝိုင်နီကို ရဲရဲရင့်ရင့်သောက်ပြီး အရှုံးပေးသွားတာပါ"

ဘော့ပါက ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .

"တကယ်တော့ ကိန်းရဲ့ပစ်မှတ်က ဆိုင်မွန်ပဲ။ ဆိုင်မွန်နဲ့ ထိပ်တိုက်တွေ့ဖို့ အကြောင်းရှာရ မလွယ်တာကြောင့် ဘီဒီကို စိန်ခေါ်တာပဲ"

ကိန်းက ဘီဒီကို စကားရည်လုပွဲစိန်ခေါ်သည့် ကိစ္စနှင့်ပတ်သက်ပြီး ဘော့ပါက သုံးသပ်ကြည့်ခြင်းဖြစ်သည်။ ဆိုင်မွန်ကမူ နှုတ်ဆိတ်၍သာ နေနေသည်။ ကိန်းသည် ဂျက်စမင်နှင့်ပတ်သက်ပြီး ဆိုင်မွန့်အပေါ် မနာလို မကျေနပ်ချက်များရှိနေခြင်းကို အားလုံးအသိပင်ဖြစ်သည်။

ဆိုင်မွန့်မျက်နှာရိပ်မှာ ကိန်းနှင့်ပတ်သက်ပြီး မည်သည့်စကားမျှ ပြောဆိုချင်ဟန်မရှိသောကြောင့် ဘော့ပါကလည်း သူ့စကားကို ဤမျှလောက်နှင့် ရပ်လိုက်သည်။

"ဒီမီးပုံပျံကြီးနဲ့သာ ရှုခင်းတွေ ဓာတ်ပုံလိုက်ရိုက်ရလို့ကတော့ ရှယ်ပဲ"

ဟု ဆိုင်မွန်က စကားလွှဲပြောသလို ဘီဒီကလည်း . . .

"ငါကတော့ ဒီမီးပုံပျံကြီးနဲ့ မိန်းမခိုးချင်တယ်ကွ။ မီးပုံးပျံနဲ့ မိန်းမခိုးတာမျိုး မကြားဖူးသေးဘူးမို့လား"

ဟော့ကောင်တွေ . . . ဘာမှအပိုပြောမနေနဲ့ မင်းတို့ကို ဒီတစ်ရက်ပဲ စိခိုင်းမှာ။ နောက်နေ့တွေ မီးပုံးပျံနားကပ်ဖို့ မစဉ်းစားနဲ့"

ဘော့ပါက သူ့ဉစ္စာကို ဝင်တွန့်တိုလေသည်။

မီးပုံးပျံသည် မြင့်မားသော မိုးသားလေစီးကြောင်းထဲတွင် ရောက်ရှိနေသည်။ လေစီးကြောင်းထဲမှ အောက်ကို ငုံ့ကြည့်ရသော အရသာသည် အင်မတန် ထူးခြားမည်ဖြစ်ကြောင်း သင်လည်း သိပေမည်။

အစိမ်းရောင်ချင်းတူသော်လည်း စိမ်းပုံချင်းမတူသော သစ်ပင်များကို အပေါ်စီးကမြင်ရသည်မှာ အလွန်အေးချမ်းလေသည်။ တောင်တန်းများကို အနီးကပ် တွေ့ရသည်မှာလည်း ရင်သပ်ရှုမောဖွယ်ဖြစ်သည်။ ရေပြာအိုင်လေးများကိုလည်း ပွဲကျနေသော ကောင်းကင်၏အပိုင်းအစလေးများအဖြစ် မြင်နိုင်သေးသည်။

ထိုသို့ တဖြည်းဖြည်းလွင့်ပါးရင်း ကျောင်းသွားလမ်းတောင်ကုန်း၏ ထိပ်သဘာဝ ကျောက်တံတားဘက်ရောက်လာခဲ့သည်။ သွယ်ပျောင်းသော ကျောက်တံတားပေါ်မှ လူတွေ တန်းစီသွားလာနေကြပုံမှာ အသည်းယားဖွယ် ကောင်းလှသည်။

ငှက်ခြောက်တုတ်ကြီးကို ကိုင်ထားလျက်နှင့် ဘော့ပါသည် ကျောက်တံတားပေါ်မှ ကျောင်းသွားသူများကို အော်ဟစ်နှုတ်ဆက်ရန် ပြင်လိုက်သည်။ သို့သော် သူ့ပါးစပ်ကို ဆိုင်မွန်က လက်ဝါးနှင့် လှမ်းအုပ်ကာ တားလိုက်သည်။

"မအော်နဲ့ . . . သူတို့ကို အသိမပေးနဲ့ ငါလုပ်စရာရှိလို့"

ဆိုင်မွန်သည် သူ့ကျောပိုးအိတ်ထဲမှ ကင်မရာကို ထုတ်ယူလိုက်သည်။ ပြီးလျှင် ကျောက်တံတားပေါ်မှ သက်စွန့်ဆံဖျား ကျောင်းသို့သွားနေသော လူငယ်များ၏မြင်ကွင်းကို လှမ်းရိုက်လိုက်သည်။ တစ်ပုံ၊ နှစ်ပုံ၊ သုံး၊ လေး . . .။ ရှုထောင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက်လိုက်သည်။

"ငါ ဒီကျောင်းသွားလမ်းကို အပေါ်စီးက ဓာတ်ပုံရိုက်ချင်နေတာကြာလှပြီ။ ဘယ်လိုရိုက်ရမှန်းမသိလို့ ခက်နေတာ။ အခုမှပဲ အဆင်သင့်တော့တယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟား . . . ဟား . . . မင်း ဒီဓာတ်ပုံတွေနဲ့ တို့ပြည်နယ်ရဲ့ တက္ကသိုလ်ပေါင်းစုံ ဓာတ်ပုံပြိုင်ပွဲမှာ ဝင်နွှဲမလို့လား"

"သေချာတာပေါ့"

"အဟား . . . ကောင်းတယ်ကွာ"

မီးပုံးပျံသည် နိမ့်ဆင်းလာရာ ကျောက်တံတားနှင့် ပိုနီးလာသည်။ (View)အနေအထားမှာလည်း ကောင်းလာသည်နှင့် ဆိုင်မွန်သည် ကင်မရာခလုတ်ကို အနားမပေးဘဲ တဖျပ်ဖျပ် ရိုက်နေလေတော့သည်။ သည် ကျောက်တံတားကြီးကို အပေါ်စီးမှ မြင်ကွင်းမျိုးဖြင့် ရိုက်နိုင်ခွင့်မှာ တကယ်ပင် ခက်ခဲလှသည်ဖြစ်ရာ ဆိုင်မွန်သည် ဘော့ပါကို ကျေးဇူးတင်လျက် အပျော်ကြီး ပျော်နေတော့သည်။

မီးပုံးပျံသည် တရှူးရှူးပြန်တက်ကာ ကျောင်းဝန်းကောင်းကင်ဘက်သို့ ရွက်လွှင့်လာပြန်သည်။ မိုးသို့ ချွန်ထက်စွာ ထိုးမတ်နေသည့် ခန့်ညားသော အုတ်နီကျောင်းဆောင်များကို သူတို့ မြင်တွေ့လာရသည်။ မျှော်စင်သဏ္ဍာန် စာကြည့်တိုက်ကြီးက ကြည့်အကောင်းဆုံးဖြစ်နေသည်။

"ဝါး . . . ငါတို့ကျောင်းကြီး ကြည့်လေလှလေပဲ"

"ကျောင်းကို မီးပုံးပျံနဲ့လာတာ ငါတို့ပဲရှိမယ်ကွ။ ဟား . . . ဟား . . ."

ဘီဒီနှင့် ဘော့ပါက သဘောကျစွာ အော်ဟစ်လေသည်။

ဆိုင်မွန်ကတော့ ကျောင်းဝန်းထဲကို အကဲခတ်နေမိသည်။ ကျောင်း၏ ပုံမှန်စည်ကားလေ့ရှိရာ နေရာများတွင် ခါတိုင်းလို လူတွေ သွားသွားလာလာ မတွေ့မိ။ ကော်ရစ်တာများနှင့် သစ်ပင်ရိပ်များတွင်လည်း လူသူ ကျဲပါးနေသည်။

တစ်ဆက်တည်း ကျောင်းဝန်းအလယ်မှာသာ အုံခဲနေသော ကျောင်းသားများကို တွေ့လိုက်ရလေသည်။ တစ်ကျောင်းလုံးရှိကျောင်းသားများ ရုတ်ရုတ်ရုတ်ရုတ်နှင့် စုဝေးနေကြသည်။ ကိုယ့်အစုနှင့် ကိုယ် တီးတိုးစကားများကို ဆိုနေကြဟန်တူသည်။



"ဟေ့ကောင်တွေ . . . ကျောင်းသားတွေ ဘာဖြစ်နေကြတာလဲ"

ဆိုင်မွန့်စကားကိုကြားမှ ဘော့ပါနှင့် ဘီဒီလည်း အောက်ကို ငုံ့ကြည့်လေရာ ကျောင်းဝန်းထဲက ဘာဖြစ်မှန်းမသိသော အခြေအနေကို တွေ့လိုက်ရလေသည်။

"ကျောင်းသားရေးရာမှာ လူတွေ ဝိုင်းလို့ပါလား။ ဘာဖြစ်တာပါလိမ့်"

"တစ်ခုခုတော့ ထူးခြားတာဖြစ်နေပြီ"

ဘော့ပါသည် ပြောပြောဆိုဆိုပဲ ဂတ်စ်ငွေ့တွေကို တဖြည်းဖြည်း လျှော့ချကာ မီးပုံးပျံကို ဆင်းသက်စေသည်။ မီးပုံးပျံ တအိအိ ဆင်းသက်လာမှ ကျောင်းဝန်းမှလူများက သတိထားမိကြသည်။

သာမန်အားဖြင့် ကျောင်းသားများသည် မီးပုံးပျံနှင့် ဆင်းသက်လာသော သူတို့ကို အံ့သြကြပြီး အသံဗလံတွေပြုကာ အော်ကြ နောက်ကြရမည်၊ အလုအယက် အနားလာရောက်ကြမည်ဖြစ်သည်။ သို့သော်ယခုတော့ ကျောင်းသားများသည် သူတို့ကို ခဏမျှသာကြည့်၍ မျက်နှာပြန်လွှဲကာ နေမြဲအတိုင်း ဆက်ရှိနေကြသည်။

မြေပေါ် မီးပုံပျံဆင်းသက်လာသည်နှင့် သူတို့သည် ကျောင်းသားရေးရာအဆောင်သို့ ပြေးကြသည်။ လမ်းတွင်တွေ့သည့် ကျောင်းသားတစ်ယောက်ကိုလည်း ဘီဒီက ပခုံးကိုင်ကာ တား၍ မေးလိုက်သည်။

"ဘာဖြစ်တာလဲ . . . ကျောင်းမှာ ဘာဖြစ်လို့လဲ"

အမေးခံရသော ကျောင်းသားက ညှိုးရော်သောမျက်နှာနှင့် . .

"ကျောင်းသားရေးရာမှာ စာကပ်ထားတယ်။ မင်းကိုယ်တိုင် သွားဖတ်ကြည့်ပါ"

ကျောင်းသားရေးရာ လူအုပ်ထဲသို့ တိုးဝှေ့ကာ သူတို့ ဝင်ကြည့်ကြသည်။ ကြော်ငြာစာနန်ရံတွင် ကပ်ထားသောစာကို မြင်လိုက်ရသောအခါမှာတော့ သူတို့ခြေထောက်များမှာ မြေပြင်နှင့်ကပ်ကာ သံမှိုရိုက်လိုက်သလို ရပ်တန့်ဆွဲကပ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . "

"ဒါ . . . ဒါ . . ."

" . . . . . "

## အထူးကြေညာချက်

Hero University အား ပညာသင်ကြားရန် ရပ်ဆိုင်းလိုက်ကြောင်း ကြေညာအပ်သည်။ ကျောင်းသား/သူများသည် မိမိတက္ကသိုလ်မှ ကျောင်းပြောင်းခွင့် လျှောက်လွှာများဖြင့် ပြည်နယ်၏မြို့တော်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့အပ်နှံကာ ပညာသင်ကြားရတော့မည်ဖြစ်သည်။ ပထမနှစ်ဝက် ပညာသင်ကြေးအခမဲ့နှင့် အချိန်ပိုင်းအလုပ်အကိုင်များပေးမည့် အခွင့်အရေးအား ရရှိမည်ဖြစ်သည်။

ဤကြေညာစာ ကြေညာသည့်နေ့မှစ၍ (၁)လအတွင်း ပြောင်းရွှေ့ရမည်ဖြစ်သည်။

**ပြည်နယ်ပညာရေးမှူး**
**မစ္စတာကလေဒ့တန်**

သူတို့တက္ကသိုလ်ကို ပိတ်လိုက်ပြီဖြစ်ကြောင်း ကြေညာချက်ပင် ဖြစ်တော့သည်။



အစည်းအဝေးခန်းထဲမှ ဆရာများ ထွက်လာကြသည်။ ကျောင်းသားတွေက အပြေးအလွှား ဝိုင်းမေးကြသည်။ လမ်းပိတ်မေးကြသည်။

သူတို့လည်း ဆရာဝင်ချက်ရိုလာကို တွေ့သဖြင့် ပြေးမေးလေသည်။

"ဆရာ . . . ဆရာ . . ."

ဆရာဝင်ချက်ရိုလာသည် သူတို့ ပြေးလာသည်ကို နွမ်းလျသောအပြုံးနှင့် ရပ်စောင့်နေလိုက်သည်။ အနားရောက်လာမှ . . .

"ဆရာ . . . ဘယ်လိုဖြစ်တာလဲ"

"ဒါ . . . တ . . . တကယ်အမှန်ပဲလား ဆရာ"

နောက်ပြောင်ကျီစယ်ထားခြင်း မဟုတ်မှန်းသိသော်လည်း ထိုသို့ မျှော်လင့်မိသေးသည်။ ဆရာက အောက်နှုတ်ခမ်းကိုသပ်ရင်း စကားလုံးရှာသည်။ သို့သော် စကားလုံးမရှိချေ။ ဟူးခနဲ သက်ပြင်းရှည်ကြီးချပြီးမှ . . .

"ဆရာ စိတ်မကောင်းပါဘူးကွာ"

ဟုဆိုကာ ဘီဒီနှင့် ဆိုင်မွန်၏ ပခုံးကိုပုတ်ကာ ဆရာဝင်ချက်ရိုလာ ထွက်သွားပါသည်။

ဘီဒီသည် ဆရာ့ကို တစ်ခုခုပြောရန်အားထုတ်သော်လည်း သူ့ထံတွင်လည်း စကားလုံးမရှိချေ။ နောက် . . . သူတို့သုံးယောက် မြေပေါ်တွင် အလိုလို ထိုင်ကျသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဝန်းထဲရှိ ကျောင်းသားများသည် လွန်စွာ ပူဆွေးသော မျက်နှာအသီးသီးနှင့် ရောက်တက်ရာရာကို အသက်မဲ့စွာ ငေးနေကြလေသည်။ တချို့တွေ ငိုကြွေးနေကြသည်။ တချို့ နားမလည်စွာ ဟစ်အော်နေကြသည်။ တချို့ကျော်ငြာစာကို မယုံနိုင်စွာ ထပ်ခါတလဲလဲ သွားကြည့်နေကြသည်။ သူတို့ မည်သို့မျှ လက်မခံနိုင်ကြပါ။

သည်တက္ကသိုလ်သည် သူတို့အတွက် မရှိမဖြစ်တက္ကသိုလ်ဖြစ်သည်။ သူတို့မြို့ကြီးရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့ရန် လွန်စွာဝန်လေးကြသည်။ သူတို့ ဘဝအကြောင်း သူတို့သာ သိချေသည်။

ဒါသည် သူတို့အနာဂတ်ကို မင်နီတားလိုက်သလို ခံစားကြရသည်။

"ငါတို့ ရှေးဟောင်း တက္ကသိုလ်ကာကွယ်ရေးအဖွဲ့ကို လှမ်းအကြောင်းကြားကြည့်မလား"

"အဲ့လိုအဖွဲ့မျိုး ရှိလို့လား"

"ရှိတယ်၊ ငါကြားဖူးတယ်"

ကြံရာမရသည်နှင့် သူတို့ ရှာဖွေစဉ်းစားကြတော့သည်။

"မရေရာတာကြီးကွာ။ ဘယ်သူတွေ ဘာလုပ်ဦးမလဲ စောင့်ကြည့်ရင်း ငါတို့လုပ်နိုင်တာလေးပဲ လုပ်နှင့်ရအောင်ပါ"

"ဘာလုပ်မှာလဲ"

"ဆုတောင်းလိုဏ်ဂူထဲ သွားရုံပေါ့"

သို့နှင့် ထိုကျောင်းသားနှစ်ယောက် ဆုတောင်းလိုဏ်ဂူဘက်ထွက်သွားတော့သည်။

လူတို့သည် ဘာမှမလုပ်တတ်တော့လျှင်တောင် ဆုတောင်းတတ်သေးသည်မို့လား။ ဒုက္ခတရားနှင့် နီးလေလေ သူတို့ဘုရားသခင်ကို ပိုတ,ကြလေ။

ယခု သူတို့ ကျောင်းအရေး . . . ဘုရားသခင်ကကော ကယ်ပါ့မလား။



(3)

(Hero University) အား ရပ်ဆိုင်းရန် ကြော်ငြာစာကပ်ပြီး ဒုတိယမြောက်နေ့ဖြစ်သည်။

ကျောင်းဝန်းထဲ၌ သစ်ရွက်တွေ ပိုကြွေလာသည်ဟု ထင်ရသည်။ ကျောင်းသားများသည် ထိုနေရာတစ်စု၊ သည်နေရာတစ်စု စုဆေးကာ အကြောင်းအရာတစ်ခုထဲကို ပူဆွေးစွာ ပြောဆိုနေကြသည်။ အဆောင်နေ ကျောင်းသားတချို့သည် သေတ္တာများ၊ အထုပ်အပိုးများကို အဆောင်အတွင်းမှ ရွှေ့ထုတ်နေကြသည်။

တချို့ ကျောင်းနံရံများတွင် အမှတ်တရစာတမ်းများကို နောက်ဆုံးအနေနှင့် ရေးခြစ်နေကြသည်။ စာသင်နေသော မေဂျာများရှိသော်လည်း ကျောင်းသားများသည် စာထဲတွင် ရာနှုန်းပြည့် အာရုံမရှိနိုင်ကြဘဲ ဖြစ်နေကြသည်။ စာသင်နေသော ဆရာများသည်လည်း ပြဋ္ဌာန်းစာအုပ်များနှင့်ကွယ်ကာ သက်ပြင်းများကို မှုတ်ထုတ်နေကြသည်။

နေရောင်ခြည်သည် ပိုမိုပြင်းရှ၍ သစ်ရွက်များလည်း ပို၍ ကြွေသက်နေပါသည်။ ကော်ရစ်တာတစ်ခုတွင် ခြေထောက်ဆင်းချကာ ဆိုင်နှန်ထိုင်နေမိသည်။ ကျောင်းတစ်ခွင်ကိုလည်း ကြည့်နေမိသည်။ အရာရာ



www.burmeseclassic.com

www.burmeseclassic.com

ကို ရင်ဆိုင်ဝံ့သူပမာ ခိုင်မတ်နေသော ကျောင်းဆောင်များ၏ နံရံတွေသည် ယနေ့အဖို့တော့ အလွမ်းငွေ့များကို တအူအူ ထုတ်လွှင့်နေသည်ဟု ဆိုင်မွန်ထင်နေမိသည်။

"မြို့ကြီးက တက္ကသိုလ်တွေက ပညာရေးစရိတ် ဒီလောက်မြင့်မားတာ ငါတို့မြို့လေးက လူငယ်တွေ ဘယ်တက်နိုင်မှာလဲကွ"

"မလုပ်နိုင်ဘူး။ မိသားစုတွေနဲ့ ခွဲခွာပြီး ရေခြားမြေခြားမှာ ပညာသွားသင်ဖို့ ငါ မလုပ်နိုင်ဘူး။ နောက်ပြီး ငါတို့က ကျောင်းချိန်ပြင်ပမှာ လုပ်ငန်းခွင်တွေဝင်ပြီး မိသားစုအရေးအတွက် အလုပ်တွေလုပ်ကြရသေးတာမို့လား။ ငါတို့မရှိရင် ငါတို့မိသားစုတွေ အခက်အခဲတွေနဲ့ ရင်ဆိုင်ရမှာပဲ။ နောက်ပြီး သူတို့နဲ့ အဝေးမှာရှိနေမဲ့ ငါတို့အတွက် သူတို့ အမြဲစိတ်ပူပြီး လွမ်းဆွတ်နေရမှာပဲ။ ဒါကြောင့် ငါမြို့ကြီးက ကျောင်းတွေဆီ မပြောင်းနိုင်ဘူး"

"ဟုတ်တယ် . . . ငါကောပဲ။ ငါတို့မြို့က ငါတို့လို လူငယ်တွေရဲ့ လုပ်အားနဲ့ လည်ပတ်နေရတာပဲ။ ငါတို့မရှိရင် ငါတို့မြို့ကို ဘယ်သူစောင့်ရှောက်မှာလဲ။ ငါတို့မြို့ရဲ့ ဂေဟာစနစ်တွေ ပျက်ကုန်မှာပေါ့"

"သေချာတာကတော့ . . . ငါတို့ရဲ့ အစဉ်အလာကြီးမားတဲ့ တက္ကသိုလ်ကို ဒီလို အဆုံးမသတ်စေချင်ဘူး။ ဘိုးဘွားတွေက သမိုင်းကောင်းကောင်းနဲ့ တည်ထောင်ခဲ့တဲ့ တက္ကသိုလ်ပဲ။ ဒီတက္ကသိုလ်က ပညာတွေက ငါတို့အတွက် အမြဲမြင့်တယ်၊ လုံလောက်စေတယ်လို့ ငါ ယုံကြည်တယ်ကွာ"

"ဟုတ်တယ် . . ."

ကျောင်းသားလူငယ်တစ်သိုက်သည် ကော်ရစ်တာမှ လျှောက်လှမ်းရင်း သူတို့သဘောထားများကို တစ်ယောက်တစ်ခွန်း ပြောဆိုသွားကြလေသည်။ တစ်ယောက်တစ်ခွန်းဆိုသော်လည်း သူတို့ သဘောထားများသည် တစ်ထပ်တည်း တူညီနေကြသည်။



ဆိုင်မွန်သည် သူတို့ပြောသွားသော စကားများကိုကြားပြီး ရင်ထဲတွင် ပင်လယ်ကျောက်တုံးတွေကို ထမ်းထားရသလို လေးလံသွားသည်။ တကယ်ပဲ လူငယ်တစ်ယောက်အတွက် အချက်အချာကြသော တက္ကသိုလ်ကျောင်းသားဘဝကို စွန့်လွှတ်ရတော့မည်လား။ ထိန်းထားလျက်နှင့် ကိုယ့်ကိုယ်ကိုယ် ထိုသို့ ပြန်မေးမိသွားသည်။

"ဆိုင်မွန် . . . "

နောက်ကျောဘက်ဆီမှ ရွှေ့လွင့်လာသော ခေါ်သံဖြစ်သည်။ အသံကြားရုံနှင့် မည်သူမှန်းသိသော်လည်း ဆိုင်မွန် လှည့်ကြည့်လိုက်ပါသည်။

"ဂျက်စမင် . . . "

ဂျက်စမင်သည် သူ့၏ အိစက်ပျော့ပျောင်းသော ဆံနွယ်များကို အဝါရောင် ဆံကုပ်ကလေးဖြင့် သိမ်းနှောင်ထားသည်။ ခြေချင်းဝတ်ဆီအထိ သွယ်လျရှည်လျားနေသော အဖြူရောင်ဂါဝန်ရှည်ကို ဝတ်ဆင်ထားသည်။ ပြီး ကော်ရစ်တာတွင် လေညွှန်တိုင်လေးတစ်ခုလို ရပ်၍နေသည်။

ဆိုင်မွန် ပြုံးမိသွားသည်။ မည်သည့်စိတ်နာကျင် ရှုပ်ထွေးစိတ်များနှင့်ကြုံကြုံ သူမနှင့် မျက်ဝန်းချင်းဆိုင်မိတိုင်း သူ ငြိမ်းအေးစွာ အလိုလိုပြုံးဖြစ်ခဲ့သည်။

ဆိုင်မွန် ဂျက်စမင်၏ ဘေးဘီဝဲယာကို ဝေ့ကြည့်အကဲခတ်ရသေးသည်။ ခါတိုင်း ဂျက်စမင့်ဘေးမှာ အခြွေအရံအစောင့်အရှောက်များပါလာတတ်သောကြောင့် ဖြစ်သည်။

"ငါ တစ်ယောက်တည်းလာတာပါ . . . ဆိုင်မွန်"

ဆိုင်မွန် ခေါင်းညိတ်ပြ၍ ငြိမ်သက်စွာကြည့်နေသည်။ သူမက သူ့နံဘေးမှာ လာ၍ထိုင်သည်။

ဂျက်စမင်သည် ကျောင်းတော်၏ မျက်နှာစာမှ အကွဲ[illegible]ပုလုလေးဖြစ်သည်။ ကျောင်းတော်သားလူငယ်တို့၏ လက်ဖဝါးပေါ် တင်



www.burmeseclassic.com

www.burmeseclassic.com

ခွင့်ရချင်စရာ ကျောက်ခတ်ပွင့်ပြာလေးဖြစ်သည်။ ဆိုင်မွန်နှင့် ရည်းစားဖြစ်သောအခါ လွန်စွာလိုက်ဖက်ညီသော စုံတွဲအဖြစ် အများက သတ်မှတ်ကြလေသည်။

သို့သော် ဂျက်စမင်၏အဖေကတော့ ဆိုင်မွန်အပေါ် လုံးဝအမြင်မကြည်ပေ။ အမြဲတစေလည်း သဘောဆိုးနှင့် စောင့်ကြည့်နေတတ်သည်။ လူလတ်တန်းစားများသော သူတို့မြို့လေးမှာ ဂျက်စမင်တို့မိသားစုကတော့ ကြွယ်ဝသူများဖြစ်သည်။ ဂျက်စမင်၏ အဖေမျက်လုံးထဲတွင်တော့ ဆိုင်မွန်သည် ကျောမွဲတစ်ကောင်ပင် ဖြစ်နေတော့သည်။

ဆိုင်မွန်နှင့် ရည်းစားဖြစ်မှန်း သိပြီးကတည်းက ဂျက်စမင်၏ဖခင်သည် ဂျက်စမင်ကို အစောင့်အရှောက်များနှင့်သာ အမြဲသွားလာစေတော့သည်။ ထို့ကြောင့် သူတို့ရည်းစားဘဝသည် အေးဆေးစွာ တွေ့ဆုံရခြင်းမရှိ။ ငြိမ်းချမ်းစွာ ပြောဆိုရခြင်းမရှိဘဲ ဖြစ်သလို ဖြတ်သန်းခဲ့ရချေသည်။

စာသင်ခန်းအတွင်း အားလပ်ချိန် တဒင်္ဂများ၌ လှမ်းငေးရုံ၊ သူငယ်ချင်းများ၏ အကူအညီနှင့် စာပေးစာယူ လုပ်ရုံလောက်မျှဖြင့်သာ ရည်းစားဘဝ ခေါင်းစဉ်အောက်တွင် နေခဲ့ရသည်။

ယခု ဂျက်စမင့်အားဘီဝဲယာမှာ ဘာအစောင့်အရှောက်မှ ရှိမနေခြင်းသည် ဆိုင်မွန့်အတွက် ကံကောင်းမှုတစ်ရပ်ပင်ဖြစ်သည်။ သို့သော်သည်နေ့သည် အလွမ်းသယ်ဖို့သော်လည်းကောင်း၊ ချစ်ရေးချစ်ရာ စကားဆိုဖို့သော်လည်းကောင်း သာယာနာပျော်ဖွယ် မကောင်းလှပေ။ ပူပြင်းသော နေအောက်မှ တလွင့်လွင့်ကြွေနေသော သစ်ရွက်များနှင့် ဖွဲ့စည်းထားသော နွေရိုင်းတစ်ရက်ပင် ဖြစ်ချေသည်။

ညှိုးငယ်သော နှုတ်ခမ်းတစ်စုံနှင့် ယို့ယို့ကျို့ကျို့ထိုင်နေသော ဂျက်စမင်၏လက်ထဲတွင် တိုက်ခတ်သောလေကြောင့် တဖျပ်ဖျပ်ခါလွင့်နေသော စာရွက်လေးတစ်ရွက်ရှိနေသည်။ ထိုစာရွက်လေးကို ဆိုင်မွန်ကြည့်မိချိန်မှာပဲ သူမထံမှ စကားတချို့ ထွက်လာခဲ့သည်။



"ဒါ ကျောင်းပြောင်းခွင့် လျှောက်လွှာပေါ့။ ရုံးခန်းမှာ အခုမှဲ့ ပေးနေပြီလေ"

"ဟင် . . ."

ထိုသို့ 'ဟင်' လျက် သူ သူမကို ဖျတ်ခနဲ အလန့်တကြားကြည့်လိုက်မိသည်။ မျက်ရည်ဥကလေးတစ်စသည် ဂျက်စမင်၏မျက်လုံးတွင်းမှ လွယ်ကူလွန်းစွာ လျှော့ကျသွားသည်။

သူမ၏ မျက်ရည်စက်လေးကို လှမ်းသုတ်ဖယ်ပေးရန် သူအင်အားမဲ့နေသည်။ ပါးပြင်အဆုံးထိ စီးကျသွားခဲ့သော မျက်ရည်စလေးကို ကြည့်ရင်း သူ့ရင်တွေ စိမ့်ပြီး နာကျင်လာသည်။

"လူကုံထံတွေရဲ့ သားသမီးတွေပဲ မြို့ကြီးက တက္ကသိုလ်တွေဆီ သွားပါတော့။ ငါကတော့ ဒီတက္ကသိုလ်ကြီးပိတ်မှဲ့ နောက်ဆုံးရက်အထိ ဒီကျောင်းထဲမှာပဲရှိမယ်။ ပြီးရင်တော့ ဂျုံခင်းတွေထဲမှာပဲ ငါတို့ဘဝကို မြှုပ်နှံရတော့မှာပေါ့"

အနာဂတ်ကိုမြင်ယောင်ကာ စိတ်ရင်းအတိုင်းပြောသည့် စကားလား၊ စကားနာထိုးကာ ပြောမိသည့် စကားလား။ သူ ဝေဝါးလျက်ရှိသည်။

ဂျက်စမင်သည် မျက်ဝန်းများကို မော့၍ ကျလုဆဲမျက်ရည်များကို ထိန်းသည်။

"ငါလည်း ငါ့အဖေဆန္ဒကြောင့် ပြောင်းရမှာပါ။ ငါလည်း ဒီတက္ကသိုလ်ကို သိပ်ချစ်ပါတယ်။ နင့်ကိုလည်း မခွဲနိုင်ပါဘူး။ ငါ့သဘောထားတွေကို နင်နားလည်ပေးဖို့ မျှော်လင့်ပါတယ်"

စကားအဆုံးတွင် ဂျက်စမင်သည် ငိုကြွေး၍ သူ့အနားမှ ပြေးထွက်သွားလေတော့သည်။ ပြေးထွက်သွားသော ချစ်သူကို ဒီအတိုင်းငေးကြည့်ရုံသာ တတ်နိုင်ခဲ့သောဘဝ။

အား . . . ဟု စိတ်ကိုဖွင့်ကာ သူ အော်ဟစ်ပစ်လိုက်သည်။ ကျောင်းနံရံအထပ်ထပ်ဖြင့် ပဲ့တင်ကာ သူ့အသံသည် အဝေးဆုံးအထိ ပြေးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခဏအကြာတွင် ဆိုင်မွန့်အနားသို့ ဘော့ပါနှင့် ဘီဒီရောက်လာသည်။ ဘီဒီ၏ လက်ထဲတွင် စာရွက်တွေ အထပ်လိုက်ပါလာသည်။ ကျောက်ပြောင်းခွင့် လျှောက်လွှာတွေဖြစ်သည်။

"ဘာလို့ ကျောင်းပြောင်းခွင့်လျှောက်လွှာတွေ အများကြီးယူလာတာလဲ"

ဆိုင်မွန့်အမေးကို ဘီဒီက ခင်ပြင်းပြင်းရယ်ပြီး . . .

"ဘယ်သူ့မှမလိုချင်တဲ့ စာရွက်တွေဆိုတော့ ရုံးခန်းမှာလည်း မျက်စိရှုပ်စရာ ကောင်းပါတယ်။ ဒါကြောင့် မြောင်းထဲလွှင့်ပစ်ရအောင် ယူလာတာပါ . . . ဟား . . . ဟား"

ပြောပြောဆိုဆိုပဲ ဘီဒီသည် လျှောက်လွှာစာရွက်များကို ကော်ရစ်တာအောက်က ရေဆိုးမြောင်းထဲသို့ ကြဲချလိုက်တော့သည်။ ဆိုင်မွန်သည် ဘီဒီ၏ ပြတ်သားသောလုပ်ရပ်ကို သဘောကျစွာ ပြုံးမိသည်။

ဘော့ပါကလည်း . . .

"ရုံးခန်းထဲက စာရေးကြီး မစ္စတာဝုဖ်ပြောတာတော့ အခုထိ ကျောင်းပြောင်းခွင့်လျှောက်လွှာလာယူတဲ့သူ (၁၀)ယောက် မပြည့်သေးဘူးဆိုပဲကွ။ အဟင်း . . . ဒီလိုပဲ ဖြစ်မှာပေါ့လေ"

ကျောင်းသားဦးရေ တစ်ထောင်ခန့်ရှိသော သူတို့တက္ကသိုလ်အတွက်တော့ ဤဖြစ်ရပ်သည် လွန်စွာ ရယ်စရာကောင်းလှသည်။ ဘော့ပါပြောသည့် သတင်းကြားတော့ ဘာကြောင့်မှန်းမသိ ဆိုင်မွန်အလိုလို အားရှိသွားသည်။ တစ်ဆက်တည်းပဲ တစ်နေရာရာကိုသွားရန်လည်း စိတ်ကူးရသွားမိသည်။ သို့နှင့် ချက်ချင်းထ၍ ခြေလှမ်းပြင်လိုက်တော့သည်။

"ဘယ်သွားမလို့လဲ . . . ဆိုင်မွန်"

"ပါမောက္ခ ဂျွန်ဗက်ဆဲလ် ဆီ . . ."

ꕤ ꕤ ꕤ



# [ ၆ ]

မိန်းကလေးက မေးဖျားကို လက်ချောင်းများနှင့် ပုတ်ကာစွာကာလုပ်ရင်း မေးခွန်းရှာနေသည်။ သူကတော့ သူမထံမှ မေးခွန်းကိုနားစွင့်ရင်း ဗိုင်ကို အရသာခံသောက်နေလိုက်သည်။ မိန်းကလေး၏ လင်းလက်သော မျက်ဆံနက်ကလေးတွေကိုလည်း စိတ်ဝင်စားစွာ ငေးနေမိသေးသည်။

"ရှင်တို့ကျောင်းမှာ ချစ်ရေးချစ်ရာကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ကော ဘယ်လိုအခြေအနေမျိုးတွေရှိလဲ"

"ကြားရင် ဖျားသွားမယ် . . . မြို့ကြီးသူရဲ့"

သူမသည် မြို့ကြီးသူဆိုသော အသုံးအနှုန်းဖြင့် ခေါ်ခံရသဖြင့် အနည်းငယ် အောင့်သက်သက်ဖြစ်သွားသည်။ သို့သော် သူဆက်ပြောသော အကြောင်းအရာတို့ကတော့ သူမအတွက် စိတ်ဝင်စားဖွယ်ကောင်းနေလေတော့သည်။

"ခင်ဗျားတို့မြို့ကြီးက ကလပ်တွေလို တစ်ယောက်နဲ့တစ်ယောက် ပွတ်သီးပွတ်သပ်ကကြ၊ ဖန်ခွက်ချင်းတိုက်ပြီး မျက်စမျက်နပြလိုက်တာနဲ့ ချစ်သူတွေဖြစ်သွားကြတဲ့ ပုံစံမျိုးတော့ ကျွန်တော်တို့မြို့မှာ မရှိဘူးဗျ"

အချဉ်ပေါက်နေတဲ့ သူ့ဝေဖန်ချက်ကို ကောင်မလေးကသဘောကျစွာ တသော့သော ထရယ်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဟား . . . ဟား . . . ရှင်ကတော့ ပြောတော့မယ် . . . ကဲ . . . ကဲ . . . ဆက်ပါဦး"

"အင်း . . . ကျောင်းမှာ ရှေးကျောင်းသားကြီးတွေ စတင်ပြုမူခဲ့တဲ့ ချစ်ရေးချစ်ရာ အစဉ်အလာတွေ ရှိတယ်ဗျ။ အဲဒီအစဉ်အလာအရ ကျောင်းမှာ သမီးရည်းစားစုံတွဲတွေကို လက်ဝဲစုံတွဲနဲ့ လက်ယာစုံတွဲဆိုပြီး ခွဲခြမ်းထားတယ်"

"အင်း . . ."

"လက်ဝဲစုံတွဲဆိုတာ ခပ်ညံ့ညံ့စုံတွဲတွေပေါ့။ ဖြစ်လွယ်ပျက်လွယ်တွေ၊ ပေါ့ပျက်ပျက်နဲ့ ဟော့ဟော့ရမ်းရမ်း စုံတွဲတွေ၊ အများအထင်သေးစရာကောင်းတဲ့ စုံတွဲတွေပေါ့။ လက်ယာစုံတွဲတွေကိုကျတော့ မြင့်မြတ်တဲ့ စုံတွဲတွေ၊ ကျောင်းသားအပေါင်းက ကောင်းချီးပေးတဲ့ စုံတွဲတွေ။ ကြည်နူးစရာကောင်းပြီး တစ်ဦးနဲ့တစ်ဦး အမှန်တကယ် ချစ်မြတ်နိုးလို့တွဲတဲ့ စုံတွဲတွေအဖြစ် သတ်မှတ်ကြတယ်"

"ဩော် . . . ဩော် . . . စိတ်ဝင်စားစရာပဲ။ ဘယ်လို စံထားမှုတွေနဲ့ အဲဒီလို လက်ဝဲလက်ယာ ခွဲခြားတယ်ဆိုတာပဲ"

"ပြောပြမှာပေါ့ . . . မြို့ကြီးသူရဲ့။ ကျွန်တော်တို့တက္ကသိုလ်ရဲ့ အနောက်ဘက်မှာ စိမ့်စိမ့်းရေအိုင်တစ်အိုင် ရှိတယ်ဗျ။ ဆောင်းရာသီဆိုရင် သိပ်ကိုအေးတာပေါ့ဗျာ။ လက်ယာစုံတွဲအဖြစ် သတ်မှတ်ခံလိုတဲ့ စုံတွဲတွေက အဲဒီကန်ထဲမှာ ခေါင်းဖော်ပြီး လက်တွဲပြီး စိမ်နေပြရတယ်ဗျ။ ကျောင်းသားကြီးတွေက အဲဒီစုံတွဲကို စောင့်ကြည့်ကြတာပေါ့ဗျာ။ တစ်နေကုန် အဲဒီအေးစက်နေတဲ့ ရေထဲမှာ အစိမ်ခံပြပြီးရင်တော့ . . ."

"လက်ယာစုံတွဲ ဖြစ်ပြီပေါ့"

မိန်းမလေးက လက်ညှိုးလေးထောင်ကာ စကားထောက်သည်။ သူကတော့ ခေါင်းအသာယမ်းပြပြီး . . .

"မဖြစ်သေးဘူးဗျ . . . ကျန်သေးတယ်။ ကျွန်တော်တို့ကျောင်းရဲ့ အနောက်တောင်ဘက်မှာ နွေဆိုရင် သိပ်ပူတဲ့ ကျောက်တောင်မြင့်



ကြီးတစ်ခုရှိတယ်။ ပူလိုက်တာမှ ပရိုမီးသီးယပ်က ဇုနတ်မင်းမသိအောင် ကမ္ဘာမြေကို မီးခာတ်ပြန်ခိုးယူလာတုန်း အဲဒီတောင်ပေါ် မီးစက်တွေ၊ မီးပွားတွေ ဘာတွေ ကျခဲ့လား မသိပါဘူး။ အဲ့လောက်ကို ပူတယ်"

"ဟုတ်ပါပြီ . . .။ ဒီတော့ လက်ယာစုံတွဲအဖြစ်သတ်မှတ်ခံလိုတဲ့ စုံတွဲတွေက အဲဒီတောင်ပေါ် သွားနေပြရပြန်ရောပေါ့ . . . ဟုတ်လား"

"ဟား . . . ဟား . . . အဟုတ်ပဲဗျို့။ ခင်ဗျားတောင် ကျွန်တော်နဲ့ပေါင်းပြီး ဉာဏ်တွေကောင်းလာပြီ။ တော်တယ် . . . တော်တယ်"

ကောင်မလေး မဲ့ပြုံးလေး ချိတ်သွားသည်။ ဘယ့်နှယ် . . . ချီးကျူးပေါက်ကလည်း ထောင့်ကိုမကျိုး။

"ကဲ . . . ကဲ . . . အဲဒါနဲ့ အဲ့ဒီပူပြင်းတဲ့ တောင်ပေါ်မှာနေပြီးရင်တော့ လက်ယာစုံတွဲဖြစ်ပြီပေါ့ . . . ဟုတ်လား"

"အဲဒါတော့ မဟုတ်သေးဘူးဗျ။ နောက်တစ်ဆင့် ကျန်သေးတယ်"

သူက သူ့ဆားတွင်ချထားသော တုတ်တိုလေးကို ကိုင်ကာလှည့်ရင်း ဆက်ရှင်းပြသည်။

"ကျွန်တော်တို့ကျောင်းရဲ့ တောင်ဘက်မှာ တောင်ကြားလမ်းတစ်ခုရှိတယ်။ ကျောက်တုံးတွေ ကျောက်ချွန်တွေ မာကြောရုန့်ရှ
ထိုးထွက်နေတဲ့ မရဏလမ်းရိုင်းကြီးပေါ့ဗျာ။ တော်ရုံလူတွေ တော်ရုံကိစ္စနဲ့ အင်မတန်သွားဖို့ ဝန်လေးတဲ့လမ်းပဲ။ ဒါပေမဲ့ အဲဒီလမ်းအဆုံးမှာတော့ နတ်ကွန်းကြီးတစ်ခုရှိတယ်။ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနှင့်နေခဲ့တဲ့ နတ်ကွန်းအိုကြီးပေါ့။ အဲဒီနတ်ကွန်းအိုကြီးကို ဖူးစာရေးနတ်ကွန်းလို့ ခေါ်တယ်"

"ဩော် . . . အဲဒီတော့ အဲဒီနတ်ကွန်းဆီရောက်အောင် လမ်းဆိုးလမ်းကြမ်းကြီးကိုဖြတ်ပြီး သွားနိုင်ရင် လက်ယာစုံတွဲဖြစ်ပြီပေါ့"

ကောင်မလေးက သူ့နှင်းဆီရောင် ဆံနွယ်တစ်ခုကို လက်ဖြင့် သပ်ချရင်း သူ့ထုံးစံအတိုင်း စောဒကတက်သည်။ သူကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . နတ်ကွန်းကြီးဆီရောက်ရင် ဆုတောင်းကြ။ ပြီးတော့ နတ်ကွန်းကြီးရဲ့ အနောက်ဘက်မှာ ကျောက်တောင်နံရံကြီးရှိတယ်။ အဲဒီနံရံကို 'ပေါင်းစည်းခြင်းနံရံ' လို့ခေါ်တယ်။ အဲဒီနံရံမှာ ရှေးတုန်းက ကျောင်းသားတွေ ဆွဲခဲ့တဲ့ အပေါင်းလက္ခဏာတွေရှိတယ်။

အဲဒီအပေါင်းလက္ခဏာတွေရဲ့ တစ်ဖက်တစ်ချက်မှာ လက်ယာစုံတွဲဖြစ်ချင်တဲ့ ကောင်လေးနဲ့ ကောင်မလေးက ပုံလေးတွေ ဆွဲပေးကြရတယ်။ ဥပမာ ကျွန်တော်က အပေါင်းလက္ခဏာရဲ့တစ်ဖက်မှာ ချိုးငှက်ပုံလေး ဆွဲလိုက်တယ်ဆိုပါတော့။ ကျန်တဲ့တစ်ဖက်မှာ ခင်ဗျားက ဘာပုံဆွဲသင့်တယ် ထင်လဲ"

"သံလွင်ခက်ပုံ ဆွဲသင့်တာပေါ့"

သူ ပြုံးကာ သူမမျက်လုံးထဲအထိ ပျော်ဝင်စွာ ကြည့်မိသည်။

"အဟား . . . ခင်ဗျား တော်တာပဲ။ မြို့ကြီးသူလို့ မပြောရဘူး။ အဲဒီလို လိုက်ဖက်ညီတဲ့ ပုံလေးတွေဆွဲပြီးရင်တော့ ကျွန်တော်တို့နှစ်ယောက်ကို လက်ယာစုံတွဲအဖြစ် သတ်မှတ်လို့ ရပြီပေါ့။

ပြီးတော့ ကျွန်တော်တို့နှစ်ယောက်ကို အတူတွဲတွေ့တဲ့အချိန်တိုင်း နာမည်ရင်းကို မခေါ်ကြတော့ဘဲ 'သံလွင်ခက်နဲ့ ကိုချိုးငှက်' စုံတွဲလို့ပဲ ခေါ်ကြလိမ့်တော့မယ်ဗျို့။ ကဲ . . . အဲဒါ ကျွန်တော်တို့ကျောင်းရဲ့ လှပတဲ့ ချစ်ရေးချစ်ရာ ထုံးတမ်းအစဉ်အလာတွေပါပဲဗျာ"

"အင်း . . ."

မိန်းကလေးက ခေါင်းတညိတ်ညိတ်လုပ်သည်။ အတန်ငယ်ကြာအောင်လည်း အတွေးနယ်ချဲ့သေးသည်။ ပြီးမှ . . .

"ရှင်တို့ဓလေ့စရိုက်တွေကလည်း သူ့ဟာနဲ့သူတော့ လှပချစ်စရာကောင်းပါတယ်။ ဒါပေမဲ့ နည်းနည်းရှုပ်ထွေးသလိုပဲ"

ကောင်မလေး၏ မှတ်ချက်စကားကို သူက ပခုံးတွန့်ပြခြင်းဖြင့် တုံ့ပြန်လိုက်သည်။ ပြီးမှ . . .



"တကယ်တော့ ခင်ဗျားပြောခိုင်းလို့သာ ပြောရတာ အဲဒီချစ်ရေးချစ်စရာအကြောင်းတို့၊ ရည်းစားသနာအကြောင်းတို့ ပြောရရင် ကျွန်တော်က သိပ်ပါးစပ်ရှက်တတ်တာ။ အထူးသဖြင့် ကျွန်တော်က မိန်းကလေးတွေကို ကြိုက်စရာလို့ကို မမြင်မိဘူး"

"အောင်မာ . . ."

ကောင်မလေး၏ မျက်လုံးများ ထောင်းခနဲ ဝင်းသွားသည်။

"ရှင်စကားပြောတာ တော်တော် အမြင်ကတ်ဖို့ကောင်းတာပဲ"

"ဘုရားရေ . . ."

သူ ကြောင်အမ်းအမ်း မျက်နှာတည်ကြီးနှင့် ဘုရားတပစ်လိုက်သည်။ ပြီးမှ ပြုံးဖြီးဖြီးမျက်နှာ ပြန်ဖြစ်လာပြီ။

"ကျွန်တော့်အဖေကိုလည်း ကျွန်တော့်အမေက အမြင်ကပ်တယ်လို့ ပြောခဲ့ဖူးတယ်ဗျ။ ဒါပေမဲ့ အဲဒီလိုပြောပြီး တစ်နှစ်အကြာမှာပဲ သူတို့လက်ထပ်လိုက်ရရောတဲ့။ အဖေပြန်ပြောပြလို့ ကျွန်တော်လည်း သိရတဲ့ကိစ္စပါ။ အခု ခင်ဗျားကလည်း ကျွန်တော့်ကို အမြင်ကပ်တယ်ဆိုတော့ မတော်တဆ ကျွန်တော့်အဖေလို ကျွန်တော်လည်း ခင်ဗျားနဲ့ တစ်နှစ်အတွင်း လက်ထပ်ရတော့မှာလား"

"ဘာရှင့် . . ."

"ကဲဆိုတာ မျိုးရိုးတော့ မလိုက်တတ်လောက်ပါဘူးနော်"

"တော် . . . တော် . . . ရှင့်ပါးစပ် ပိတ်ထား။ ရှင့်အသံ မကြားချင်ဘူး"

နှင်းဆီရောင်မိန်းကလေးသည် ဆောင့်ဆောင့်အောင့်အောင့်နှင့် အော်ပြီး ဟိုဘက်လှည့်ကာ နှုတ်ခမ်းဆူနေလိုက်တော့သည်။ ပြီးတော့ ဘာရယ်ကြောင့်မှန်းမသိ ရယ်ချင်စိတ်တစ်ဝက်နှင့် ကြည်နူးစွာ အိခနဲ့ သူ မမြင်အောင် ပြုံးချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

## (4)

စိမ်းယိမ်းနေသော သစ်ရွက်ရှည်များ၊ ဖြူလွလွနေသော ပန်းပွင့်များဖြင့် တရုတ်စံကားပင်ကြီးသည် ရှုချင်စဖွယ် ရှိနေပါသည်။ မသွေ့ခြောက်ပါဘဲ ကြွေလွင့်ကျနေသော တရုတ်စံကားပွင့်ကလေးများသည် မည်သည့်အစိပ္ပာယ်ကို ဆောင်သနည်း။ ကောင်းကင်သည် စွန့်ပစ်ခြင်းခံရ၍ အားငယ်နေသူတစ်ဦးလို တိတ်ဆိတ်အုံ့ဆိုင်းနေသည်။ တိုက်ခတ်နေသောလေထဲတွင် အအေးစက်ကလေးများ ပါလာသည်ဟု ခံစားရသည်။

စံကားပွင့်များ တစ်ပွင့်ပြီးတစ်ပွင့် လွင့်ကြွေ . . .။

ထိုတရုတ်စံကားပင်အောက်မှာတော့ လူသုံးယောက်။

တစ်ယောက်သောသူသည် ဝိုးချဲလ်ခေါ် တွန်းလှည်းကုလားထိုင်နှင့် ဖြစ်သည်။ မွဲခြောက်ခြောက်အဖြူရောင် ဆံပင်များ ဖရိုဖရဲလှိုင်းထနေသည်။ စိုပြည်မှုချို့တဲ့သော အသားအရေနှင့်။ ထိုသူသည် ပါမောက္ခဂျွန်ဗက်ဆဲလ်။

နောက်တစ်ဦးမှာတော့ တွန်းလှည်းအနောက်တည့်တည့်တွင် ရပ်နေသော ရှည်လျားသော်လည်း ပိန်လှီလွန်းသဖြင့် ညွတ်ကိုင်းနေသယောင် ထင်ရသော ခန္ဓာကိုယ်အချိုးအစားနှင့် ဆရာဝင်ချက်ရှိလာဖြစ်သည်။



ကျန်သည့်တစ်ဦးမှာတော့ ဆိုင်မွန်။

ဆိုင်မွန်သည် ပါမောက္ခဂျွန်ဗက်ဆဲလ်၏ တွန်းလှည်းနောက်မှီသည့် နေရာတွင် လက်ထောက်ကာ ဆရာဝင်ချက်ရှိလာကို ကြည့်လိုက်သည်။

ဆရာဝင်ချက်ရှိလာက . . .

"လာ . . . ဟိုသစ်မြစ်ပေါ်ထိုင်ပြီး ပြောတာပေါ့"

ဟု အနီးရှိ အခြားသစ်ပင်တစ်ပင်ကို ညွှန်ရင်း ပြောလိုက်သည်။

ပါမောက္ခဂျွန်ဗက်ဆဲလ်သည် လွန်ခဲ့သည့် သုံးလခန့်က အပြင်းဖျားရာမှ ခဏပြန်ကောင်းလာပြီး မကြာခင်မှာပဲ လေဖြတ်သွားခဲ့ခြင်းဖြစ်သည်။ လမ်းလျှောက်၍ မရတော့သည့်အပြင် နှုတ်ခမ်းများ၊ ပါးများပင် ရွဲ့သွားခဲ့၍ ယခုထိ စကားပီသအောင် ပြန်ပြောနိုင်စွမ်းမရှိသေးချေ။

နားများသည်လည်း လွန်ခဲ့သည့် တစ်နှစ်ခန့်ကမှ စတင်ချို့ယွင်းခဲ့ကာ သာမန်ထက် နှစ်ဆမက အော်ပြောမှ ကြားနိုင်ချေရှိတော့သည်။ ထိုသို့ မပြောရ၊ မကြားရ၊ ဟိုဟိုသည်သည် လှုပ်ရှားသွားလာခရသဖြင့် စိတ်ကျရောဂါပင် စွဲကပ်သလိုဖြစ်ကာ နောက်ပိုင်းကာလများတွင် လွန်စွာ တိတ်ဆိတ်စွာ နေတတ်လာသည်။

ယခုလည်း တရုတ်စံကားပင်ကြီးအောက်တွင် ဒိုင်ယာရီစာအုပ်ကလေးကို ပေါင်ပေါ်တင်ဖွင့်ကာ စာတချို့ ရေးသားနေလေသည်။ သည်လို လက်များက စာရေးနိုင်ရန် လှုပ်ရှားနိုင်သည်မှာပင် သူ့၏ လက်ကျန်ကံကောင်းမှုတစ်ခု ဖြစ်နေနိုင်ပေ၏။

အပွေးများဖြင့် မာကျောကောက်ထွက်နေသည့် သစ်မြစ်ဆုံကြီးပေါ်တွင် ဆရာတပည့်နှစ်ယောက် ထိုင်ဖြစ်ကြသည်။

"ဆရာဂျွန်ဗက်ဆဲလ် . . . သိပြီးပြီလား ဆရာ"

ဆရာဝင်ချက်ရှိလာက ခေါင်းယမ်းပြသည်။ ဂျွန်ဗက်ဆဲလ်၏ ရောဂါအခြေအနေအရ စိတ်ပြင်းထန်စွာ လှုပ်ရှားသွားနိုင်သော သတင်းမျိုးကို ခံနိုင်ရည်ရှိမည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com

"အသိမပေးထားဘူး . . . ဆိုင်မွန်။ အသိပေးလိုက်ရင် သူ့ရောဂါ တစ်ဆင့်ထပ်တိုးသွားရုံကလွဲလို့ ဘာမှ အကျိုးရှိမယ်မထင်ဘူး"

ဒါတော့ ဆိုင်မွန်လည်း ခေါင်းညိတ်မိသည်။ အကယ်၍ ဂျွန်ဗက်ဆဲလ်သာ ကျန်းမာရေးကောင်းနေပါက ယခုလို ကျောင်းတော်၏ ကြီးမားသော ပြဿနာကြီးကို သူ ရအောင်ဖြေရှင်းမည်။

သူ့တက္ကသိုလ်ကို ဆက်လက်တည်မြဲစေရန် အစွမ်းကုန် ကာကွယ်မည့်သူလည်းဖြစ်သည်။ ဂျွန်ဗက်ဆဲလ်က ထိုသို့ စိတ်ဓာတ်ရှိသူဖြစ်သည်။ ထို့ကြောင့် ကျောင်းသားကျောင်းသူများကလည်း ရိုသေချစ်ကြောက် လေးစားကြခြင်းဖြစ်သည်။ ဆိုင်မွန်သည် သိချင်စိတ်ထောင်းထောင်းထနေသည့် မေးခွန်းများကို မေးတော့သည်။

"ဘာလို့ ကျွန်တော်တို့ကျောင်းကို ရပ်ဆိုင်းဖို့ ဆုံးဖြတ်ရတာလဲ . . . ဆရာ။ ဘာဖြစ်လို့လဲ"

"အစိုးရကတော့ ငါတို့ကျောင်းရဲ့ ပညာရေးပုံစံတွေ နိမ့်ကျနေပြီလို့ ယူဆတာကြောင့်ပဲ။ ဒါကြောင့် ကျောင်းသားတွေကို မြို့ကြီးက တက္ကသိုလ်တွေဆီခေါ်ပြီး သင်စေချင်တာပဲ။ မြို့ကြီးတွေကို ပြောင်းလာမှ ကျောင်းသားတွေအတွက် ပထမနစ်ဝက် ပညာသင်စရိတ် ထောက်ပံ့မယ်တဲ့။ တခြားပြည်နယ်တွေနဲ့ ယှဉ်လိုက်ရင် ငါတို့ပြည်နယ်က ကျောင်းသားတွေ ပညာရေးမညံ့ရအောင် ဒီလိုစီစဉ်လိုက်တာပဲ"

"ဒါပေမဲ့ ကျွန်တော်တို့မြို့လေးမှာ လူငယ်တွေ မရှိလို့ မဖြစ်ဘူးလေ . . . ဆရာ။ ပြီးတော့ ကျွန်တော်တို့ တက္ကသိုလ်ဟာ ကျွန်တော်တို့မြို့အတွက် ဘယ်လောက် သမိုင်းကြီးပြီး ကျွန်တော်တို့ ဘယ်လောက်ချစ်ရတယ်ဆိုတာ ဆရာအသိပဲ။ ကျွန်တော်တို့ ဒီတက္ကသိုလ်ကို စွန့်ခွာပြီးမသွားနိုင်သလို ဒီတက္ကသိုလ်ကို ရပ်ဆိုင်းပစ်ဖို့လည်း လက်ခံနိုင်စွမ်းမရှိဘူး ဆရာ"



ဆရာဝင်ချက်ရှိလာက ပါမောက္ခဂျွန်ဗက်ဆဲလ် လှုပ်မကြားစေရန်အတွက် စကားကို တိုးတိုးပြောရန် ဆိုင်မွန့်ကို မျက်ရိပ်ပြသည်။ ထိုမှ ဆိုင်မွန်လည်း စိတ်လှုပ်ရှားမှုနှင့် အသံကို ထိန်းချုပ်လိုက်ရသည်။

စကားပွင့်များသည် တစ်ပွင့်ပြီးတစ်ပွင့် . . . ထပ်ပြီး တစ်ပွင့်နောက်တစ်ပွင့် . . . လွင့်သက်ကြွေနေဆဲ . . . ။

"ဒါတွေအားလုံး ဆရာသိပါတယ် . . . ဆိုင်မွန်၊ ကျောင်းသားတွေအားလုံးရဲ့ ရင်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ ဆရာမြင်ပါတယ်။ ဒါပေမဲ့ . . . ဒါပေမဲ့ . . . ဆရာတို့မှာ ရွေးချယ်ခွင့်မှမရှိတာ"

"ပြည်နယ်ပညာရေးမှူး မစ္စတာကလေ့တန်ဟာ ကျွန်တော်တို့မြို့အကြောင်း ဂဃနဏမသိလို့သာ ဒီလိုအစီအစဉ်ချလိုက်တာ ဖြစ်မယ် ဆရာ။ ဒါကြောင့် သူ့အစီအစဉ်ကို ပြန်သုံးသပ်ကြည့်ပေးဖို့ ကျွန်တော်တို့ အယူခံဝင်ရင် မကောင်းဘူးလား . . . ဆရာ"

ဆိုင်မွန် တွေးမိသည့်နည်းလမ်းအတိုင်း ပြောချကြည့်လိုက်သည်။

"အယူခံ . . . "

ဆိုင်မွန့်စကားကို သံယောင်လိုက်ပြီး ဆရာဝင်ချက်ရှိလာက အနည်းငယ် တွေဝေသွားသည်။ အတန်ငယ်ကြာအောင် တွေဝေပြီးမှ ဖြည်းညင်းစွာ ခေါင်းခါလာသည်။

"မဖြစ်ဘူး . . . ။ ပါမောက္ခက ဒီလိုကျန်းမာရေးနဲ့ သူ ဘယ်လို ဦးဆောင်ပြီး အယူခံလွှာ တင်နိုင်မှာလဲ။ တို့ကျောင်းရဲ့ အုပ်ချုပ်ပုံဥပဒေကိုလည်း မင်းသိတာပဲ။ တစ်ကျောင်းလုံးကို ပါမောက္ခတစ်ယောက်တည်းက အုပ်ချုပ်ရတယ်။ သူ ဦးမဆောင်ရင် ကျောင်းရဲ့ ဒီလိုအရေးကြီးလှတဲ့ ကိစ္စမျိုးကို ဘယ်ဆရာမှ ဦးဆောင်လို့မရဘူး။ ကျောင်းသားတွေ လက်ခံမှာ မဟုတ်ဘူး။ ဦးဆောင်ပြီးလုပ်တဲ့ ဆရာကိုလည်း ပါမောက္ခ မကျန်းဖြစ်တုန်း ကျောင်းအုပ်နေရာကို ဝင်လုတယ်ဆိုပြီး အဆိုးမြင်တွေနဲ့ ရှုပ်ထွေးသွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဆရာပြောမှ သူ့အယူခံကိစ္စက တော်တော် စိတ်ညစ်စရာကောင်းသွားတော့သည်။

"နောက်ပြီး ဒီကိစ္စက ပြည်နယ်ပညာရေးမှူးမစ္စတာ ကလော့တန်နဲ့ ထိပ်တိုက်တွေ့ရမဲ့ကိစ္စ။ မလွယ်ဘူး။ ပါမောက္ခကလွဲရင် ဘယ်သူမှ မစွမ်းနိုင်လောက်ဘူး။ ကျောင်းသားတွေကိုယ်တိုင် လေးစားလက်ခံနိုင်လောက်တဲ့လူမှ မင်းပြောတဲ့ အယူခံကိစ္စကို အကောင်အထည်ဖော်နိုင်မှာပဲ။ မဟုတ်ရင်တော့ မနိုင်တဲ့ဓာတ်တစ်ခုကို ကမိသလိုပဲ ဖြစ်လိမ့်မယ်"

ဆရာဝင်ချက်ရှိလာ၏ ရှည်လျားသော စကားတို့က ဆိုင်မွန့်နားထဲ စိတ်ဓာတ်ကျဖွယ်ကောင်းစွာ စီးဝင်လာသည်။ ဒါဆို ဘာလုပ်ရမည်လဲ။

"ဒါ . . . ဒါဆို . . . ကျွန်တော်တို့ ကျောင်းကို စွန့်လွှတ်ရတော့မှာ သေချာနေပြီပေါ့"

မသေ့ခြောက်ဘဲ ကြွေသက်နေသော တရုတ်စကားတို့သည် မည်သည့်နိမိတ်ပုံတို့အား သယ်ဆောင်လာပါသနည်း။



ဆိုင်နာမည်က ကြမ်းသည်။ မသာရထား (Hearse)တဲ့။ အရက်သောက်ခြင်းသည် မသာရထားစီးရတာနှင့် တူသည်ဟု အဓိပ္ပာယ်ဖွင့်လိုခြင်း ဖြစ်ဟန်တူသည်။ ဆိုင်အမည်က ကြမ်းသလို ဤဆိုင်မှချက်လုပ်သော ယမကာများသည် ပြင်းထန်လွန်းသော အရသာရှိသည်။ ထို့ကြောင့် အရက်ပြင်းကြိုက်သူများ၏ ပါးစပ်ဖျားတွင် နာမည်ကြီးလေသည်။

ဆိုင်ကတော့ သိပ်ခမ်းနားလှသည်မဟုတ်ပေ။ အဝင်တံခါးကိုဗင် ဖျင်စညိုမွဲမွဲကြီးနှင့် ပိတ်ကာထားသည်။ ဆိုင်ထဲရောက်သွားလျှင်တော့ မျက်နှာကျက်မှာ ချိတ်ဆွဲထားသော မီးအိမ်များ၏ အလင်းနီဝါဝါများမှလွဲ၍ မည်းမှောင်နေသည်ကို တွေ့ရလိမ့်မည်။

အစီအစဉ်မရှိသော်လည်း စိတ်ညစ်တာနှင့် လမ်းကြုံတာနှင့် တိုက်ဆိုင်ပြီး ထိုဆိုင်ထဲသို့ ဆိုင်မွန် ဝင်ခဲ့သည်။ ဆိုင်ထဲ တစ်ချက်ဝေ့ကြည့်ရုံရှိသေး သူ သိလိုက်ရတော့သည်။ ဆိုင်ထဲတွင် သူလိုကိုယ်လိုဘတ္တသိုလ်ကျောင်းသားတွေချည်းပဲ ဖြစ်နေသည်။ ရီဝေနေသည့် မျက်လုံးများ ပြည့်နှက်နေကြသည်။ ဒါ ကောင်းသည့်ကိစ္စ လုံးဝမဟုတ်ချေ။

သူကသာ ဆိုင်ထဲရှိလူများကို တွေ့ခြင်းဖြစ်ပြီး ဆိုင်ထဲရှိလူများကတော့ သူ့အရှိန်နှင့်သူ ဆွဲနေကြလျက်ရှိသည်။ စိတ်ညစ်ညစ်နှင့် ဘားတွင်သွားထိုင်ကာ တစ်ခွက်မှာလိုက်သည်။ မှာပြီးမှ နံဘေးက ချိန်ချွန်နေဟန်ရှိသော ကျောင်းသားကိုကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . ."

"ဟာ . . . ဆိုင်မွန် . . ."

"မင်း . . . မင်း . . . ဂရင်း . . ."

ဂရင်းက တဟားဟားငိုကာ ဆိုင်မွန့်ပခုံးကို တဖုန်ဖုန်းပုတ်တော့သည်။ ပါးစပ်ကသာ တဟားဟားရယ်ပြီး မျက်လုံးမှ မျက်ရည်ကျလာသောကြောင့်ဖြစ်သည်။

ဆိုင်မွန်လည်း ဂရင်းကိုကြည့်ပြီး အံ့သြမိသည်။ ထို့အပြင် တုန်လှုပ်မိသည်။ ဂရင်းအကြောင်းကို သူကောင်းကောင်းသိသည်။

ဂရင်းသည် 'ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရားမေဂျာ' မှ ကျောင်းသားဖြစ်သည်။ နိုင်ငံတကာ နီတိများစွာကို အလွတ်ရသည့်အပြင် လေးစားလိုက်နာတတ်သည်။ သဘောထား အလွန်ပြည့်ဝသူဖြစ်သည်။ အရက်၊ ဆေးလိပ်နှင့်တကွ တခြား မကောင်းတာမှန်သမျှ ဘာတစ်ခုမှ မမှီဝဲတတ်။ တစ်ခါက ကျောင်းမှ ခွေးဝဲစားတစ်ကောင် သေတာကိုတောင် သေချာမြေမြှုပ်သင်္ဂြိုဟ်ပြီး ဘုရားကျောင်းမှာ တစ်နေကုန်အောင် သွားဆုတောင်းနေတတ်သည့်သူ။ နှစ်စဉ်နှစ်တိုင်း ယဉ်ကျေးမှုဆုကို မပြတ်တမ်းရရှိသူဖြစ်ချေသည်။

ယခု အရက်ဆိုင်မှာတွေ့တော့ ဆိုင်မွန် မျက်လုံးပြူးမိသည်ပေါ့။

"ဟာ . . . ဂရင်း . . . မင်း ဒါတွေ မသောက်တတ်ဘဲနဲ့"

"ဟား . . . ဟား . . . စိတ်ဓာတ်ကျလွန်းလို့ပါကွာ။ ငါ့ကျတော့ ပြောတယ်။ မင်းကကော သောက်တတ်လို့လား"

"ဟာ . . . ငါက သူငယ်ချင်းတွေ အတင်းတိုက်ရင် နည်းနည်းပါးပါး သောက်ပေးတာမျိုး ရှိပါသေးတယ်။ မင်းကျတော့မတူ . . ."

ဂရင်းက မျက်ရည်ဟောက်ပက်နှင့် ရယ်ပြန်သည်။

"ဘာမှ ထူးဆန်းမနေနဲ့ . . . ဆိုင်မွန်၊ ဒီမှာသောက်နေတာ ငါတစ်ယောက်တည်းမဟုတ်ဘူး။ အားလုံး ကျောင်းကလူတွေချည်းပဲ။ ဟော့ကောင်တွေ . . ."



ဆိုင်မွန့်ကိုပြောဆိုရင်းပင် ဆိုင်ထောင့်ကို လှမ်းအော်လိုက်သည်။ ထိုအော်သံကြောင့် ဆိုင်ထောင့်မှာ ခေါင်းငုံ့သောက်နေသည့် ကျောင်းသားနှစ်ယောက်ပင် ခေါင်းထောင်လာရုံမက တစ်ဆိုင်လုံးရှိ ကျောင်းသားများကပါ လှမ်းကြည့်ကုန်ကြသည်။

"ဟာ . . . ဒင်းန်နဲ့ ရစ်တာ"

ဆိုင်မွန် ရေရွတ်မိစဉ်မှာပဲ ဒင်းန်နဲ့ ရစ်တာတင်မက တခြားကျောင်းသားများပါ 'ဆိုင်မွန် . . .' ဟု ကြွေကွဲသံကြီးနှင့် အော်ကာပြေးလာကြတော့သည်။ ဆိုင်မွန့်အနား လူတွေဝိုင်းကုန်သည်။

ဒင်းန်နှင့်ရစ်တာက အနားရောက်တော့ ဆိုင်မွန့်ကိုဖက်ကာ ငိုကြသောက်ကြသည်။ ဒင်းန်နှင့် ရစ်တာသည်လည်း ယဉ်ကျေးမှု ဆုရထားသော ကျောင်းသားလိမ္မာများပင်ဖြစ်သည်။ အခုတော့ . . .

"မင်း . . . မင်းတို့ . . . ဘာလို့ ဒီလောက်သောက်နေကြတာလဲ"

"ငါ ပြောပြပါ့မယ်ကွာ"

"ငါ . . . ငါ အရင်ပြောမယ်ကွာ"

"ငါ စပြောမှာကွ"

မူးမူးရူးရူးနှင့် ငြင်းခုန်ကြသည်။ အားလုံးက အပြိုင်အဆိုင်အလုယက် ရင်ဖွင့်ချင်နေကြသည်။ ဆိုင်မွန် စိတ်ပျက်ပျက်နှင့် ကိုယ့်ရှေ့ရောက်လာသည့် ယမကာခွက်ကို ကောက်မော့လိုက်ရသေးသည်။

"ငါပြောပြမယ်၊ ဒီလို . . . ဆိုင်မွန်ရာ"

ဂရင်းအသံက အာလေးလျှာလေးနှင့်။ ဒင်းန်နှင့် ရစ်တာက ဆိုင်ထောင့်စားပွဲတွင် သောက်တုန်းက အကုန်မရှင်းလိုက်ရသည့် ပုလင်းများကို သွားပြန်ယူနေသည်။

ဂရင်းက မျက်လုံးဝဲဝဲကြီးနှင့် စကားဆက်သည်။

"ငါ့မိဘတွေ ဒီနှစ် ငွေစုနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . ."

"ခြစ်ကုတ်ပြီး စုနေကြတယ်ကွာ။ နေရာတကာ ချွေတာကြတယ်။ လယ်ထဲဆင်းရင်တောင် ဖိနပ်အပေါက်နဲ့ကွာ။ အသစ်ဝယ်စီးရင် ပိုက်ဆံကုန်လို့တဲ့။ ဟိုတစ်နေ့ကဆို အဲဒီဖိနပ်ပေါက်ကြောင့် ညောင့် စူးခဲ့လိုက်ရတယ်။ ညောင့်က တော်တော်နက်တယ်။ ဒါလည်း ဆေးခန်းသွားမပြဘူး။ အိမ်မှာရှိတဲ့ ပိန်ရှုံ့နေတဲ့ အနာကျက်ဆေးဘူးလေးကို ရအောင်ညှစ်ထုတ်ပြီး လိမ်းတယ်တဲ့ကွာ"

ပြောရင်းနှင့် ဂရင်း မျက်ရည်ကျလာပြန်သည်။

"ငါ့အမေဆို ဒီတစ်နှစ်လုံး ပေါင်မုန့်ကြမ်းပဲစားဖို့ ဆုံးဖြတ်ထားတာ။ ပြီးတော့ နေ့တိုင်း သူများလယ်မှာ အာလူးသွားတူးပြီး ငွေပိုရှာနေတယ်တဲ့ကွာ . . . ဟီး . . ."

ငိုသံက အိုင်ထွက်လာပြန်သည်။ တခြားကျောင်းသားတွေကလည်း မျက်နှာအိုများဖြင့် လှမ်းကြည့်ကြသည်။

"အဲဒီလို ဘာလို့ ငွေပိုတွေရှာနေတာလဲ၊ ခြစ်ကုတ်ပြီး ငွေတွေစုနေတာလဲဆိုတာကို မင်းသိလား . . . ဆိုင်မွန်"

ဆိုင်မွန် ခေါင်းယမ်းပြသည်။

"ငါတို့အိမ်နံရံကို ပြင်မလို့တဲ့။ ငါတို့အိမ်နံရံက ပက်ကြားအပ်နေပြီလေ။ ကြွက်တွေတောင် ရဲရဲဖြတ်မပြေးအောင် အိုနေပြီ။ ငါ့မိဘတွေက အဲဒီနံရံတွေကို ခိုင်ခံ့အောင်ပြုပြင်ပြီး ဆေးဖြူလှလှလေး သုတ်ချင်နေကြတယ်ကွ။ အဲဒီလို ဘာလို့ နံရံကို ပြင်ချင်တယ်ဆိုတာ မင်းသိလား"

ဆိုင်မွန် စိတ်ဝင်စားစွာ ခေါင်းခါပြသည်။

"မင်းပါးစပ်က မေးစမ်းပါ . . . ဆိုင်မွန်ရာ။ အဲဒီလို ငါ့မိဘတွေက ဘာလို့ နံရံကို ဆေးဖြူလှလှလေးတွေသုတ်ပြီး ပြုပြင်မွမ်းမံချင်တာလဲလို့"



"အေး . . . မင်းမိဘတွေက ဘာလို့နံရံကို ဆေးဖြူတွေ သုတ်ပြီး ပြုပြင်ချင်ရတာလဲ"

"ငါ့ဘွဲ့ဓာတ်ပုံချိတ်ရင် လှအောင်လို့တဲ့ကွ"

"ဟင် . . ."

အသည်းစိုင်တို့ ဆွဲလှုပ်ခံလိုက်ရသလို နာကျင်သွားသည်။ ဆိုင်မွန့်ရင်ထဲ သိမ်ငယ် အသက်မဲ့သွားရပါသည်။

"ငါ့ဘွဲ့ယူပြီးလို့ ဓာတ်ပုံချိတ်ရင် အဲဒီနံရံမှာ ချိတ်မှာ။ အိမ်နံရံ အစုတ်ကြီးနဲ့ဆိုရင် ငါတို့သားရဲ့ဓာတ်ပုံ မလှမှာစိုးလို့တဲ့ကွ"

စကားဆုံးအောင် ပြောပြီးတာနှင့် ဆိုင်မွန့်ပခုံးမှာ မျက်နှာအပ်ကာ ဂရင်း ငိုချနေပါတော့သည်။ ဆိုင်မွန်လည်း မျက်ရည်တို့ စို့လာသည်။ ဆိုင်ထဲတွင် တခြားငိုသံတွေလည်း ညံ့သွားသည်။ အရက်ထပ်မှာသံတွေလည်း ညံကုန်ပါသည်။

မိဘတိုင်း၏အိမ်မှာ နံရံဖြူဖြူလေးတစ်ချပ်ရှိပါသည်။ ဤသည်မှာ သူတို့သားသမီးများ၏ ဘွဲ့ဓာတ်ပုံချိတ်ရန် နေရာပင်ဖြစ်ချေသည်။

"ဂရင်းပြီးရင် ငါပြောပြဦးမယ် . . . ဆိုင်မွန်"

"အေး . . . ဒင်းနဲ့ပြီးရင်တော့ ငါ့အလှည့်"

"ဒါဆို ရစ်တာပြီးရင် ငါ့အဖြစ်ကို ပြောပြပါရစေကွာ"

". . . . . ."

ရင်ခွင်တွေကို ဖွင့်ဖောက်ပြရန် ဆိုင်မွန့်အနား တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြသည်။ (Hero)တက္ကသိုလ်ကြီးသာ ရပ်ဆိုင်းသွားရင် သူတို့ရင်ဆိုင်ရမည့် အခြေအနေကို တစ်ယောက်တစ်မျိုး ပြောကြလေသည်။ သောက်ကြလေသည်။ ပြောပြသည့်စကားတွေအရ အားလုံး ကိုယ့်ဓာတ်လမ်းနှင့်ကိုယ် သနားဖို့ကောင်းနေသည်။ ဆိုင်မွန် ကိုယ့်ကိုယ်ကိုယ် သနားရန်တောင် မေ့လျော့နေခဲ့ပြီ။

သည်အဖြစ်ဆိုးကြီးက အရက်ဆိုင်မှာ ကျောင်းသားတွေကို လှုံ့ စည်စေခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

"ဆိုင်မွန် . . . မင်းပြောစမ်းပါဦး။ မင်းက ကျောင်းမှာ တော်တဲ့ ကျောင်းသားပဲ"

"ဟုတ်တယ် . . . မင်းက နာမည်ကြီးကျောင်းသားပဲ။ ဘီဒီက လည်း ကျောင်းက အတော်ဆုံး စကားရည်လုသမားပဲ။ ပြောစမ်းပါဦး။ မင်းမှာ လုပ်နိုင်တာ တစ်ခုခုများ ရှိမနေဘူးလား"

"ဟုတ်တယ် . . . ဆိုင်မွန်။ ငါတို့ကျောင်းကြီးရဲ့ အဖြစ်ဆိုးကို ဒီအတိုင်း စာခြောက်ရုပ်တွေကို ရပ်ကြည့်နေရတော့မှာလား"

သည်တခဏ်မှာတော့ သူတို့အတွက် ဆိုင်မွန်သည် ကောက်ရိုးမျှင်ပင် ဖြစ်ချေတော့သည်။ မည်မျှပင် အားကိုးပါစေ ကောက်ရိုးမျှင်သည် ပြတ်လွယ်ဆဲပင် ဖြစ်ချေသည်။



(5)

သူ ဒယီးဒယိုင်ဖြစ်နေသည်။ မျက်လုံးကို ပုတ်ခတ်ပုတ်ခတ် လုပ်ကြည့်သည်။ အမြင်သည် ဝေဝါးလျက်ရှိသည်။ အရာဝတ္ထုများသည် ပြန့်ပြန့်ကြီးကွဲသွားလိုက်၊ နှစ်ထပ်ဖြစ်လိုက်၊ ပြန်စုသွားလိုက်နှင့် သူ မြင်နေရသည်။

တံတားပေါ် နင်းလျှောက်နေသည့် ခြေလှမ်းတွေမှာ ပုံမှန်အခြေအနေမှ ယွင်းပျက်နေသည်။ ခြေလှမ်းတစ်ခု အလှမ်းမှာတော့ . . .

"ဟာ . . ."

ဟာခနဲ ရင်ထဲဗိုသွားသည်။ လေဟာနယ်တစ်ခုက သူ့ကို ရုတ်တရက် စုပ်ယူပစ်လိုက်သလို 'လွှတ်'ခနဲ လွင့်'ခနဲ သူ လျှောပါသွားသည်။ ချောက်ကြီးရဲ့အောက်ကို . . .

မျက်လုံး မှိတ်လိုက်မိစဉ်မှာပဲ . . .

"ဟာ . . ."

သူ့လက်ကို အချိန်မီလှမ်းဖမ်းနိုင်သော အခြားလက်တစ်ဖက် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုယ်တစ်ပိုင်းက လေဟာနယ်ထဲမှာ (သို့) ချောက်နက်ကြီးရဲ့ ပါးစပ်ဖျားဝမှာ ယက်ကန်ယက်ကန်။ သူ အမူးပြေချင်သွားသည်။ ကြောက်ချွေးများ နဖူးတွင်ရွဲနေသည်။ တဒိတ်ဒိတ်ခုန်နေသည်။ ဘယ်သူကယ်လိုက်သလဲ။ ကျေးဇူးကြီးပါပေတယ်။ သူ မော့ကြည့်လိုက်တော့

"....."



တောင်ထွတ်တစ်ခုပေါ်မှာ ထိုင်နေဖြစ်ကြသည်။ ဆိုင်မွန်ကငှက်တွေကို ခတ်ပုံလှမ်းရိုက်သည်။ ဒီအချိန် သူ စိတ်အပါဆုံးအလုပ်ကိုပင် သူ စိတ်မပါမိပါ။

"ကျေးဇူးပဲ"

ကိန်းသည် ကျေးဇူးစကားကို တိုးညင်းစွာ ဆိုလိုက်သည်။

"မလိုပါဘူး။ မင်းနေရာမှာ တခြားတစ်ယောက်ယောက်ဆိုလည်း ငါ ကယ်မှာပါ။ အင်း . . . ငါ့နေရာမှာ တခြားတစ်ယောက်ယောက်ဆိုလည်း မင်းကို ကယ်လိမ့်မယ်လို့ ငါယုံကြည်တယ်"

"အဟင်း . . . "

ကိန်း မချိတင်ကဲ ပြုံးပြီး . . .

"ဒီလိုစိတ်ဓာတ်ကြောင့် ဂျက်စမင်က မင်းကို သံယောဇဉ်ကြီးတာ လေးစားတာပဲ။ ချီးကျူးပါတယ်"

ကိန်းစကားထဲမှာ ဂျက်စမင့်အမည် ပါလာသောအခါ သူ့ရင်ထဲ တစ်မျိုးဖြစ်သွားသည်။ အဝေးက ပျံလက်စငှက်ကလေးတွေက သူ မြတ်နိုးသည့် ပွင့်ခက်ကလေးကို ကိုက်ချီသွားသည်ဟုလည်း ခံစားရသွားသည်။ တကယ်တော့ သူ လွမ်းနေခြင်းဖြစ်ပါသည်။

"မင်းကော ကျောင်းပြောင်းတော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com

"ဂျက်စမင်ပြောင်းမဲ့ ကျောင်းကို ငါလည်း လိုက်ပြောင်းမယ်"

ဆိုင်မွန် ကိန်းကိုကြည့်လိုက်သည်။ ကိန်းက တဟားဟား ထရယ်သည်။

"ဟား . . . ဟား . . . စိုးရိမ်သလားကွ။ ငါက ပြောင်းဖြစ်ရင် အဲဒီလိုလိုက်ပြောင်းမယ်လို့ ပြောတာပါ။ ဒါပေမဲ့ ငါ မပြောင်းပါဘူး။ ဒီကျောင်းတော်မှာ နောက်ဆုံးနေ့အထိ ငါရှိနေမယ်"

ကိန်း၏စိတ်ဓာတ်ကိုလည်း ဆိုင်မွန်တွေ့လိုက်ရသည်။ ဝမ်းသာစရာကောင်းစွာ ကိန်းတွင်လည်း မိမိကျောင်းတော်ကို ချစ်မြတ်နိုးသောစိတ်က အလျှံပယ်ရှိနေချေသည်။

"မင်းမှာလည်း ဒီလိုစိတ်ဓာတ်ရှိတာ ငါဝမ်းသာတယ် . . . ကိန်း။ ငါတို့ အတူလက်တွဲရအောင်"

ဆိုင်မွန်က ပြောပြောဆိုဆိုနှင့် လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးသည်။ ကိန်းက မမြင်သလိုလုပ်ကာ ထိုင်ရာက ထပစ်လိုက်သည်။

"ငါ့ကျောင်းကို ငါချစ်တဲ့ကိစ္စအတွက် မင်း ဝင်ဝမ်းသာနေစရာ မလိုပါဘူး။ မင်း ခုနက ချောက်ထဲကျခါနီးကယ်ခဲ့တဲ့ ငါ့အသက်အတွက် ငါတစ်ခုခု ပြန်ဆပ်ပါ့မယ်။ ဒါပေမဲ့ မင်းနဲ့တော့ လက်ဆွဲနှုတ်ဆက်မှာ မဟုတ်ဘူး"

ခပ်ပြတ်ပြတ်ပြောပြီး ကျောလှည့်၍ လျှောက်သွားတော့သည်။ သုံးလေးလှမ်းခန့် လျှောက်ပြီး မျက်နှာပြန်လှည့်လာကာ . . .

"ဂျက်စမင်နဲ့ပတ်သက်ပြီး မင်းကို ငါ အမြဲတမ်း သတ်ချင်နေမိမဲ့ကောင်ပဲဆိုတာ မင်း မြဲမြဲမှတ်ထားပါ . . . ဆိုင်မွန်"



**(6)**

ဆိုင်ကယ်ကြီးသည် စုတ်ချာလွန်းလှသည်။ အလကားပေးမည်ဆိုလျှင်တောင် သံရည်ကျိုပြီးပေးမှ ယူချင်ကြလိမ့်မည်။ ဒါတောင် သိပ်မသေချာလှ။ အဆင်းမှာလည်း ခဲရောင်မွဲမွဲထနေသည်။ ရှေ့မီးခွက်ကြီးမှာ ငါးအပုပ်တစ်ကောင်၏ မျက်လုံးကြီးကဲ့သို့ အိရွဲထွက်နေသည်။ ဒါကြီးကို ဘော့ပါက သဲကြီးမဲကြီး ပြင်နေသည်။

ဒုတိယကမ္ဘာစစ်တုန်းက ရှေ့တည့်တည့်မှ သေနတ်ဖြင့် ချိန်ထားသော ဂျာမန်စစ်သားတစ်ယောက်ကို သူ့အဘိုးက ကြောက်လန့်ခြင်းမရှိဘဲ သည်ဆိုင်ကယ်ဖြင့် ဝင်အောင်ဖူးသည်ဟု ဘော့ပါက ဂုဏ်ယူစွာ ခဏခဏပြောသည်။ ထိုသို့ ဘော့ပါပြောတိုင်း ဘီဒီနှင့် ဆိုင်မွန် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပခုံးတွန့်ရစမြဲ။

ယခုလည်း ဒီစစ်ကျန်ဆိုင်ကယ်ကြီးကို အသက်သွင်းရန် ဘော့ပါ အပြင်းအထန် ကြိုးစားနေသည်။ မျက်နှာတစ်ခုလုံးလည်း ဆီတွေ သဲတွေ ပေကျံ၍ မည်းပြီးပေပွနေသည်။

"ဒီဆိုင်ကယ်က တကယ့်အရေးကြုံလာတဲ့ တစ်နေ့မှာ ပြန်အသက်ဝင်လာလိမ့်မယ်လို့ ငါ့အဘိုးမသေခင်က ပြောခဲ့ဖူးတယ်ကွ"

"အဲဒါများ မပြင်ဘဲ ဒီအတိုင်းထားလိုက်ပေါ့ကွာ။ မင်းအဘိုး ပြောသလို သူ့အသက်ဝင်ချိန်တန်တဲ့အခါ ဝင်လာမှာပေါ့"

"ဒီအတိုင်းထားလို့တော့ ဘယ်ဖြစ်မလဲကွ။ ကျောင်းပိတ်သွားရင် ငါ ဒီဆိုင်ကယ်နဲ့ ဈေးထဲမှာ ပစ္စည်းပို့တဲ့ အလုပ်လုပ်မလို့ဟာ"



www.burmeseclassic.com

www.burmeseclassic.com

ဘော့ပါက သူ့အစီအစဉ်ကို ညှိုးနွမ်းစွာ ပြောရှာသည်။ ဘော့ပါလို ပျော်ပျော်ပေါ်ပေါ်နေတတ်သူပင် ရှေ့ရေး တွေးနေရရှာပြီ။

မနေ့က ဆရာဝင်ချက်ရိုလာနှင့် ပြောဖြစ်ခဲ့သမျှကို ဆိုင်မွန်က ပြန်ပြောပြသည်။ ဘီဒီက လေးလေးနက်နက် စဉ်းစားသည်။

"ဟုတ်တယ် . . .။ ဆရာဝင်ချက်ရိုလာ ပြောတာမှန်တယ်။ အယူခံလွှာ တင်ဖို့ဆိုတာ မလွယ်ဘူး။ အင်း . . . တင်ခွင့်ရရင်တော့ တစ်မျိုးတစ်ဖုံထူးခြားမှာ သေချာတယ်"

သည်လိုပဲ ဆိုင်မွန်လည်း ယုံကြည်ပါတယ်။ ဘီဒီက တောက်တစ်ချက်ခေါက်ပြီး . . .

"ဒီနေရာမှာတော့ ငါ ငါတို့ကျောင်းရဲ့ အစဉ်အလာကြီးကိုလည်း အပြစ်တင်ချင်တယ်ကွာ။ ကျောင်းအုပ်မှမဟုတ်ရင် ဘယ်သူမှ ကျောင်းသားတွေကို ထိန်းချုပ်ခွင့်မရှိတာတော့ မမိုက်ပါဘူး"

ထိုစကားအတွက်တော့ ဆိုင်မွန်က ရှင်းပြပါသည်။

"ဒါက ဒီလိုရှိတယ်။ ဟိုအရင်က (Hero) တက္ကသိုလ်ရဲ့ ကျောင်းအုပ်နေရာက ဒီမြို့ရဲ့ မြို့တော်ဝန်လောက်နီးနီး အရှိန်အဝါကြီးတယ်ကွ။ ဒါကြောင့် ကျောင်းအုပ်ရာထူးကို မကြာခဏ လုခဲ့ကြတယ်တဲ့။ ပါမောက္ခလက်အောက်က ရာထူးမတိမ်းမယိမ်းဆရာတွေက မကြာမကြာ ဖီဆန်တတ်တယ်။ ကျောင်းသားတွေကိုလည်း စည်းရုံးပြီး သူပိုင်ငါပိုင် ခွဲခြမ်းခဲ့ကြတယ်တဲ့။

ဒါကြောင့် နောက်ဆုံးမှာ ပါမောက္ခကလွဲပြီး ကျန်တဲ့အရာတွေကို တစ်ပြေးညီအဆင့်မှာပဲ ထားတော့တယ်။ ကျောင်းသားတွေကိုလည်း ပါမောက္ခကလွဲပြီး ဘယ်ဆရာရဲ့ ဦးဆောင်မှုနောက်မှမလိုက်ဖို့ ဥပဒေချမှတ်ခဲ့တာပဲ"

"ဩော် . . . အဲ့ဒီလိုအဖြစ်တွေ ရှိခဲ့တာကိုး"

စိတ်ထဲ မတင်မကျဖြစ်နေတာ အခုမှပဲ ရှင်းတော့သည်။

"ဒါဆို . . . အယူခံဝင်ဖို့ကိစ္စလည်း မဖြစ်နိုင်တော့ဘူးပေါ့"

ဆိုင်မွန် ဘာမှ ပြန်မပြောမိ။

ဘီဒီသည်လည်း ကျောင်း၏ ရှုပ်ထွေးသော ဥပဒေတွေအကြောင်း အတွေးချဲ့နေမိသည်။



"[illegible] . . . [illegible]ပြီးပြီ။ စက်နှိုးကြည့်ဖို့ပဲ ကျန်တော့တယ်"

ပြောပြောဆိုဆိုပဲ ဘော့ပါက ဆိုင်ကယ်ပေါ် တက်ခွလိုက်သည်။ ပြီးလျှင် ဆိုင်ကယ်အား အားရပါးရနင်းကာ စက်နှိုးလေတော့သည်။ (၁၅) မိနစ် ကြာသွားသည်။ ဆိုင်ကယ်က ကျွီး ကျွိ . . . ကျွီး ကျွိ . . . ဟူသော အသံပေးကာ ဆိုင်ကယ်၏ အစိတ်အပိုင်းတိုင်းက လှုပ်ခါလှုပ်ခါ ဖြစ်နေသည်။

စိတ်ညစ်ရသည့်ကြားထဲ ဘီဒီနှင့်ဆိုင်မွန် ရယ်ချင်လာသေး။

"ဟော့ကောင်တွေ . . . မရယ်နဲ့။ ဒီတစ်ခေါက် တကယ်နှိုးလိမ့်မယ်၊ မင်းတို့ကြည့်ထား"

မခံချင်စိတ်နှင့် ဘော့ပါက ပြန်ပြောပြီး အားအပြင်းဆုံးသုံးကာ စက်နှိုးချလိုက်ပြန်တော့သည်။

"ဝုန်း . . . "

ဆိုင်ကယ်သည် ဟိုအဝေးကို တစ်ဟုန်ထိုး ထွက်သွားလေတော့သည်ဟု မထင်ပါနှင့်။ ရှိသမျှအစိတ်အပိုင်းများ တစ်စစီ ပြုတ်ထွက်ကုန်ခြင်းသာ ဖြစ်ပါသည်။

ဘီဒီနှင့်ဆိုင်မွန် မအောင့်နိုင်တော့ဘဲ ခွက်ထိုးခွက်လှန် ရယ်ကြပါတော့သည်။

ထိုအချိန်ပဲ စက်ဘီးကလေးနှင့် ကောင်မလေးတစ်ယောက် သူတို့ရှေ့ အပြေးရောက်လာသည်။ သူမသည် အယ်လီဖြစ်သည်။ အယ်လီသည် ဂျက်စမင်နှင့်အမြဲတွဲလေ့ရှိသော သူငယ်ချင်းမလေးဖြစ်သည်။ ယခုလို အလောတကြီး ရောက်လာပုံထောက်တော့ အယ်လီတွင် သတင်းထူးတစ်ခုပါလာဟန်တူသည်။ ဆိုင်မွန်တို့ မမေးရသေးခင်ဘဲ အယ်လီက–

"ဆိုင်မွန် . . . ပါမောက္ခ ပျွန်ဗက်ဆဲလ် ဆေးရုံးတင်လိုက်ရပြန်ပြီတဲ့။ နင် သွားကြည့်လိုက်ဦး။ ဂျက်စမင်လည်း သွားပြီ"

"ဟင် . . . ဟုတ်လား"

ဆိုင်မွန်လည်း ကျောပိုးအိတ်ပြင်လွယ်၍ အမြန်လိုက်သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံရောက်တော့ . . . ဆရာဝင်ချက်ရှိလာနှင့် တွေ့သည်။ ပါမောက္ခဂျွန်ဗက်ဆဲလ်၏ဇနီး လေတန်ဗက်ဆဲလ်နှင့် တွေ့သည်။ ဂျက်စမင်နှင့်လည်း တွေ့ပါသည်။ ပါမောက္ခကိုတော့ သူ တွေ့ခွင့်မရတော့။ လူနာ အနားယူနေချိန်ဖြစ်သဖြင့် ဖြစ်သည်။ ဆရာဝင်ချက်ရှိလာက ဆိုင်မွန့်ကို ဆေးရုံခြံဝန်းထဲခေါ်ပြီး လမ်းလျှောက်သည်။ ဂျက်စမင်လည်း ပါသည်။

"တစ်ပူပေါ် နှစ်ပူတော့ ဆင့်ကုန်ပြီ . . . ဆိုင်မွန်ရေ"

ဟုတ်ပေသည်။ ဒုက္ခသည် ဆွေနှင့်မျိုးနှင့် စွန်တောင်ဆွဲကာ ဝင်လာခဲ့ပြီ။ ဂျက်စမင်လည်း စိတ်မကောင်းလှပါ။ ပါမောက္ခဂျွန်ဗက်ဆဲလ်သည် သူမနှင့် ဆိုင်မွန်၏ ဆရာအရင်းပင်ဖြစ်သည်။ သူမတို့ ဒသသနိကမေဂျာ၏ လက်ချာဆရာလည်းဖြစ်သည်။

ဆိုင်မွန့်ကိုလည်း လွန်စွာ ချစ်ခင်ချီးကျူးသူဖြစ်သည်။ သူတို့သည်လည်း ပါမောက္ခဂျွန်ဗက်ဆဲလ်၏ ဖြောင့်မတ်မှုကို အမြဲ အတုယူခဲ့ရသူဖြစ်သည်။ ယခုလို ကျန်မာရေးအခြေအနေ ဆိုးဝါးနေတော့ သူတို့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေတော့သည်။

"ငါတို့ကျောင်းကြီးတော့ ကပ်ဆိုက်တာပဲကွာ။ ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလဲ"



ဆရာဝင်ချက်ရှိလာသည် ကျမ်းဆန်အောင် ညည်းတွားသည်။ ကောင်းကင်ဘုံကိုပင် လှမ်းအပြစ်တင်ချင်နေသည်။ နောက် . . . ဆရာဝင်ချက်ရှိလာက ဆေးရုံထဲပြန်ဝင်ကာ လေတန်ဗက်ဆဲလ်အား အားပေးစကား ပြောရန်ထွက်သွားသည်။ ထို့ကြောင့် ဂျက်စမင်နှင့် ဆိုင်မွန်သာ ကျန်ခဲ့သည်။

နှစ်ဦးသား ခုံတန်းလျားအိုကြီးတစ်ခုတွင် ထိုင်ဖြစ်နေကြသည်။ ယနေ့ တိမ်တွေပြေသည်။ နေရောင်ပါးသည်။ အနည်းငယ် သာယာပေ၏။

ဆိုင်မွန်သည် ဂျက်စမင့်ပါးပြင်များအား ငေးမောလျက် စိတ်ညစ်စရာများကို မောင်းထုတ်ကြည့်နေသည်။ ဂျက်စမင့်ပါးပြင်သည် မိုးရေစက်ထိမှန်ထားသော ပြတင်းပေါက်မှန်တစ်ချက်လို စိုပြေ၍နေသည်ဟု သူထင်မိသည်။

"ငါ့ကို နှုတ်ဆက်စကားအပါအဝင် တစ်ခုခု မပြောချင်ဘူးလား ဆိုင်မွန်"

ဂျက်စမင်၏စကားပြောဟန်က ပန်းပွင့်ကလေးထဲမှ ပိုးကောင်လေး ပြေးထွက်ပျံသွားသဖြင့် လုပ်လီလုပ်လဲ့ကျန်ခဲ့သော ပန်းပွင့်ကလေး၏ပုံစံနှင့် တူသည်ဟု သူ ထင်မိပြန်သည်။

"တစ်ခုခုမက ငါပြောချင်ပါတယ် . . . ဂျက်စမင်။ နင် ကျောင်းပြောင်းမဲ့ကိစ္စက ငါ့ကို အစဉ်သဖြင့် ပူလောင်နေစေတယ်။ ဒါကြောင့် ဒီအချိန် တစ်ခုခုပြောလိုက်ရင် နင့်ကို အပြစ်တင်တာမျိုးစကားတွေ ထွက်လာမှာစိုးတယ်။ မိမိချစ်သူကို အပြစ်တင်စကားဆိုရတာ အင်မတန် ပင်ပန်းတဲ့အလုပ်လို့ ငါသိတယ်။ ငါ ပင်ပန်းမခံနိုင်ဘူး။ တခြားကျောင်းရောက်ရင် နေရာများစွာမှာ ပျော်ရွှင်နိုင်ပါစေ . . . ဂျက်စမင်"

သူ၏စကားက သူမကို တပွင့်ပွင့် ပြုံးလာစေပါသည်။

"ငါတို့ ပြန်စုံမှာလို့ ယုံကြည်နေပါဟာ"



www.burmeseclassic.com

www.burmeseclassic.com

သူမ သူ၏လက်ကို ဆုပ်ထွေးကာ ကိုယ့်အနာဂတ်အတွက် ကိုယ်အားပေးနေမိသည်။

ခဏအကြာတွင် ဆရာဝင်ချက်ရှိလာနှင့် လေတန်ဗက်ဆဲလ်တို့ အနားရောက်လာသည်။ ဆရာဝင်ချက်ရှိလာက ဆိုင်မွန့်အား ပါမောက္ခဇနီး လေတန်ဗက်ဆဲလ်ကို အိမ်ပြန်ပို့ရန် ပြောသည်။ ဂျက်စမင်လည်း ဆိုင်မွန့်ကို နှုတ်ဆက်ပြီး ပြန်သည်။

ဆိုင်မွန်လည်း ဆရာကတော်အား အိမ်လိုက်ပို့ရသည်။ အိမ်ရောက်တော့ ဆရာကတော်က ကော်ဖီသောက်ရန် အိမ်ပေါ်ခေါ်သေးသော်လည်း သူမဝင်တော့။ အဆင်မပြေမှုများစွာနှင့် ရင်ထဲမှာ နင့်နေသည်။ လူမရှိသည့်ချောင်ကွယ်မှာ အသံတွေကို ထိန်းချုပ်မထားဘဲ လွှတ်ပစ်လိုက်ချင်သည်။

ဘယ်လိုလုပ်ရမလဲ။ ဆရာကျန်းမာဖို့၊ ဘယ်လိုလုပ်ရမလဲ၊ ကျောင်းကြီးမပိတ်ဖို့ ဘယ်လိုလုပ်ရမလဲ၊ ဂျက်စမင်နဲ့မဝေးဖို့ ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုလုပ်ရမလဲ။

သည်မြေမှာ ခြေစုံရပ်ရင်း တွေဝေမိသည်။ ထိုအချိန် ခပ်လှမ်းလှမ်းမှ အရာတစ်ခုကို သူတွေ့လိုက်ရသည်။

သူတစ်လှမ်းချင်း လှမ်းကာသွားပြီး သူမြင်မိသည့် တစ်စုံတစ်ရာကို သွားကောက်ယူလိုက်သည်။ ဒိုင်ယာရီ စာအုပ်လေးဖြစ်သည်။ ပါမောက္ခဗျွန်ဗက်ဆဲလ်၏ ဒိုင်ယာရီစာအုပ်လေး၊ ဘောလ်ပင်လေး ညှပ်လျက်၊ ဖွင့်လျက်အတိုင်း ရှိနေသည်။ ညာဘက်စာမျက်နှာတွင် စာတစ်ပိုဒ် ရေးထားသည်ကို တွေ့ရသည်။

သူ ဖတ်ကြည့်လိုက်သည်။ စာတွေက မှုမမှန်ပါ။ ရေးချင်ရာရေးထားသည်။ ပါမောက္ခ ဗျွန်ဗက်ဆဲလ်၏ စိတ်ကစဉ့်ကလျားဖြစ်မှုကြောင့် ထိုစာပိုဒ်လေးထဲရှိ စာများမှာ ဝါကျများအဖြစ်လဲ ပီပီသသ ရှိမနေချေ။ ရေးချင်ရာကို ရေးချင်သလို ရေးထားခြင်းဖြစ်သည်။



ထိုအရူးတစ်ယောက်လိုရေးထားသည့် စာတွေကိုကြည့်ပြီး သူ ဝမ်းနည်းလာသည်။ မျက်လုံးထဲတွင် မျက်ရည်များ တရွှေ့ရွှေ့ဖွဲ့တည်လာသည်။

ထိုစဉ် လေပြည်တစ်သုတ်ကာ သူ့သဘာဝအတိုင်း တိုက်ခိုက်လိုက်လေသည်။ တရုတ်စံကားပွင့်တွေ နွဲ့ယိုင်လှုပ်ယိမ်းကာ ကြွေဆင်းကုန်ကြတော့သည်။ ကြွေကျသည့် စံကားပွင့်များစွာအနက်မှ တစ်ပွင့်သောပန်းကလေးသည် သူ့လက်ထဲရှိ ဒိုင်ယာရီစာမျက်နှာပေါ် ဖတ်ခနဲကြွေကျလာခဲ့ပါသည်။

သူ ဒိုင်ယာရီစာမျက်နှာအား မှန်းတီးစွာ ငေးနေစဉ် ထိုပန်းကလေး ကြွေလာခြင်းဖြစ်သည်။ သူ ဒိုင်ယာရီကို မှန်းတီးစွာ ငုံ့ဖတ်နေဆဲ။ . . . ငုံ့ဖတ်နေဆဲ။ သို့သော် တဖြည်းဖြည်း သူ့မျက်လုံးများ အရောင်ပြောင်းလာသည်။ အရည်ရွှန်းလာသည်။ အလင်းတွေ ရူးလာသည်။

"ဟုတ်ပြီ . . . "

သူ့နှုတ်မှ လှုပ်ခတ်ရွတ်ကျလာသည့် စကား။

သူ . . . သူ . . . မျက်လုံးတွေ အလင်းနှစ်လို အမြန်နှုန်းဖြင့် တောက်ပလာ။ ဒိုင်ယာရီကို ဆုပ်ကိုင်ထားသည့်လက်တွေ တဆတ်ဆတ်တုန်ယင်လာကာ . . .

"ဟုတ်ပြီ . . . ဟုတ်ပြီ . . . အဲ့ဒီအတိုင်း . . . ငါ . . . ငါလုပ်မယ် . . ."

ကောင်းကင်ကို ဦးမော့၍ အံကြိတ်ဟာစ်ကြွေး . . .။ ပြီး . . . သူ . . . ဟိုး . . . အဝေး . . . အဝေး . . . သို့ ပြေးထွက်သွားလေတော့သည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

တောင်ပံတပ်ပေးလျှင်
ဂျစ်ပစီလေးပင် လှပလိမ့် . . .။

သားနဲ့ ပက်ခဲ့ရတဲ့ သမိုင်းဟာ
ခေတ်အဆက်ဆက် စင်ရေးလိမ့်မှာပဲ
ပင်လယ်ကို ဆေးထိုး 'ချို' ပို့မရသည့်မို့
ငါတို့အညွှန့်ကိုသာ ပြန်ပေးပါတော့။

မိမိမျက်လုံးကို
မိမိသာလျှင် အောင်မြင်စွာ ဆွဲဖွင့်နိုင်သလို
မိမိအနာဂတ်ကို
မိမိသာလျှင် . . . မဟုတ်လော။

ကျမ်းဟောင်းတချို့ကို
နောက်ဆံမထင်းစွာ ပိတ်ပြီး
မှန်တိုင်းကို ဖြဲပါတော့ လူငယ်။

ㅈ ㅈ ㅈ



(7)

"ဘာ . . . စာကြည့်တိုက်မျှော်စင်ရဲ့ အပေါ်ဆုံးအထပ်ကို သွားမယ်"

"အင်း . . ."

"ဘာဖြစ်လို့ သွားချင်တာလဲ"

". . . ."

"အဲဒီအပေါ်ဆုံးအထပ်က တားမြစ်နယ်မြေလေ။ ကျောင်းရဲ့ ဒီ့ဝှက်ဥပဒေတွေ။ လျှို့ဝှက်သမိုင်းဖြစ်စဉ်မှတ်တမ်းတွေ ထားတဲ့နေရာ ပဲ။ ဘယ်သူမှ ခြေဦးမလှည့်ရဲတဲ့နေရာပဲ"

". . . . ."

ဘော့ပါ မျက်လုံးတပြူးပြူးနှင့် ထိုစကားများကို ပြောခြင်းဖြစ် သည်။ ဘီဒီကလည်း ခေါင်းကုတ်ကာ . . .

"ဘာလုပ်ဖို့ မင်းက သွားချင်တာလဲ။ တားမြစ်နယ်မြေထဲဝင် တာ ဘယ်လောက်အပြစ်ကြီးတယ်ဆိုတာ မင်း သိတာပဲ"

"အဲဒါကြောင့် ငါတို့ အတူတူလုပ်ရှားဖို့ လိုမယ်လို့ ပြောတာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်မွန်က ဘီဒီ့ကို စေ့စေ့ကြည့်ကာ ပြန်ပြောခြင်းဖြစ်သည်။ ဘီဒီက ဆိုင်မွန့်အကြည့်ကို မခံနိုင်။

"ဟာ . . . မင်း ဒီလိုမကြည့်စမ်းနဲ့။ ငါ . . . ငါ . . . လုပ်နိုင်မယ် မထင်ဘူး"

"ဟော့ကောင် . . . မင်း ဒီစကားပြောတာ ဘီဒီ မပီသသလိုပဲ"

ဆိုင်မွန်က သွေးဆွသည်။ သို့သော် သည်နေရာမှာတော့ ဘီဒီက လွယ်လွယ်နှင့် သွေးမကြွ။

"လှုပ်ရှားရင်လည်း စာကြည့်တိုက်ပိတ်ချိန်မှ လှုပ်ရှားလို့ဖြစ်မှာ။ နောက်ပြီး စာကြည့်တိုက်မျှော်စင်ကြီးက အထပ် (၂၅) ထပ်တောင် ရှိတာ။ အထပ်တိုင်း အထပ်တိုင်းကို သော့တွေ ခတ်ခတ်ထားခဲ့တာကွ။ ဘယ်လိုသွားလုပ်မလဲ"

ကြုံရမည့် အခက်အခဲတွေက ထုနှင့်ထည်နှင့်ပင်။

"ဒီလိုလုပ်ကွာ . . . ငါတို့က နိုးဝင်ရမှာဆိုတော့ တစ်ထပ်ချင်းစီ၊ ဒီအတိုင်း သော့တွေ ရိုက်ဖျက်နေရတာနဲ့ပဲ မိုးလင်းသွားလိမ့်မယ်။ ဒီတော့ ငါတို့ အပေါ်ဆုံးအထပ်ကို တိုက်ရိုက်တန်းရောက်အောင် သွားရမယ်။ ပြီးမှ ပြတင်းပေါက်တွေကနေ ဝင်ရမယ်"

"အား . . . ငါတို့က တောင်ပံပေါက်နေတာမှ မဟုတ်တာ။ ဟိုး . . . နှစ်ဆယ့်ငါးထပ်အမြင့်ကို ဘယ်လိုလုပ်တန်းရောက်နိုင်မှာလဲ"

ဘီဒီက ထိုသို့ပြောတော့ ဆိုင်မွန် ဘော့ပါကို ကြည့်သည်။

"ဘော့ပါ . . . မင်း မီးပုံးပျံနဲ့ အဲ့ဒီမျှော်စင်ထိပ်ပေါ်ရောက်အောင် လွှင့်နိုင်သလား"

ဘော့ပါ သက်ပြင်းတစ်ဝက်နှင့် ခေါင်းခါသည်။

"ငါ မလုပ်နိုင်လောက်ဘူး။ ငါ့မီးပုံးပျံက ရှက်လေ့တွေလို သွားချင်တဲ့နေရာ ရှက်လွှင့်လို့ အမြဲမရဘူး။ လေသဘော်တွေဆိုရင်တော့ တစ်မျိုးပေါ့။ လေစီးကြောင်းက ငါတို့စိတ်ထင်သလို ဖန်တီးလို့မရဘူး"



ဆိုင်မွန် ခေါင်းငိုက်သွားသည်။ သို့သော် ချက်ချင်းပဲ ခေါင်းပြန်ထောင်လာသည်။

"ဒါဆိုရင်တော့ မိုက်မဲတယ်ပဲဆိုဆို ဒီနည်းပဲလုပ်ရတော့မှာပဲ"

"ဘာနည်းလဲ"

"ရိုးရှင်းပါတယ်ကွာ။ ငါတို့ မျိုးရိုးက ဘာလဲဆိုတာလဲ မင်းတို့သိပါတယ်"

ဘီဒီနှင့် ဘော့ပါ ပြိုင်တူဖြေမိသည်။

"တောင်တက်သမားမျိုးရိုးလေ"

"အေး . . . အဲ့ဒါပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ည . . . ။

ကဲနစ်စ်မိုင်နာကြယ် (ခွေးလေးကြယ်) သည် ကောင်းကင်၏ တည့်တည့်တွင် တခြားကြယ်များနှင့် ရောထွေးကာ မှိန်ပျစွာ လင်းနေသည်။

အလွန်မြင့်မားလှသော မျှော်စင်သဏ္ဍာန် စကြည့်တိုက်ကြီး၏ အနောက်ဘက်အခြေသို့ လူရိပ်သုံးခု ချဉ်းကပ်လာလေသည်။ ပိုးစုန်းကြူးတချို့ ချုံပင်တွေကြားထဲ တိုးဝင်သွားသည်။ ကျောက်တုံးနှင့် သစ်ပင်တို့ အိပ်နေကြပြီ။ ခွေးတချို့က ဝံပုလွေဆန်စွာ အူနေကြသည်။

ဘော့ပါ ကျောနည်းနည်း တွန့်သွားသည်။

ဆိုင်မွန် လွယ်ထားသည့် ကျောပိုးအိတ်ကို ရှေ့ချကာ သူ့အတိုးလက်ထပ်က တောင်တက်ကိရိယာများကို ထုတ်လိုက်သည်။ ဘော့ပါက ကင်းစောင့်သည်။ ဘီဒီက မျှော်စင်ပေါ်သို့တက်ရန် နေရာကောင်းကိုရှာသည်။ ဆိုင်မွန်က ကြိုးများ ကိရိယာများကို သူ့ခါးနှင့်ချိတ်ဆက်ကာ ကျကျနန ပြင်ဆင်သည်။ လူရိပ်လူခြေတွေ့သောအခါ ပုန်းရပြန်သည်။

အခြေအနေ၊ အချိန်အခါ အားလုံးစိတ်ချရအောင် ပြင်ဆင်ပြီးမှ မျှော်စင်ပေါ် စတက်ဖြစ်သည်။

"တစ်ထပ်ချင်းစီ ကြိုးနဲ့ လှမ်းပစ်ပြီး တက်ရမှာပဲ"



"အင်း . . ."

ဆိုင်မွန်သည် ကျောက်ဆူးချိတ်ပါသော ကြိုးထိပ်ပိုင်းကို ဝှေ့ယမ်းကာ မျှော်စင်ပထမထပ်ရှိ တစ်နေရာရာကို လှမ်းချိတ်မိရန် ပစ်တင်လိုက်သည်။ ပထမအကြိမ်များတွင်တော့ အဆင်မပြေလှ။ တစ်ကြိမ်ခါကျမှ ပြတင်းပေါက်မှ သံတိုင်တွင် သွားချိတ်မိသည်။

"OK"

"အေး . . . သတိနဲ့တက်၊ ငါတို့ အောက်မှာရှိတယ်"

ဆိုင်မွန် ကြိုးအတိုင်း တွယ်တက်သွားသည်။ မျှော်စင်နံရံကို ကန်ကာ ကြိုးကိုဆွဲရင်း တစ်ထစ်ချင်းတက်သည်။ တဖြည်းဖြည်း အမြင့်ရောက်လာပြီ။

ဘော့ပါနှင့် ဘီဒီအောက်မှ ပင့်ကြည့်ရင်း ရင်ခုန်နေသည်။ ဆိုင်မွန့်ရင်ထဲလည်း တဒိုင်းဒိုင်းဖြင့် အခုန်မြန်နေသည်။

ထိုအချိန် သူ့သဘောနှင့် သူဖြစ်ပျက်နေသော အချင်းအရာ တစ်ခုကို သူတို့ ဂရုမပြုမိပါ။

"ဖျစ် . . . ဖျစ် . . ."

ကြိုးစ၏ နာကျင်သံများဖြစ်သည်။ နောက်ဆုံးမှာတော့ . . .

". . . . ."

"ဟာ . . ."

ထိုအသံနှင့်အတူ ဆိုင်မွန် ပြုတ်ကျသွားတော့သည်။

"ဟာ . . ."

"ဟာ . . ."

ဘီဒီနှင့်ဘော့ပါ အနာခံကာ ဝင်ဖမ်းရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တော်သေးသည်။ ဘေ့ာပါ၏ အဆီတွေပြည့်နေသည့် ဗိုက်က ဆိုင်မွန့်ကို ကောင်းကောင်းကယ်နိုင်လိုက်သည်။ ဒါတောင် တော်တော် အီသည်။

"ကျွတ် . . . ကျွတ် . . ."

ဆိုင်မွန် ခါးကိုစမ်းရင်း ညည်းသည်။ ဘီဒီက အသံမထွက် ကြိတ်ရယ်သည်။ဘော့ပါက ဗိုက်ကိုပွတ်ကာ . . .

"သူတောင်းစား . . . မင်းအဘိုးလက်ထက်က ကြိုးတွေဆို တော့ ဆွေးနေပြီပေါ့"

ဟု ဆဲလေသည်။ ပညာရှိ သတိဖြစ်ခဲ ပဲဆိုလေမလား။ ကြိုး တွေက အပြင်ပန်းကြည့်လျှင် ခိုင်မာပြီး အမြင့်တက်ရန် အသုံးပြုလျှင် တော့ အန္တရာယ်ရှိနေပြီဖြစ်ကြောင်း ဆိုင်မွန်လည်း ယခုမှ သိတော့သည်။

တော်သေးသည်။ ပထမတစ်ထပ်တည်း တက်ရသေး ပြုတ်ကျ လို့။

"အဟင်း . . . သောက်ရူးတွေပဲ"

ထိုအသံက သူတို့သုံးယောက်၏ အသံမဟုတ်ချေ။ သူတို့ကို လှမ်းဆဲရေးလိုက်သော အသံတော့ ဟုတ်သည်။

"ဟင် . . ."



"ဘယ်သူလဲ"

အာမေဋိတ်သံ အသီးသီးပြုမိပြီး သူတို့ လှည့်ကြည့်လိုက်သည်။

လူရိပ်တစ်ခုက ခပ်လှမ်းလှမ်းအမှောင်ထဲမှာ အေးဆေးစမတ် ကျစွာ ထိုင်နေသည်။ လူရိပ်၏ မျက်နှာကို မမြင်ရ။ သို့သော် စီးကရက် မီးရောင် အနီစက်ကလေးကိုတော့ ကောင်းစွာမြင်ရသည်။

"ခင်ဗျား ဘယ်သူလဲ မသိဘူး"

ရန်သူ၊ မိတ်ဆွေ မကွဲပြားသောကြောင့် မယုတ်မလွန်စကား ဖြင့် လှမ်းမေးလိုက်သည်။

လူရိပ်ထိုင်ရာမှ ထလာသည်။ သူတို့ဆီလျှောက်လာသည်။ ထို မှ လူရိပ်ရှင်ကို သူတို့သိလိုက်ရသည်။

"ကိန်း . . . "

ကိန်းက မဲ့ပြုံးပြုံးကာ ဆိုင်မွန့်ထံ တစ်စုံတစ်ခု လှမ်းပစ်ပေး လိုက်သည်။ ဆိုင်မွန် ဖမ်းယူကြည့်လိုက်တော့ သော့တွဲတွေ။

"အဲဒါ စာကြည့်တိုက် သော့တွဲတွေပဲ"

"ဟင် . . . "

"လွန်ခဲ့တဲ့ နှစ်နာရီလောက်က မင်းတို့ စာကြည့်တိုက်ထဲ ခိုးဝင် ဖို့ ပြင်ဆင်နေတာကို ငါတွေ့လိုက်ရတယ်။ ဒါကြောင့် ငါ ဒီသော့တွေ သွားခိုးလာတာပဲ။ ဟွန်း . . . ကျောင်းရဲ့ နာမည်ကြီး ကျောင်းသား တွေကလည်း စာကြည့်တိုက်ပေါ် ဒီလိုနည်းနဲ့ တက်ဖို့ ကြိုးစားသတဲ့ အဟင်း . . . "

လှောင်ရယ် ရယ်သည်။ ဆိုင်မွန်ကတော့ ဝမ်းသာစွာပင် . . .

"ကျေးဇူးပဲကွာ။ ဒီလိုကူညီတာ"

"ကူညီတာမဟုတ်ဘူး။ အကြွေးဆပ်တာ။ မင်း ဟိုနေ့က ငါ့ အသက်ကို ကယ်ခဲ့တာအတွက် မင်း လိုအပ်နေတာတစ်ခုကို ပြန်ပေးပြီး အကြွေးဆပ်တာပဲ။ မင်းနဲ့ငါ အကြွေးကင်းပြီ . . . ဆိုင်မွန်။ မင်းဟာ ငါရဲ့ ရန်သူစစ်စစ် ပြန်ဖြစ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းကြိုက်သလို သတ်မှတ်ပါ . . . ကိန်း။ အခုတော့ ငါ့ကို ခွင့်ပြုဦး"

ပြောပြောဆိုဆိုပဲ ဆိုင်မွန် နောက်လှည့်လိုက်စဉ် . . .

"နေဦး"

". . . . ."

"မင်းတို့ ဘာလို့ အခုချိန်မှ စာကြည့်တိုက်ထဲ ခိုးဝင်ရတာလဲ"

"အဟင်း . . . သိချင်ရင် လိုက်ခဲ့ပေါ့ကွာ"

သို့နှင့် ကိန်းပါ လိုက်ပါခဲ့တော့သည်။ သော့တွေ လျှင်မြန်စွာ ဖွင့်ပြီး တစ်ထပ်ချင်းစီ တက်ခဲ့သည်။

နောက်ဆုံး (၂၅) ထပ်မြောက်သို့ ရောက်ခဲ့သည်။ 'တားမြစ်နယ်မြေ' ဟု ချိတ်ဆွဲထားသော ဆိုင်းဘုတ်ကြီးကို မီးရောင်ထိုးကာ ဘော့ပါက သေချာသွားဖတ်နေသေးသည်။ ခြေသံလုံအောင် ဖွဖွနင်း၍ ဝင်ခဲ့သည်။

သည်အထပ်၌ စာအုပ်စင်ပေါင်း (၅၀) လောက်ရှိမည်။ နံရံကပ် အထပ်မြင့်စင်ကြီးများက (၂၀) လောက်နှင့် ခပ်နိမ့်နိမ့်စင်တွေက (၃၀) လောက်ရှိမည်။ စာအုပ်များအပြင် ဖိုင်တွဲတွေပါ များစွာ . . . များစွာ။ အားလုံး (Hero)တက္ကသိုလ်နှင့်ပတ်သက်သည့် သီးသန့်စာအုပ်များသာ။

"ငါတို့က ဘာစာအုပ်ရှာရမှာလဲ . . . ဆိုင်မွန်"

"ငါတို့ကျောင်း အခုရင်ဆိုင်နေရတဲ့ပြဿနာနဲ့ တိုက်ရိုက်မဟုတ်တောင် တစ်နည်းနည်းနဲ့ ဆက်စပ်တဲ့သဘောတွေပါတဲ့။ လျှို့ဝှက်ဥပဒေမျိုး၊ စာတမ်းမျိုးတွေ လိုက်ရှာရမှာ။ မိုးမလင်းခင်တွေ့ဖို့ လိုအပ်တယ်"

"အင်း . . ."

"ကဲ . . . စကြစို့ . . ."

ကိန်းက 'အဟင်း . . .' ဟု စိတ်မပါသလို ရယ်ကာ နီးရာ စာအုပ်စင်ကို သွားမွှေသည်။



သူတို့ ရှာကြတော့သည်။

ဤအခန်း၌ စာအုပ်နှင့် ဖိုင်တွဲပေါင်း (၁၀၀၀၀) လောက်ရှိမည်။ နေလုံးထွက်မလာခင် တွေ့မှဖြစ်မည်။

ဆီမီးတစ်ယောက်တစ်တိုင်ကိုင်၍ ရှာကြသည်။

ဆီမီးတစ်ယောက်တစ်တိုင်ကုန်သည်အထိ ရှာမတွေ့သေးပေ။

ကြယ်တွေ အရောင်ဖျော့လာသည်။ တိမ်တွေ အလွှာပါးလာသည်။ ညထွက်သတ္တဝါများပင် တွင်းပြန်အောင်းရန် ပြင်နေကြပြီ။ နာရီလက်တံတွေက မည်သူမှ ဆွဲမလှည့်ဘဲ တော်တော်ရွေ့လျားသွားပြီ။

"ဝါး . . . "

မျက်ခွံတွေတော်တော်လေးသည်ဆိုသည်ကို ဘော့ပါ ယုံကြည်လာသည်။ ဘီဒီကတော့ ကိုယ်ခန္ဓာပေါ် ရှရှတက်လာသည့် ညပိုးကောင်များကို ခွာရင်း၊ ဖယ်ရင်း စာအုပ်နှင့် မျက်နှာနှင့်မခွာ။

ကိန်းသည်လည်း ဆိုင်မွန်ရှာနေသည့်အရာကို သဘောပေါက်ကာ လိုက်ရှာနေမိသည်။

မကြာခင် မိုးလင်းတော့မည်ဟု သူတို့အားလုံး သိမြင်ကြချိန်တွင် အခန်းအလယ်၌ စုမိကြသည်။

"မတွေ့သေးဘူး"

"အင်း . . ."

"ငါကောပဲ မတွေ့ဘူး"

အားလုံးအမူအရာ အသီးသီးနှင့် စိတ်ပျက်သွားကြသည်။ အလွန်လည်း ပင်ပန်းနေကြပါပြီ။

စကားတွေ အလိုလိုတိတ်ဆိတ်ကာ ခဏအနားယူနေလိုက်မိကြသည်။

ခဏအကြာမှာတော့ သူတို့ နားရွက်တွေပြိုင်တူ ထောင်ကုန်ကြသည်။ မျက်လုံးတွေ အချင်းချင်း ဆုံကုန်ကြသည်။

"ရှူး . . ."



www.burmeseclassic.com

www.burmeseclassic.com

ရှုးဟူသည့် အသံကို တီးတိုးပြုရင်း မျက်ရိပ်ပြလိုက်သည်။ လက်ထဲမှ ဆီမီးတွေကို ပြိုင်တူမှုတ်ငြိမ်းလိုက်ကြသည်။

အကြောင်းက 'ရှပ် ရှပ် . . . 'ဟူသည့် ခြေသံတစ်စုံကို ကြားလိုက်ရသောကြောင့်။

ခြေသံရှင်သည် မီးအိမ်လက်ဆွဲလာခဲ့ခြင်းဖြစ်မည်။ ခြေသံနှင့်အတူ မီးရောင်မှိန်မှိန်ပါ တစ်ပါတည်း ရွေ့လာပါသည်။

သူတို့ကတော့ အသက်ပင် တစ်စက်ချင်း မျှဉ်းရှူနေရသည်။

ခြေသံရှင်က ချောင်းတဟွတ်ဟွတ်ဆိုးသည်။ သူတို့နားလည်း နီးနီးလာသည်။ တော်တော်လေး နီးလာသည်။

သူတို့ ပြေးပုန်းရန်လည်း မဖြစ်နိုင်တော့။ ခြေသံရှင်ကို တိုက်ခိုက်ပြီး ခဏသတိမေ့အောင် လုပ်လိုက်ရမည်လား။ မဖြစ်။ ဆရာတစ်ယောက်ယောက်ဖြစ်နေလျှင် မိမိတို့အဆိုးဖြစ်မည်။ အမှောင်ထဲမို့ ရှောင်တိမ်းပြီး ထွက်ပြေးရင်တော့ ရနိုင်မည်။ ဟုတ်သည်။ သူတို့ ထိုသို့ဆုံးဖြတ်လိုက်ပြီး အချင်းချင်း လက်ကုတ်တိုင်ပင်လိုက်ကြသည်။

“မီးတွေ . . . ပြန်ထွန်းလိုက်ကြပါ . . . အဟွတ် . . . အဟွတ်”

ခြေသံရှင်၏ စကားသံကြောင့် သူတို့ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

“မှောင်တဲ့နေရာမှာရှိတဲ့ oxygen ဟာ ပိုသန့်တယ်ထင်လို့ ငြိမ်နေကြတာများလား”

ခြေသံရှင်၏ ထပ်မံဆိုလိုက်သော စကားခွန်းဖြစ်သည်။

သူတို့အချင်းချင်း လက်ကုတ်ပြီး တိုင်ပင်ကြပြန်သည်။ ပြီး . . မီးတိုင်များကို တွန့်တွန့်ဆုတ်ဆုတ်နှင့် ပြန်ထွန်းလိုက်ကြသည်။

ထိုအခါမှ ချောင်းဆိုးနေသော အသံရှင်ကို တွေ့လိုက်ရလေသည်။

“အဟွတ် . . . အဟွတ် . . . ဟွတ် . . .”



ခြေသံရှင်က စာကြည့်တိုက်၏ သန့်ရှင်းရေးသမား အဘိုးအိုကြီးဖြစ်နေသည်။ သူတို့ မျက်မှန်းတန်းမိနေကျ၊ လွန်စွာအိုမင်းနေပြီဖြစ်သော အသက်အားဖြင့် ကိုးဆယ်ကိုပင် ဂဏန်းအကြီးဖြင့် ကျော်လွန်နေပြီဖြစ်သော အဘိုးအိုကြီးဖြစ်သည်။

“ဆေးတံကျန်ခဲ့လို့ လာယူတာပါ။ အဟွတ် . . . အဟွတ် . . . အဟွတ် . . . ဟိုခပ်ဝဝနဲ့ကောင်လေး မင်းနောက်စင်ပေါ်က ဆေးတံကို လှမ်းလိုက်စမ်းပါကွယ်”

ဘော့ပါ ကြောင်တောင်တောင်နှင့် နောက်သို့ လှည့်လိုက်သည်။ အဘိုးအိုပြသည့် ဆေးတံကို တွေ့လျှင် ယူပြီး ကမ်းပေးလိုက်သည်။

အဘိုးအိုက တုန်တုန်ယင်ယင်နှင့် ဆေးတံထဲ ဆေးမှုန့်အသစ်တချို့ထည့်ပြီး မီးညှိသည်။ ဖွာသည်။ ချောင်းတဟွတ်ဟွတ်ဆိုးသည်။ သုံးခါလောက်ဖွာပြီးတော့မှ ချောင်းဆိုးအနည်းငယ် သက်သာသွားဟန်ရှိသည်။

သူတို့ အဘိုးအို လှုပ်ရှားမှုတိုင်းကို အကြောင်သား ရပ်ကြည့်နေမိကြသည်။

“လူလေးတို့ရှာချင်တဲ့ စာအုပ်က ဟိုးအနောက်မြောက်ထောင့်က စာအုပ်စင်မှာ အောက်ဆုံးအထပ်မှာရှာ။ အဟွတ် . . . အဟွတ်”

“ဟင် . . .”

“ဗျာ . . .”

“. . . . .”

အဘိုးအိုက သူတို့ရှာသည့်စာအုပ်ကို သိနေသည်လား။ အံ့သြစရာပင်။ သူတို့ အံ့သြမှုမဆုံးခင်မှာပင် တုန်တုန်ယင်ယင်နှင့် အဘိုးအိုမှာ ကျောခိုင်းသွားပြီဖြစ်သည်။ နှေးကွေးလွန်းသောခြေလှမ်းဖြင့် လျှောက်သွားရင်း လျှောက်ရင်း . . .

“ကျောင်းကိုကယ်ပါ . . . ကျောင်းကိုကယ်ပါ . . . ကျောင်းသားတို့ . . .”



www.burmeseclassic.com

www.burmeseclassic.com

ဟု သူတို့ကြားရုံလောက် တီတိုးသောအသံဖြင့် ရေရွတ်သွားလေသည်။

မြင်ကွင်းမှ ပျောက်သွားသည်အထိ အဘိုးအိုကို သူတို့ ကြည့်နေမိခဲ့သည်။

နောက်မှ သတိဝင်ပြီး အဘိုးအိုညွှန်ပြသည့် နေရာတွင် စာအုပ်ကို သွားရှာသည်။

သိပ်မရှာလိုက်ရဘဲ သူတို့ စာအုပ်တစ်အုပ်ကို သွားတွေ့သည်။

အတန်ငယ်ထူသော စာအုပ်ဖြစ်သည်။ လှန်ရင်း ဖတ်ရင်း တစ်နေရာမှာတော့ သူတို့မျက်လုံးများ ဝင်းသွားကြတော့၏။

သူတို့ တွေ့လေပြီ။



## (Hero University) ၏ ကြီးမားသော ဘဏ္ဍာရေးပြဿနာ

ခုနှစ်အားဖြင့် (၁၈၀၁) ခုနှစ်တွင်ဖြစ်သည်။

လာဘ်စားသော ကျောင်းအုပ်ကြီး မစ္စတာ . . . ၏ အမှုဖြစ်သည်။

ကျောင်းတော်၏ ရန်ပုံငွေအားလုံး ၎င်းကိုယ်ပိုင်ငွေအဖြစ် သိမ်းယူသည်။ လက်အောက်ဆရာများဟာလည်း မဖော်ထုတ်ရဲကြ။ သို့သော် ကျောင်းသားများ သိရှိသွားသည်။

ကျောင်းသားများမှာ ကျောင်းသားများကိုပင် ဦးဆောင်ကာ မြို့တော်ဝန်သို့ တိုင်ကြားသည်။ အမှုမှန်ပေါ်ပြီး ကျောင်းအုပ်ပြုတ်သည်။ ဝါမောက္ခတစ်ဦး အသစ်ခန့်အပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

### (Hero University) အား ရောင်းစားခြင်းပြဿနာ

ခုနှစ်အားဖြင့် (၁၈၉၉)တွင်ဖြစ်သည်။

မြို့တော်ဝန်သည် Hero University အား ရောင်းစားရန် ကြံခဲ့သည်။ တခြားမြို့ကြီးများမှ သူကြွယ်များထံ အပန်းဖြေတည်းခိုခန်းလုပ်ရန်အတွက် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ထိုအချိန်က Hero University ၏ ပါမောက္ခမှာ ရက်ပေါင်းများစွာ သတိလစ်၍ နေသည်။ ထို့ကြောင့် ပါမောက္ခနေရာ လစ်လပ်လျက်ရှိသည်။ ကျန်ဆရာများသည်လည်း မြို့တော်ဝန်၏ အစီအစဉ်အား မတားရဲ။

ကျောင်းသားများသည် ဆရာများအား တိုင်ကြားသော်လည်း Hero University ၏ ရှေးဦးဥပဒေများအရ ဆရာများသည် သင်ကြားရေးမှလွဲ၍ မည်သည့်ကိစ္စမှ ဦးဆောင်ခွင့်၊ တာဝန်ယူခွင့်၊ လုပ်ပိုင်ခွင့်မရှိချေ။

သို့နှင့် ကျောင်းသားများသည် အချင်းချင်းဦးဆောင်ကာ ပြည်နယ်ပညာရေးမှူးအထိ တိုင်ကြားသည်။ အမှုမှန်ပေါ်သည်။ မြို့တော်ဝန်ရှုံးသည်။ Hero University ကောင်းမွန်စွာ ဆက်လက်တည်မြဲလေ၏။

⁂



"ရပြီး . . . ဒီနှစ်ချက်နဲ့တင် ငါတို့ အလုပ်လုပ်လို့ရပြီ"

စာအုပ်ကို ပိတ်ပြီး ဆိုင်မှန်မော့ကြည့်လိုက်သည်။

အားတက်လျက်ရှိသော အပြုံးများဖြင့် ပြုံးနေသည့် ဘီဒီ၊ ဘော[illegible]နှင့် ကိန်းတို့ကို တွေ့လိုက်ရလေသည်။

⁂



www.burmeseclassic.com

www.burmeseclassic.com

# [ C ]

"ခင်ဗျားကျွေးတဲ့ စားစရာတွေ စားသာစားလိုက်ရတာ ဗိုက်ထဲ ဘယ်လိုကြီးမှန်းမသိဘူး။ တကယ်တော့ ကျွန်တော်က အာလူးပြုတ်မှ ကြိုက်တာ"

သူစားလိုက်လို့ဖြင့် စားပွဲပေါ်က စားစရာတွေလည်း ကုန်လုနီးမှ ဒီလိုစားပြီး နားမလည် အသံထွက်လာသည်။

"အာလူးပြုတ်က ဘာကောင်းလို့လဲ"

"ကောင်းတော့ သိပ်မကောင်းပါဘူး။ ဒါပေမဲ့ ကျွန်တော်က ကြိုက်တယ်။ ကျွန်တော်တို့မြို့က လူတွေက အာလူးပြုတ်တွေ တော်တော်စားကြတယ်။ ဗင်းဆင့်ဗန်ဂိုးသာ အသက်ရှိသေးရင် ကျွန်တော်တို့မြို့ကို ဖိတ်လိုက်ချင်တယ်ဗျ။ အဲဒါဆို အာလူးစားတဲ့ ပန်းချီကားတွေ တော်တော်ထွက်လာမှာပဲ"

သူမက သူ့စကားကို မဲ့တဲ့တဲ့နားထောင်ပါသည်။ ပြီးမှ မေးစရာတစ်ခု စဉ်းစားရသည့်ဟန်ဖြင့် . . .

"သြော် . . . ရှင်တို့ ကျောင်းသွားရင် အဲဒီ သဘာဝကျောက်တံတားကြီးပေါ်ကပဲ သွားကြတော့မှာလား။ နောက်ထပ် တံတားမထိုးတော့ဘူးလား"



"အင်း . . . အဲဒါ ခင်ဗျားမေးချင်တဲ့ မေးခွန်းမှန်း ကျွန်တော် သိပါတယ်။ တခြားတံတားထိုးလိုက်ရင် ကိုယ့်ကိုယ်ကိုယ် စော်ကားတာ ခဲ့လို့ ကျွန်တော်တို့မြို့က လူတွေက ယူဆကြတယ်"

"အင် . . . ဘာလို့လဲ"

"ခင်ဗျား စဉ်းစားကြည့်လေ။ ဒီ သဘာဝကျောက်တံတားကြီး ပေါ်က ဖြတ်တဲ့သူဟာ စိတ်ကြည်လင်တည်ငြိမ်လို့ စိတ်ထားကောင်း လို့ သူ့ရဲကောင်းစိတ်ရှိလို့လို့ ယုံကြည်ကြတာကိုးဗျ။ တကယ်လို့ တခြား တံတားထိုးလိုက်ရင် ကျွန်တော်တို့ဟာ သဘာဝကျောက်တံတားကြီးပေါ် က မဖြတ်ရဲတော့လို့ဆိုတဲ့အဓိပ္ပာယ် မရောက်သွားဘူးလား။ အဲဒါဆို ရင် သူ့ရဲကောင်းစိတ်မရှိလို့၊ စိတ်ထားညံ့လို့ တံတားအသစ်ထိုးတာဆို တဲ့အဓိပ္ပာယ်ပါ ရောက်ပြီးသား ဖြစ်မသွားဘူးလား။ အဲဒါကြောင့်ပေါ့"

တော်တော်ရှုပ်သည့်မြို့ဟု ကောင်မလေး ညည်းတွားမိသေး သည်။ စဉ်းစားမိတာတွေကို သူမ ဆက်မေးပြန်သည်။

"ရှင်တို့တက္ကသိုလ်က ဥရောပမှာ ရှေးအကျဆုံး အီတလီနိုင်ငံ က 'ဆာလာ' တက္ကသိုလ်ထက် ရှေးကျလား"

သူတစ်ချက်စဉ်းစားသည်။ တကယ်တော့ စဉ်းစားခြင်းမဟုတ်။ သိသလိုလို စဉ်းစားဟန်ဆောင်ခြင်းသာ။

"အဲဒါတော့ မသိဘူးဗျ"

ကောင်မလေး နှုတ်ခမ်းဆူသွားသည်။ မေးစေ့လေးကို လက် နှင့် ပုတ်ပြီး မေးစရာတွေလည်း ဆက်လက်စဉ်းစားလေသည်။ ကိုယ်မေး စရာတွေကို သူက လိုလိုချင်ချင် ဖြေပေးဖို့လည်း ဖားရသည်။

"သောက် . . . သောက် . . . ဝိုင်တွေ။ သိပ်ကောင်းတာ သဘာဝအတိုင်း ပြုလုပ်ထားတဲ့ ဝိုင်တွေလေ"

"နိုး . . . နိုး . . . နိုး . . . "

သူက ခေါင်းခါပြီး ငြင်းပြန်သည်။

"ဘာလဲရှင့်"

"မင်းသုံးတဲ့ စကားမှားနေတယ်။ သဘာဝအတိုင်း ပြုလုပ်တယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ အစားအသောက်ကုန်ပစ္စည်း ကြော်ငြာတွေမှာ ပြောတတ်ကျတဲ့ စကားပဲ။ ခင်ဗျား စဉ်းစားကြည့်ဗျာ။ ဘယ်သူမှ မပြုလုပ်ဘဲ ဒီအတိုင်း တည်ရှိနေတာကိုမှ သဘာဝလို့ ခေါ်တာမို့လား။ ဒီတော့ ပြုလုပ်ဆိုတဲ့ စကားပါရင် ဘယ်လိုလုပ် သဘာဝအတိုင်းဆိုပြီး ပြောလို့ရတော့မလဲ"

သူ ထောက်ပြမှ သုံးနေကျဖြစ်သော ထိုစကား၏အဓိပ္ပာယ်ကို ပြန်သုံးသပ်မိတော့သည်။ သူသည် သူမအတွက်တော့ အတော်စိတ်ဝင်စားစရာ အကောင်းဆုံးနှင့် အင်မတန် အမြင်ကပ်စရာကောင်းသော ယောကျ်ားသားတစ်ဦး ဖြစ်နေတော့သည်။

"ဟုတ်ပြီ . . . စဉ်းစားလို့ရပြီ။ ကျွန်မသိချင်တာ ရှင်တို့မြို့၊ ရှင်တို့ကျောင်းမှာ ကျင်းပတဲ့ ပွဲတော်တွေအကြောင်း"

"ပွဲတော်တွေအကြောင်း"

သူ သံယောင်လိုက် ရေရွတ်ရသေးသည်။ ပြီးမှ သူမ စိတ်တိုင်းကျ သူပြောပြရတော့သည်။

သူတို့မြို့တွင် ပွဲတော်တွေကလည်း များပြားလှပါသည်။ နေ့ထူးနေ့မြတ်များတွင်လည်း ပွဲတော်များ လုပ်ကြသည်။ အာလူးစားပွဲတော်များ၊ မျက်နှာဖုံးမီးရှို့ပွဲတော် (မကောင်းဆိုးဝါးများသည် မျက်နှာဖုံးများ၌ ခိုကပ်နေတတ်သည်ဟု သူတို့မြို့ခံ . . . ဟိုး . . . ရှေးယခင်လူများက ယုံကြည်ကြသည်။ ထို့ကြောင့် လပြည့်ညတစ်ခုတွင် မျက်နှာဖုံးများကို မီးပုံရှို့ကြလေသည်။ နောက်ပိုင်း မျက်နှာဖုံးများတင်မက စာရွက်များတွင်ပါ မကောင်းဆိုးဝါးများ ရေးဆွဲကာ မီးရှို့ကြလေ၏။

အပတ်စဉ် ကျင်းပလေ့ရှိသော စကားရည်လုပွဲတွေအကြောင်းလည်း ပြောပြ၏။ စကားရည်လုခြင်းသည် ဉာဏ်ရည်ထက်မြက်စေသော နည်းလမ်းများထဲမှ နည်းတစ်သွယ်ဖြစ်ကြောင်း ပြောပြလိုက်သည်။

တောင်တက်ပွဲတော်များအကြောင်း ပြောပြလိုက်၏။

"ကမ္ဘာ့နေ့ထူးနေ့မြတ်တွေဆိုရင်လည်း ကျုပ်တို့မြို့က အထူးလိုက်နာရတဲ့ စည်းကမ်းတွေရှိတယ်"

"ဆိုစမ်းပါဦး"



"ဥပမာ . . . ဓွန်လငါးရက်နေ့။ ကမ္ဘာ့ပတ်ဝန်းကျင်နေ့ဆိုရင် ကျုပ်တို့မြို့မှာ ကားတွေ ဆိုင်ကယ်တွေ မောင်းခွင့်မရှိတော့ဘူး။ သူတို့ဆီကထွက်လာတဲ့ ဓာတ်ငွေ့တွေက ပတ်ဝန်းကျင်ကို ထိခိုက်စေတယ်လေ။ ဒါကြောင့်ပေါ့"

ပြီးတော့ . . . ကောင်မလေးက တိရစ္ဆာန်များနေ့တွင် ဘာလုပ်သနည်းဟု မေးပြန်သည်။

"တိရစ္ဆာန်ပွဲတော် ကျင်းပတာပေါ့ဗျာ။ တိရစ္ဆာန်တွေကို ဝိုင်းဖမ်းကြတယ်လေ"

"ဟမ် . . . တိရစ္ဆာန်များနေ့မှာ တိရစ္ဆာန်ဖမ်းတယ်"

"ဩော် . . . ဆုံးအောင် နားထောင်မှပေါ့။ တိရစ္ဆာန်တွေဖမ်းတယ်။ ပြီးတော့ ဖမ်းမိတဲ့ တိရစ္ဆာန်ထဲမှာ ဒဏ်ရာရတာတွေပါရင် ဆေးကုပေးတယ်။ ဒဏ်ရာမရဘူးဆိုရင်တော့ အစာကျွေးပြီး ပြန်လွှတ်ပေးလိုက်တာပေါ့။ ပြီးတော့ တိရစ္ဆာန်မွေးမြူရေးခြံတွေဆီက အလှူငွေလိုက်ကောက်တယ်။ အလှူငွေမထည့်တဲ့ လူတွေကိုတော့ မှတ်ထားပြီး ညကျရင် သူတို့မွေးမြူရေးခြံက ကြက်တွေ၊ ဝက်တွေကို ခိုးပြီး လွှတ်ပေးပစ်တတ်ကြတယ်"

"အဟား . . . ရှင်တို့ မြို့ကတော့ တကယ့်စံပဲ"

ကောင်မလေး သဘောကျနေတော့သည်။

ကောင်မလေး၏ သဘောကျဟန်ကို သူလည်း သဘောကျမိလေသည်။

"ရှင်တို့ကျောင်းရဲ့ အခမ်းနားဆုံးပွဲတော်ဆိုရင် ဘယ်ပွဲတော်ဖြစ်မှာလဲ"

ထိုအမေးကို သူ ပြန်ဖြေရင်း ကျောင်းတော်သို့လည်း လွမ်းမိလေသည်။

"Smile Day မှာ ကျင်းပတဲ့ အပြုံးပွဲတော်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

## (8)

ပါမောက္ခဂျွန်ဗက်ဆဲလ်၏ ခြံဝန်းထဲရှိ တရုတ်စံကားပင်အောက်တွင် သူတို့ရောက်နေကြပါသည်။ ဆိုင်မွန်က သူ သဲလွန်စရခဲ့ပုံကို ရှင်းပြနေခြင်းဖြစ်သည်။

“ပါမောက္ခ ဂျွန်ဗက်ဆဲလ်ကိုယ်တိုင်က ငါ့ကို အမှတ်မထင်ပြောပြခဲ့ဖူးတာလဲ။ အဲ့ဒီတုန်းက . . .”



အဲသည်တုန်းက စာကြည့်တိုက်ထဲတွင် ဆိုင်မွန် ဥပဒေစာအုပ်တစ်အုပ် ဖတ်နေချိန်ဖြစ်သည်။ ပါမောက္ခဂျွန်ဗက်ဆဲလ်က စာကြည့်တိုက်မှူးနှင့် ကော်ဖီသောက်ရင်း ကျောင်းရေးကျောင်းရာများ ဆွေးနွေးရန် ရောက်လာခဲ့သည်။

စာကြည့်တိုက်မှူး အပြင်ခဏသွားသဖြင့် ကော်ဖီခွက်ထိုင်ကာ စောင့်ဆိုင်းစဉ် ဆိုင်မွန့်ကိုတွေ့ကာ အနားရောက်လာသည်။ နောက် . . ဆိုင်မွန်ဖတ်သည့် စာအုပ်နှင့်ပတ်သက်ပြီး စကားစမြည် ပြောဖြစ်သွားကြသည်။

ပါမောက္ခဂျွန်ဗက်ဆဲလ်သည် သူ့အလုပ်ကို သူ့အသက်ထက် ပိုတန်ဖိုးထားသော ရှားပါးပြီး အမျိုးကောင်းသည့် လူမျိုးဖြစ်သည်။ အမြဲတမ်း ခေါင်းထဲမှာ ကျောင်းကိစ္စရှိနေသူဖြစ်သည်။

ယခုလည်း ခေါင်းထဲရောက်နေသည့် ကျောင်းကိစ္စများက တစ်ဖက်၊ ဆိုင်မွန်နှင့် စကားစပ်မိနေသည့် ဥပဒေအကြောင်းက တစ်ဖက်နှင့် ရောထွေးသွားကာ ကျောင်း၏ဥပဒေအကြောင်းတွေ ပြောဖြစ်ခဲ့ကြသည်။

“တက္ကသိုလ်တိုင်း၊ တက္ကသိုလ်တိုင်းမှာ သူ့ဥပဒေနဲ့ သူရှိကြတာချည်းပဲ။ ငါတို့ အစဉ်အလာကြီးတဲ့ တက္ကသိုလ်မှာလည်း ဒီလိုပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်တွေဟာ ဒဿနဂိုဏ်းတွေ၊ ဘာသာရေးဂိုဏ်းနဲ့ ဘုရားရှိခိုးကျောင်းကြီးတွေကနေ ပေါက်ဖွားခဲ့ကြတာပဲ။ ဒါကြောင့် တက္ကသိုလ်ဆိုတာ မြင့်မြတ်ဌာနတစ်ခုလို့ ပြောနိုင်တယ်"

"ဟုတ်ကဲ့"

နောက်ပြီး ပါမောက္ခ ဂျွန်ဗက်ဆဲလ်သည် ကျောင်းသားများ၏ အရေးပါပုံကိုလည်း ပြောပြသေးသည်။

"ကျောင်းတစ်ကျောင်းကို ပြောင်းလဲစေတာ ကျောင်းအုပ်လည်း မဟုတ်ဘူး၊ ဆရာတွေလည်း မဟုတ်ဘူး၊ ကျောင်းသားတွေပဲ။ ကျောင်းသားတွေရဲ့ ကြိုးစားမှု၊ ထက်မြက်မှုတွေဟာ တက္ကသိုလ်တွေကို ပြောင်းလဲတိုးတက်စေတာပဲ။ ကျောင်းသားတွေရဲ့စွမ်းရည်ဟာ အတိုင်းအစမရှိဘူး။

ဆရာတို့ကျောင်းက ကျောင်းသားတွေကလည်း လူတော်တွေပဲလို့ ဆရာယုံကြည်တယ်။ ချမှတ်ထားတဲ့ စည်းကမ်းဥပဒေတွေကို တစ်သွေမတိမ်း လိုက်နာပြီးနေတယ်။ ဟိုရှေးတုန်းက ကျောင်းသားတွေဆို Hero University က ကျောင်းသားတွေလို့ မပြောရဘူး။ သိပ်သူရဲကောင်းဆန်ကြတာ"

ပါမောက္ခဂျွန်ဗက်ဆဲလ်၏ စကားများကို ဆိုင်မွန် လွန်စွာစိတ်ဝင်စားနေသည်။ ဂျွန်ဗက်ဆဲလ်ကိုယ်တိုင်လည်း သူ့စကားတွင် သူပြန်အာရုံဝင်လျက် ပြောမှန်းမသိ ဆက်ပြောနေမိသည်။

"ဆရာတို့ကျောင်းကြီး ပြဿနာတွေ့ကြုံပြီး ပြိုကွဲမလိုတွေ ဖြစ်တုန်းကလည်း ကျောင်းသားတွေကပဲ ကျောင်းကြီးကို ကယ်တင်ခဲ့တာ။ အဲဒီလို သမိုင်းတွေစာကြည့်တိုက်မှာ ထားထားတာပဲ။ ဟို . . . "

ပြောပြီးမှ . . . သူ့စကားလွန်နေမှန်း သူ ပြန်သတိထားမိသွားသည်။ သူပြောသည့်ကျောင်း၏ လျှို့ဝှက်သမိုင်းဥပဒေများသည် ကျောင်းပါမောက္ခအဆက်ဆက်လက်ထက်တွင် စာကြည့်တိုက်၏ တားမြစ်နယ်မြေထဲတွင် ထိန်းသိမ်းထားသည်ကို ပြန်သတိရသွားသည်။



ပါမောက္ခဂျွန်ဗက်ဆဲလ်သည် စကားမပြောတော့ဘဲ ကော်ဖီကိုပဲ သောက်နေတော့သည်။ ဆိုင်မွန့်အနားမှ ထွက်ခါနီးမှ . . .

"အင်း . . . ဘာပဲဖြစ်ဖြစ် ကျောင်းသားတွေသာ လုပ်နိုင်မယ်"

ဟူသည့် တစ်ခွန်းကို စကားပိတ်အနေနှင့် ရေရွတ်ပြော ပြောသွားခဲ့သည်။

ထိုစကားများကို အချိန်အတော်ကြာသည်အထိ ဆိုင်မွန် မှတ်မိနေခဲ့သေးသော်လည်း နောက်ပိုင်းမှာတော့ မေ့လျော့သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို အခု မင်း ဘယ်လိုလုပ် ပြန်သတိရတာလဲ"

ဘော့ပါက မေးခြင်းဖြစ်သည်။

"အေး . . . သတိရပုံကလည်း ဆန်းတယ်။ အဲဒီတုန်းက ငါ ဆေးရုံကနေ ဆရာကတော် လေတန်ဗက်ဆဲလ်ကို အိမ်ပြန်လိုက်ပို့တာ။ ပြီးတော့ စိတ်ညစ်ညစ်နဲ့ တရုတ်စံကားပင်ကြီးအောက် လျှောက်မှန်းမသိ လျှောက်သွားမိရော"

"အင်း . . . "

"အဲဒီမှာ ပါမောက္ခဗျန်ဗက်ဆဲလ်ရဲ့ ဒိုင်ယာရီစာအုပ်လေးကို ငါ ကောက်ရတယ်။ ဆရာက စိတ်တွေ ကစဥ့်ကလျားဖြစ်နေပြီဆိုတာ မင်းတို့လည်း သိတာပဲ။ ဒါကြောင့် ဒိုင်ယာရီထဲမှာ ရေးထားတဲ့ စာတွေက လည်း ကပေါက်တိကပေါက်ချာတွေ ဖြစ်နေတယ်။ ငါလည်း ဆရာ ဒီ လိုလျှောက်ရေးထားတဲ့ စာတွေကိုကြည့်ပြီး ဝမ်းနည်းလွန်းလို့ ငိုတောင် ငိုချင်မိတယ်။ ဒါပေမဲ့ အဲဒီအချိန်ပဲ စံကားပွင့်လေးတစ်ပွင့်က ဒိုင်ယာရီ စာအုပ်အပေါ် ကျလာရော"

"အင်း"

"ဒါဆရာလျှောက်ရေးတဲ့ စာတွေပဲ"

ဆိုင်မွန်က ဒိုင်ယာရီစာအုပ်တွေကို လှပ်ပြသည်။

တော်တော် ကစဥ့်ကလျားနိုင်သည့် စာတွေကို သူတို့ တွေ့ လိုက်ရသည်။




သိုးတွေကျောင်းမယ်၊ ဘောင်းဘီဝယ်မယ်
ရောဘတ်ဒဗလျူရဲ့သားတွေ ရေနစ်သေ
မယ်တော်ဘုရား တရမယ့်ကောင်တွေ
ဘာမှမဖြစ်ရင်လည်း လုပ်သာလုပ်ပါကွာ
မင်းတို့နိုင်အောင် ဂျူခင်းထဲလျှောက်လည်

ဘီဒီနှင့် ဘော့ပါ ဖတ်ကြည့်သည်။ ခေါင်းကုတ်သွားသည်။ ဆိုင်မွန်က သူတို့မျက်နှာကို ကြည့်ကြည့်ပြီး ရှင်းပြသည်။

"အဲဒီစာတွေပေါ် စံကားပွင့်လေးက ဒီလိုကြွေလာတယ်"

အနီးရှိ စကားပွင့်လေးကိုယူကာ စာတွေအပေါ် တင်ပြလိုက်သည်။ ပြီးလျှင် ပန်းပွင့်၏ ပွင့်ချပ်အကြားမှာ ရှိနေသည့် စာလုံးများကို လည်း ဘောလ်ပင်နှင့် အစက်ချကာ ဘောင်ခတ်ပြလိုက်သေးသည်။






www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . မင်းတို့ အဲ့ဒီပွင့်ဖတ်ကြားက စာလုံးတွေကို ငါ ဘောလ်ပင်နဲ့ အစက်ချဝိုင်းပြထားသလောက် အပေါ်ကနေစပြီး လက်ယာရစ် ဖတ်ကြည့်စမ်း"

သူတို့ အသံထွက်ဖတ်လိုက်ကြသည်။

"ကျောင်းသားတွေသာ လုပ်နိုင်မယ်"

ဆိုင်မွန် ကျေနပ်ခြင်းဖြင့် ခေါင်းညိတ်သည်။

"အင်း . . . အဲဒါပဲပေါ့။ ဒါခုနက မင်းတို့ကိုငါပြောတဲ့ ပါမောက္ခ ဗွန်ဗက်ဆဲလ် ငါ့ကိုရေရွတ်ပြော ပြောခဲ့တဲ့ စကားပိတ်စကားပဲ။ အဲဒီစကားကိုကြားပြီး . . . အင်း . . . မြင်ယောင်လိုက်မိပြီး . . . စာကြည့်တိုက်က တားမြစ်ဆောင်ကို ငါ သတိရခဲ့တာပဲ"

" . . . . . "

"ဒီတားမြစ်နယ်မြေ အဆောင်ထဲက မှတ်တမ်းတစ်အုပ်အုပ်မှာ အခု ငါတို့ပြဿနာကို တစ်မျိုးတစ်ဖုံ အထောက်အကူပြုနိုင်တဲ့ ငါတို့ ကျောင်းရဲ့ အစဉ်အလာကောင်းတွေ ရှိမယ်လို့ ငါယုံကြည်တယ်။ အခု ငါ့ယုံကြည်ချက် မှန်ခဲ့ပြီ"

"မင်း တော်တယ်"

ရှေ့ဆက်လုပ်ရမည့် ကိစ္စအတွက်လည်း ပြောရပြန်သည်။

"အခု ငါတို့ ဆက်လုပ်ရမှာက အယူခံလွှာတွေကို ကျောင်းသားတစ်ယောက်ချင်းစီကို ဝေမယ်။ သူတို့ရဲ့ ကျောင်းသားမှတ်ပုံတင်နံပါတ်၊ အမည်တွေနဲ့အတူ လက်မှတ်ထိုးခိုင်းမယ်"

"အင်း . . . ဟုတ်တယ်။ ဒါမှ ကျောင်းသားတစ်ယောက်ချင်းစီတိုင်းက အလေးအနက်တောင်းဆိုနေတယ်ဆိုတာ ပြည်နယ်ပညာရေးမှူး မစ္စတာကလော့တန် သိမှာပဲ"

"ဟုတ်တယ် . . . ဝီရိယအကျိုးဆိုတာကို ငါယုံတယ်။ ကဲ .. စကြစို့"

ထိုအချိန် ကိန်းသည်လည်း သူတို့ရှိရာ တရုတ်စံကားပင်အောက်လျှောက်လာသည်ကို သူတို့တွေ့လိုက်ရသည်။ အနားရောက်တော့ သူတို့ကို မပွင့်တပွင့် ပြုံးကာကြည့်ရင်း . . .

"တားမြစ်ဆောင်ထဲ ဝင်ခဲ့တဲ့ ခရီးမှာ မင်းတို့အတွက် အဓိကအထောက်အကူဖြစ်စေခဲ့တဲ့ ငါ့ကို ဘာလို့ အခုမှ ဖယ်ထားကြတာလဲ"

"ဟင် . . . ဘာသဘောလဲ"

ကိန်းက ဆိုင်မွန့်လက်ထဲက အယူခံလွှာတစ်ထပ်ကြီးကို ဆွဲယူလိုက်သည်။

"ဘာသဘောရမှာလဲ။ ဒီ အယူခံလွှာတွေကို ငါလည်း ဝေမယ်ဆိုတဲ့ သဘောပေါ့။ ကျောင်းရဲ့ နာမည်ကြီးကျောင်းသားကလည်း တယ်မိန်းတာပဲ"

ကိန်းစကားကြောင့် ဆိုင်မွန် ဝမ်းသာစွာ ပြုံးရပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(9)

## ဘော့ပါက မိန်းကလေးအဆောင်တွေဘက်

အဆောင်အဝင်ခြံဝန်းတံခါးဝမှာ ရပ်နေတာကြာပြီ။ မည်သူ
လည်း အလိုက်တသိထွက်မလာ။ လှမ်းခေါ်တော့လည်း မကြားချင်ယော
ဆောင်နေကြသည်။ ဘာဖြစ်လို့ပါလိမ့်။

နားမလည်မှုနှင့် ဘော့ပါ ခေါင်းကော၊ ဗိုက်ပါ ကုတ်မိသည်

အခုမှ အဆောင်ထဲဝင်ရန် လာနေသည့် ကျောင်းသူနှစ်ယော
ကို တွေ့လိုက်ရသောအခါ ဘော့ပါ ဝမ်းသားလုံးဆို့စွာ ပြုံးလိုက်မိတေ
သည်။ ပြုံးလိုက်ပုံမှာ ပါးစပ်က နားရွက် တက်ချိတ်မချိတ်တော့မသ
နှာခေါင်းအထက်သို့တော့ နည်းနည်းကျော်သွားသည်။

"ဟေး . . . နိုဗာနဲ့ ကက်သရင်း"

နိုဗာနှင့် ကက်သရင်းက ဘော့ပါကိုမြင်တော့ ခွေးလှေးယ
သီးကိုမြင်လိုက်ရသလို တွန့်သွားသည်။ ထွက်ပြေးရန်လည်း ကြံမိသည
ဘော့ပါအပြေး လှမ်းပိတ်ထားလိုက်ရသည်။

"ဟာ . . . နင်တို့ကလည်း စိမ်းကားလှချည်လား။ (He
တက္ကသိုလ်ဆိုတာ တစ်ဦးနဲ့တစ်ဦး အမြဲတမ်း နွေးနွေးထွေးထွေးနေရ
မို့လား"



သိပါတယ် . . .။ နင်လာရင် ဗိုက်ဆံချည်းချေးလွန်းလို့ ငါ
တို့က ထွက်ပြေးတာပါ"

"ကျွတ် . . . နင်တို့ကလည်း အထင်သေးဆို။ ဒါနဲ့ တစ်ဆောင်
လုံးလည်း ငါ့ကို ရှောင်နေကြသလိုပဲ"

"အဲဒါလည်း နင် ဗိုက်ဆံချေးမှာ ကြောက်လို့ပဲနေမှာ"

ကောင်းရော . . .။ ဘော့ပါမျက်နှာမှာ ကြွက်တွေဝိုင်းကိုက်
ပစ်လိုက်ကြသော ဒိန်ခဲကြီးလို ပွဲရှဲ့သွားလေတော့သည်။

"စိတ်ညစ်ရတဲ့ကြားထဲ နင် ဘာလာလုပ်တာလဲ"

"နင်လည်း ကျောင်းပြောင်းမှာလား"

ဘော့ပါကို မေးခွန်းတွေ ပြန်ထုတ်ကြသည်။

ဘော့ပါ ခေါင်းယမ်းသည်။ ကျေနပ်စွာ ခေါင်းယမ်းသည်။

"ငါလည်း မပြောင်းဘူး၊ နင်တို့လည်း မပြောင်းရဘူး။ ဒီမှာ
ကြည့် . . ."

ဘော့ပါက ကျောပိုးအိတ်ထဲက အယူခံလွှာအထပ်လိုက်ကြီး
ကို ထုတ်ပြသည်။

ကျောင်းသူနှစ်ယောက်က ယူကြည့်ပြီး မျက်လုံးပြူး မျက်ဆန်
ပြူး ဖြစ်ကုန်ကြသည်။

"ဘော့ပါ . . . နင် . . . နင် . . ."

"နင် ကျောင်းတော်ရဲ့ စည်းကမ်းချက်တွေကို ဖောက်ဖျက်တာ
ပဲ။ နင် ဘာလို့ ဒီလိုလုပ်တာလဲ။ ပါမောက္ခကလွဲလို့ ဒီလို လုပ်ခွင့်မရှိဘူး
လေ။ ကျောင်းရဲ့အစဉ်အလာတွေကို ကျောင်းတော်ကြီး ပျက်သွားတဲ့အထိ
ထိန်းသိမ်းရမယ်လို့ ငါတို့သစ္စာဆိုပြီးမှ ဒီကျောင်းမှာ ကျောင်းသားလုပ်
ခဲ့တာမို့လား။ နင် . . ."

"နင် . . . ရူးသွားပြီလား"

သူမတို့ ကြောက်လန့်စွာ ငြင်းကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အဆောင်ထဲမှ တခြားကျောင်းသူတွေလည်း ထွက်လာကြသည်။ ဝိုင်းလာကြပြီ။ အယူခံလွှာတွေကို မြင်သောအခါ အားလုံး ကြောင်ကုန်ကြသည်။ တီးတိုးတီးတိုးနှင့် ကျွက်စီညံကုန်တော့သည်။

ဘော့ပါ ရှင်းပြရတော့မည်။

"ကျောင်းတော်ရဲ့ အစဉ်အလာတွေကို ချိုးဖောက်တာ မဟုတ်ပါဘူး။ တကယ်တော့ ငါက ကျောင်းတော်ရဲ့ တော်ဝင်အစဉ်အလာတွေ လိုက်နာတာပါ"

"ဘာ . . . "

"ဘယ်လို . . . "

"ဟုတ်တယ်၊ . . . ။ ငါတို့ကျောင်းဟာ အရေးကြုံလာရင် ကျောင်းသားတွေအချင်းချင်း ညီညွတ်ပြီး ကျောင်းတော်ကို ကာကွယ်ခဲ့ကြတဲ့ သမိုင်းတွေရှိတယ် ၁၈၀၁ ခုနှစ်က . . . . . . . ၁၈၉၉ ခုနှစ် တုန်းကလည်း . . . . . . . . . . . . . . . "

ဘော့ပါ တားမြစ်ဆောင်ထဲမှ ရခဲ့သည် လျှို့ဝှက် Data တွေကို ထုတ်သုံးရတော့သည်။ ကျောင်းသူတွေ မျက်လုံးအပြူးသားနှင့် နားထောင်ကြသည်။ ဘော့ပါ စကားဆုံးမှ . . .

"နင်ပြောတာတွေကို ငါတို့က ဘယ်လိုယုံရမှာလဲ "

ဘော့ပါ ကျောပိုးအိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ပြီးပြလိုက်သည်။ တားမြစ်ဆောင်ထဲမှ ရခဲ့သည့် လျှို့ဝှက်သမိုင်း ဥပဒေစာအုပ်၏ မိတ္တူဖြစ်သည်။

"ဒီစာအုပ်က စာကြည့်တိုက် တားမြစ်ဆောင်ထဲက ရခဲ့တာပဲ"

"ဘာ တားမြစ်ဆောင်ထဲက"

"နင် . . . နင်က စည်းကမ်းတွေကို ချိုးဖောက်နေတာပဲ။ နင် အပြစ်ပေးခံရတော့မယ်"

ကျောင်းသူတွေ ကတုန်ကယင်နှင့် လန့်ဖျပ်နေကြသည်။

ဘော့ပါသည် တစ်သက်လုံး မတည်တံ့ဖူးသည့် မျက်နှာကို



အလေးနက်ဆုံးအဖြစ် တည်တံ့ပစ်လိုက်သည်။

"ငါတို့ကျောင်းသာ ဆက်တည်မြဲမယ်ဆိုရင် ဘယ်အပြစ်ဒဏ်မဆို ငါ ခံရဲတယ်"

အမျိုးသမီးထုကြီး ငြိမ်ကျသွားပါသည်။

အတော်ကြာသည်။ . . . . .

. . . . . . . . . .

အတော်ကြာသည်။

ပထမဆုံး မိန်းကလေးတစ်ယောက်၏လက် ရွေ့လာသည်။

ဘော့ပါဆီမှ အယူခံလွှာကို ဆွဲယူခြင်းဖြစ်သည်။

"ငါ့ . . . ငါ့ကိုလည်း တစ်စောင်ပေး"

"ငါ့လည်း တစ်စောင်"

"ငါ့ကိုလည်း ပေးဦး"

"ငါ့ကောပဲ"

" . . . . . "

" . . . . . "

" . . . . . "

အလုအယက် ယူကုန်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဘီဒီက ကျောင်းဝန်းထဲအနံ့

ဘီဒီက နဂိုကတည်းကမှ အပြောကောင်း အဆိုကောင်းဖြစ်သဖြင့် ရှင်းပြရသော အခက်အခဲများနှင့် ကြုံရသော်လည်း ကျော်လွှားနိုင်ခဲ့သည်။ တကယ်တော့ ကျောင်းသားများအားလုံးသည် ကျောင်းတော်ကြီး ဆက်လက်တည်မြဲစေရန် ဆန္ဒပြင်းပြနေကြသည် မဟုတ်ပါလား။

ထို့ကြောင့် မဆွတ်ခင်က ညွတ်နေသော ဆန္ဒများအတွက် ရေငတ်တုန်း ရေတွင်းထဲကျခဲ့သလို ဖြစ်ခြင်းမျိုးနှင့် ကြုံရသည်ဟု ဆိုရမည်။

ဘီဒီကျောင်း၏ လမ်းကြိုလမ်းကြားမကျန် ကျောင်းသားတွေကို လိုက်ရှာသည်။ ဝေသည်။

"ကောင်လေး . . . "

" . . . . . "

"ကောင်လေး . . . ခေါ်နေတာ မကြားဘူးလား"

ပထမတစ်ခေါက် ခေါ်ကတည်းက သဲ့သဲ့ကြားပါသည်။ မသေချာသဖြင့် လှည့်မကြည့်မိ။ အခုမှ လှည့်ကြည့်မိခြင်းဖြစ်သည်။

သူ့ကိုအော်နေတာ သူတောင်းစားကြီးမှန်းသိသောအခါ ဘီဒီ နည်းနည်း အံ့သြသွားသည်။



"ဗျာ . . . ကျွန်တော့်ကို ခေါ်တာလား"

"အေး . . . လာခဲ့"

အနားသို့ သွားရသည်။

ယာဂုပေနေသည့် လက်မကြီးကို 'ပလပ် . . . ပလပ်' မြည်အောင် စုပ်ပြီး . . .

"ငါလည်း စာရေးတတ်တယ်၊ စာဖတ်တတ်တယ်လေ။ ပေး .. ယူခဲ့လွှာတစ်ရွက် ငါလည်း ဖြည့်ပေးမယ်"

"ဗျာ . . . "

"ပြောတာ မရှင်းလို့လား"

"ဟုတ် . . . ရှင်း . . . ရှင်းပါတယ်။ ဒါပေမဲ့ ဒါက ကျောင်းသားတွေကိုပဲ ဝေရမှာမို့လို့ပါ"

သူတောင်းစားကြီးဟာ တဟားဟား ထရယ်သည်။ တကယ့်ကို ဟက်ဟက်ပက်ပက် ရယ်ခြင်းမျိုး။ ဘီဒီ ခေါင်းကုတ်ရချေပြီ။ ငါဘာရယ်စရာများ ပြောမိလို့လဲ။

"ကျောင်းသား . . . ငါလည်း ကျောင်းသားပဲလေ"

"ဗျာ"

တဟားဟားနှင့် ထပ်ရယ်ပြန်သည်။

"မင်း . . . တိုင်းသူပြည်သားဆိုတာ ဘယ်လိုလူမျိုးကို ခေါ်တာလဲ သိလား"

"တိုင်းပြည်တစ်ခုရဲ့ နယ်နိမိတ်အတွင်းမှာ နေထိုင်လုပ်ကိုင် စားသောက်ပြီး အဲဒီတိုင်းပြည်အပေါ် သစ္စာရှိတဲ့သူ၊ အဲဒီတိုင်းပြည်အတွက် ဘာကွယ်နိုင်၊ အကျိုးပြုနိုင်တဲ့လူကို တိုင်းသူပြည်သားလို့ ခေါ်တာလို့ ထင်ပါတယ်"

တဟားဟား ထရယ်ပြန်သည်။ ဘာသဘောနှင့်ရယ်မှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com

"ဒီတစ်ခါဖြေတာ မဆိုးဘူး။ ကဲ . . . ကျောင်းသူကျောင်းသား ဆိုတာလည်း ဒီလိုပဲပေါ့ကွ။ ကျောင်းရဲ့ နယ်နိမိတ်အတွင်းမှာ နေထိုင်လုပ်ကိုင်စားသောက်ပြီး ကျောင်းတော်ကို သစ္စာရှိ၊ ကာကွယ်အကျိုးပြုနိုင်တဲ့သူဟာ ကျောင်းသူကျောင်းသားပဲပေါ့။ ကျောင်းအုပ်ကြီးလည်း ကျောင်းကကျွေးတာ စားတဲ့အတွက် ကျောင်းသားပဲ။

ကျောင်းဆရာတွေ၊ ဆရာမတွေလည်း ကျောင်းတော်ရဲ့အရိပ်မှာ ခိုလှုံတဲ့အတွက် ကျောင်းသားပဲ။ ကျောင်းမှာ ဈေးရောင်းတဲ့ အဘွားကြီးလည်း ကျောင်းကို အမှီပြုပြီး အသက်ရှင်ရတာကြောင့် ကျောင်းသူပဲ၊ ဒီလိုပဲသန့်ရှင်းရေးသမားနဲ့ အိမ်သာဆေးတဲ့ လူတွေကလည်း ကျောင်းသားပဲ။ ငါတို့လို ကျောင်းဝန်းအတွင်းက လူတွေရဲ့ ပေးစာကမ်းစာစားတဲ့လူတွေကလည်း ကျောင်းသားပဲပေါ့ကွာ။ ကုန်ကုန်ပြောမယ် ကျောင်းနယ်နိမိတ်မှာ နေထိုင်လုပ်ကိုင်တဲ့ လူမှန်သမျှ ကျောင်းသားပဲ"

ဘီဒီနည်းနည်းတော့ တွေဝေသွားသည်။ သူတောင်းစားကြီး၏ စကားက ဆန်းနေသည်။ ဟုတ်သလိုလိုလည်း ရှိနေသည်။

"ဒါဆို ကျွန်တော်တို့ စာသင်တဲ့ ကျောင်းသားတွေကို အခေါ်အဝေါ်အရသာ သိမ်းကျုံးပြီး ကျောင်းသားလို့ အလွယ်ခေါ်ထားတာပေါ့နော်"

"ဟုတ်တယ် . . . အမှန်ဆို မင်းတို့ကို စာသင်သူ စာသင်သားလို့ကို ပြောင်းခေါ်သင့်တယ်။ အဲဒါ ငါ့အယူအဆပဲ။ ဘာလဲ . . . ငါကြိုက်တာ ယူဆလို့ မရဘူးလား"

"အာ . . . မဟုတ်ပါဘူး။ ရပါတယ် . . . ရပါတယ်။ ယူဆပါ"

(Hero)တက္ကသိုလ်၏ အတော်ဆုံးစကားရည်လုသမား ကျောင်းသား သူတောင်းစားကြီးရှေ့တွင် ပြားပြားဝပ်နေရသည်။



"ကဲ . . . ပေး . . . အယူခံလွှာ။ ငါတစ်ခါတည်း ဖြည့်ပေးလိုက်မယ်။ ယူသွား . . . ။ ပြီးရင် ကျောင်းထဲက ဈေးသည်တွေ၊ သန့်ရှင်းရေးသမားတွေဆီက အစလိုက်ပြီး အယူခံလွှာ ဖြည့်ခိုင်း။ ကြားလား"

"ဟုတ်ကဲ့ . . . ကျေးဇူးပဲဗျ။ ဒီလို ဦးလေးရဲ့အယူအဆကို ပြောပြတာ"

"ဘာလဲ ပြောပြလို့ မရဘူးလား။ ငါ့ပါးစပ်နဲ့ ငါပြောတာ လျှောက်လွှာတင်ရဦးမလား"

"အာ . . . ရပါတယ်။ ပြောပါ . . . ပြော . . . အဟဲ . . ."

စိတ်ချည်းပဲ။

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

"ဘာ . . . ဒီအတိုင်း ထွက်သွားမလို့လား။ ငါ သူတောင်းစားကွ။ အားယားနေတဲ့ကောင် မဟုတ်ဘူး။ မင်းနဲ့ ဒီလိုစကားပြောလိုက်ရတာ ဘယ်လောက် အချိန်ကုန်တယ်မှတ်လဲ။ သူတောင်းစားနဲ့ စကားပြောပြီးရင် ပိုက်ဆံထည့်ရတယ်ကွ။ ဒီသဘောတရားတွေတောင် မသိဘူးလား"

"ဩော် . . . ဟုတ် . . . ဟုတ်ကဲ့"

အကြွေစေ့လေး ခွက်ထဲအသာအယာထည့်ပြီး လစ်ထွက်ခဲ့ရပါသည်။ ဘီဒီတော်တော်လေး အနိုင်တာခံခဲ့ရသည်။

သို့သော် သူတောင်းစားကြီးရှေ့မှ ထွက်ခဲ့သော ဘီဒီ့အပြုံးတို့က အင်ပြည့်အားပြည့် ရှိလှပေသည်တကား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ကိန်းက လူဆိုးတွေဆီ

သည် ကင်န်တင်းထဲ တော်ရုံလူ မလာရဲ။

အရိုးခေါင်းအလံ လွှင့်မထားသော်လည်း သည်ကင်န်တင်းထဲ ရောက်ပါက ပင်လယ်ဓားပြလှေပေါ်ရောက်သလိုပင် ခံစားရမည်ဖြစ်သည်။ ဆိုင်ထဲရှိ ကျောင်းသားများသည် လှုမိုက်ဒီဖိုင်းအမျိုးမျိုးနှင့် သောက်စားလျက်ရှိသည်။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

ဖိနပ်သံကို သာမန်ထက်ပိုပြင်းအောင် လျှောက်ပြီး ကိန်း ဝင်လာခဲ့သည်။ ဆိုင်ထဲရှိ လူများက လှမ်းကြည့်ကြသည်။

ကိန်းကလည်း ပမာမခန့် ပြန်ကြည့်သည်။

ဆိုင်ထဲရှိ လူတစ်ယောက်က ထရပ်ပြီး . . .

"ဩော် . . . ဘယ်သူလဲလို့ (Mist Pool) ကင်န်တင်းမှာ ဘီဒီကို ရှုံးသွားတဲ့ ငနဲပဲ။ ဘာလဲ သွားကိုက်နေလို့ လာတာလား။ ဘယ်သွားချိုးပေးရမလဲ"

ကိန်းက ထိုလူကို မျက်မှောင်ကုတ်ကြည့်လိုက်သည်။



"ဒီလောက် ကျောင်းမှာ ပြဿနာတွေ ကြုံနေတာတောင် မင်းတို့က အလဟဿ မာန်တက်နေရတဲ့ဘဝမှာ ပျော်နေသေးတယ်"

"ဘာကွ . . ."

"ဘာမှမကွဘူး။ ဒီမှာ အယူခံလွှာတွေ။ ကျောင်းတော်ဆက်လက်ရှင်သန်ဖို့ အယူခံလွှာတွေမှာ မင်းတို့ လာဖြည့်ကြ"

ဆိုင်ထဲရှိ လူတွေ ငြိမ်သွားကြသည်။ ကိန်းကို အရူးတစ်ယောက်လို ကြည့်ကြသည်။

"'ချောင်'နေပြီထင်တယ် ဒီကောင်တော့ . . .။ မင်းက ဘာမို့လို့ ဒီလို အယူခံကိစ္စတွေဘာတွေ လာပြောနေရတာလဲ။ ကျောင်းရဲ့ အစဉ်အလာတွေကို နားမလည်ဘူးလား။ ငါတို့လို ဆိုးသွမ်းပါတယ်ဆိုတဲ့ ကျောင်းသားတွေတောင် နားလည်တယ်။ ပါမောက္ခကလွဲရင် ဘယ်သူမှ ဒီလိုကိစ္စမှာ အမိန့်ပေးလို့မရဘူး"

ကိန်းက စိတ်ရှုပ်သလို အနီးရှိ စားပွဲပေါ်က ယမကာခွက်ကို ကောက်မော့သောက်လိုက်သည်။ ပြီးလျှင် ကြမ်းပြင်ပေါ် ခပ်မိုက်မိုက် ဇစ်ရိုက်ခွဲပစ်လိုက်သည်။

"အစဉ်အလာတွေ . . . အစဉ်အလာတွေ . . . အဲဒါတွေပဲ မင်းတို့ ရွတ်နေတော့။ အဲဒါတွေကြောင့် ငါတို့ကျောင်း ဒုက္ခရောက်တာကွ . . . နားလည်လား"

"ဘာ . . ."

"ဟုတ်တယ် . . .။ ဒီလိုနေရာတကာ အစဉ်အလာတွေနဲ့ ဆောင်ခတ်ထားလို့ ငါတို့ကျောင်းမတိုးတက်တာ။ ငါတို့ကျောင်း ဒီလို ပြဿနာနဲ့ ကြုံရတဲ့ကိစ္စမှာ အလွယ်တကူ အယူခံဝင်ပြီး တုံ့ပြန်ဖို့တောင် ဒီအစဉ်အလာတွေကြောင့် အလုပ်ရှုပ်ရတယ်၊ တွန့်ဆုတ်ရတယ်၊ နှေးကွေးရတယ်ကွ။ မင်းတို့ ဒါကို နားလည်လား"

"ဘာ . . ."



www.burmeseclassic.com

www.burmeseclassic.com

သူတို့ နားမလည်ပါ။

"မင်း ဘာတွေပြောနေတာလဲ"

"အဟင်း . . . မင်းတို့ဘာမှ မသိဘူးမို့လား။ ဘယ်သိမလဲ ဒီလို အကန်းကမ္ဘာထဲမှာ နေသားကျနေမှတော့ ဘယ်အလင်းကို အလင်းမှန်း သိတော့မှာလဲ။ မင်းတို့က အစဉ်အလာသမိုင်းလေးရှိမှ လုပ်ရဲတဲ့သတ္တိရှိတော့လည်း ငါက ရှုတ်ပြရမှာပေါ့။ ငါတို့ကျောင်း ရှေးတုန်းက ကျောင်းသားကြီးတွေဟာ တကယ့်ကို သူရဲကောင်းဆန်ခဲ့တယ်။ ၁၈၀၁ ခုနှစ်တုန်းကဆိုရင် . . . . . . ၊ ၁၈၉၉ ခုနှစ်မှာလဲ . . . . . . "

"အဲဒီလို သမိုင်းမျိုး ရှိခဲ့တယ်ပေါ့"

"ဒါ . . . ဒါ . . . တကယ်လား"

သူတို့ တွေဝေသွားကြသည်။

ကိန်းက စိတ်ပျက်သလို ခေါင်းမော့ရယ်နေလိုက်သည်။

"မင်းတို့ ယုံချင်ယုံ၊ မယုံချင်နေ။ ဒီအချိန် ကျောင်းထဲမှာ အယူခံလွှာတွေ ပြန့်နေလောက်ပြီ"

ကျောင်းသားဆိုးများသည် အချင်းချင်း တိုင်ပင်ကြလေသည်။ တကယ်တော့ သူတို့သည်လည်း ကျောင်းတော်ကြီး၏ ပြဿနာအတွက် ရင်နှင့်မဆန့်အောင် ခံစားနေရသူများ ဖြစ်ပါသည်။

"ငါတို့လည်း ငါတို့ကျောင်းကို ချစ်ပါတယ်ကွ။ ကျောင်းကြီး တည်မြဲစဉ်တုန်းက ဆိုးမိုက်ခဲ့တာ။ အခု ကျောင်းကြီး ပိတ်တော့မယ်ဆိုတော့ ငါတို့ လိမ္မာပြခွင့် မရတော့ဘူး။ ငါတို့အပြစ်တွေ ဆေးကြောခွင့် မရတော့ဘူးလို့ ထင်ခဲ့တာ"

"ဟုတ်တယ် . . . ငါတို့ အပြစ်တွေကို ဆေးတဲ့အနေနဲ့ အယူခံလွှာ ရေးရမယ်။ ကျောင်းကြီးတည်မြဲဖို့ အစွမ်းကုန် ဆောင်ရွက်မယ်ကွာ။ ပေး . . . အယူခံလွှာ . . ."

ကိန်း စားပွဲပေါ်တင်ထားသည့် အယူခံလွှာတွေကို အပြေးအလွှား ဝိုင်းယူကြတော့သည်။

ကိန်းက ဝဲလာသည့်မျက်ရည်တွေကို ကျောင်းသားဆိုးတွေ မမြင်ခင် လက်ခုံနှင့် သုတ်လိုက်ပါသည်။

✂ ✂ ✂

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## (10)

ပထမအဆင့် အောင်မြင်သည်ဟု ဆိုရမည်။

ကျောင်းသားအားလုံးက အစီအစဉ်ကို တက်ကြွစွာ ထောက်ခံကြသည်။ ပါဝင်ကြသည်။ စုစုပေါင်း အယူခံလွှာက (၁၂၀၀) ကျော်ရသည်။ သို့သော် (Hero)တက္ကသိုလ်တွင် ကျောင်းသားဦးရေ (၁၀၀၀) ခန့်သာ ရှိခြင်းဖြစ်သည်။

"ဒီအယူခံလွှာ နှစ်ရာလောက်က ဘယ်ကပိုလာတာလဲ"

ဒါကိုတော့ ဘီဒီက ရယ်ချင်ပက်ကျိမျက်နှာနှင့် ရှင်းပြရသည်။ ထူးဆန်းသည့် သူတောင်းစားကြီးနှင့် တိုးခဲ့ပုံကို ရှင်းပြလိုက်သည်။ သို့နှင့် သူ ကျောင်းထဲရှိ စျေးသည်များအလုပ်သမားများထံမှပင် အယူခံလွှာ ရေးနိုင်းခဲ့သဖြင့် ယခုလို ကျောင်းသားဦးရေထက် ပိုလျှံလာခြင်းဖြစ်လေတော့သည်။

"ဖြစ်ရမယ်"

ဆိုင်မွန်လည်း သဘောကျစွာ ရယ်သည်။



"ကဲ . . . အယူခံလွှာတွေ အင်အားကောင်းပြီဆိုတော့ မစ္စတာ ကလော့တန်ဆီပို့ဖို့ပဲ ကျန်တော့တယ်။ ကျောင်းက ကိုယ်စားလှယ်လွှတ်ပြီး ကိုယ်တိုင်သွားပို့ရမယ်"

"ဟုတ်တယ် . . . ဒါမှ စိတ်ချရမယ်။ လေးနက်မှုရှိမယ်"

ဘီဒီနှင့် ဘော့ပါကလည်း ခေါင်းညိတ်လက်ခံသည်။

"ဒါနဲ့ ကိုယ်စားလှယ်အနေနဲ့ ဘယ်သူ့ကို လွှတ်မှာလဲ"

"မင်းကိုလေ . . . "

"ဟမ် . . . ငါ့ကို"

"အင်းလေ . . . ကျောင်းတော်ရဲ့ အတော်ဆုံး စကားရည်လုသမားကိုမှ ဒီနေရာကိုမလွှတ်ရင် ငါက ဘယ်သူ့ကို သွားလွှတ်ရမှာလဲ"

"ထောက်ခံတယ်၊ ငါထောက်ခံတယ်"

ဘော့ပါကလည်း ခေါင်းကြီးကို ရပ်တည်ကြီးနှင့် ညိတ်ပြီး ထောက်ခံသည်။ ဘီဒီက မသွားချင်သလိုလို ဖြစ်နေသည်။

"ဘာဖြစ်နေတာလဲ မင်းကလည်း၊ ပြည်နယ်ပညာရေးမှူးနဲ့ သွားတွေ့ရမှာပဲ။ ယောက္ခမနဲ့ သွားတွေ့ရမှာကျလို့"

ဘော့ပါက ဝင်ညှော်ခြင်းဖြစ်သည်။ ဘီဒီက အီလည်လည်ကြီး ဖြစ်နေသည်။

"ဒါပေမဲ့ ဒီကိစ္စကြီးက တာဝန်ကြီးလွန်းတယ်ကွ"

"ဒါကြောင့် မင်းကို လွှတ်တာပေါ့ကွ"

ဟု ဆိုင်မွန်က ယုံကြည်မှုအပြည့်နှင့်ပြောသည်။

ဘီဒီဘာမှ မတတ်နိုင်တော့သည်မို့ ကိုယ့်ကိုယ်ကိုယ်သာ အားတင်းနေလိုက်တော့သည်။

"ဒါနဲ့ ညကျရင် ငါ့ကိုကူညီဦး"

"ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဂျက်စမင်ကို သွားခိုးတွေ့မလို့"

"ဟာ 'မ' ကိစ္စတွေ စိတ်မဝင်စားဘူးကွာ။ ဘယ်အချိန်သွားမှာလဲ"

"ည (၁၀) နာရီလောက်"

"စောင့်နေ . . . ဆက်ဆက်လာခဲ့မယ်"

ဟွန်း . . . မ,ကိစ္စ စိတ်မဝင်စားဘူးလည်း ပြောသေး။

ဘော့ပါကတော့ တကယ်မလွယ်။

ᐯ ᐯ ᐯ



ဘော့ပါကို အောက်ဆုံးမှာ ထားသည်။ ဘော့ပါအပေါ်မှာ ဘီဒီ၊ ဘီဒီအပေါ်မှာတော့ ဆိုင်မွန်တက်လိုက်ရသည်။ ထိုမှ ဆိုင်မွန့်ခေါင်းက လေသာဆောင် ဝရန်တာလေးနားသို့ ရောက်တော့သည်။

ထိုလေသာဆောင်ဝရန်တာရှိစားပွဲတွင် ဂျက်စမင်နှင့် အယ်လီက သူတို့ကျောင်းတော်ကြီးအကြောင်း စကားများစွာပြောနေကြသည်။ ထိုစဉ် ရုတ်တရက်ပေါ်လာသော ဆိုင်မွန်၏ခေါင်းကြီးကို အယ်လီက အရင်မြင်လိုက်သည်။ ဂစ်'ခနဲ တက်မလို ဖြစ်သွားသည်။

"ဟဲ့ . . . အယ်လီ၊ ဘာဖြစ်တာလဲ"

ပြန်မပြောနိုင်၊ လေနင်နေသည်။ နောက်မှ အသံက ညှစ်ထွက်လာသည်။

"ခေါင်း . . . ခေါင်း . . . ခေါင်းပြတ်ကြီး . . . "

အယ်လီက အဆင်အခြင်မဲ့ ဖွတ်ကြောက်နေသည်။ အမြင်ကတ်စရာကောင်းနင့် ဆိုင်မွန်သာ ငီးခနဲ လျှာတန်းလန်း ထုတ်ပြလိုက်လို့ကတော့ အယ်လီ ဒီဝရန်တာပေါ်တွင် ပွဲချင်းပြီးသွားနိုင်သည်။

"ခေါင်းမပြတ်ပါဘူးဟ . . . ငါပါဟ"

ဆိုင်မွန် အသံပြုရသည်။ ဂျက်စမင်လည်း ဆိုင်မွန့်ကို အခုမှ မြင်သွားသည်။ အနားသို့ အပြေးလာရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆိုင်မွန် . . . နင်လာတယ်"

"အင်း . . ."

အယ်လီပါ ကြောက်ကြောက်လန့်လန့်နှင့် အနားရောက်လာသည်။ ဆိုင်မွန့်ကို ဆိုင်မွန်ကော ဟုတ်ရဲ့လားဟု သံသယရှိနေသေးပုံပင်။

"နင့် . . . နင့်အရပ်ကြီးက ဘာလို့ဒီလောက် ရှည်သွားတာတုန်း။ ဝရန်တာကိုတောင် မှီတယ်"

"အာ . . . အောက်က လူထမ်းထားလို့ပါဟ၊ နင်ကလည်း"

အရေးထဲ အယ်လီက ကြောက်ကြောက်နှင့် ကြောင်နေသေးသည်။

လက သာနေသည်။

လရောင်ဆမ်းလျှက် ဂျက်စမင့်ပါးလေးက လွမ်းစရာကောင်းနေသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အချိန်အတော်ကြာအောင် မလွှဲတမ်း ကြည့်နေခဲ့ပါသည်။

အယ်လီက လှုရိပ်လှုခြေ ကင်းစောင့်ပေးသည်။

"နင် မြို့ကြီးကကျောင်းကို ဘယ်တော့ပြောင်းမှာလဲ"

"ငါတို့ကျောင်း တရားဝင်မပိတ်မချင်း မပြောင်းသေးဘူးလို့ ဝါမရမက ပူဆာထားတာ။ ဒါနဲ့ နင်တို့ အယူခံဝင်ဖို့ လှုပ်ရှားတဲ့ကိစ္စ မြို့ထဲမှာ အရမ်းနာမည်ကြီးနေပြီ"

"ဟုတ်တယ် . . . ဟုတ်တယ်။ ကျောင်းသားမိဘတွေက ဂုဏ်ယူကြတယ်။ လူကြီးတွေကလည်း ချီးမွမ်းကြတယ်။ သူ့ရဲကောင်းတက္ကသိုလ်က တကယ့်သူရဲကောင်းတွေ ထွက်လာပြီဆိုပြီးတောင် ပြောကြပြီ။ ဈေးထဲမှာကော၊ လမ်းဆုံက ကော်ဖီဆိုင်တွေမှာကော၊ လူစည်တဲ့နေရာတိုင်းမှာ နင်တို့သတင်းက ရေပန်းအစားဆုံးသတင်းဖြစ်နေပြီ။ ဂျက်စမင့်အဖေတောင် ဒီသတင်းကြားပြီး နင့်ကို အထင်ကြီးနေတဲ့ပုံပဲ"



အယ်လီက ကြားဖြတ်ပြီး ခပ်သွက်သွက် ဝင်ပြောခြင်းဖြစ်သည်။

"ဟုတ်လား"

"ဟုတ်တယ် . . . အဖေက ထူးထူးခြားခြား ရေရွတ်တယ်။ ဒီကောင်လေးက ဒီလိုကျတော့ ဘယ်ဆိုးလို့လဲတဲ့။ နင်သာ ဒီကိစ္စအောင်မြင်ရင် ကျောင်းနဲ့ ကျောင်းသားတွေအတွက်တင်မကဘူး။ ငါတို့ ရှေ့ရေးကောင်းဖို့လည်း မျှော်လင့်နိုင်မှာ"

ဆိုင်မွန် အားတွေပြည့်လာသည်။

"ဒါနဲ့ ဆိုင်မွန်ရော . . ."

စာရွက်နှစ်ရွက်ပေးသည်။ ဂျက်စမင်နှင့် အယ်လီ၏ အယူခံလွှာဖြစ်သည်။

"ကိုယ်တက်တဲ့ကျောင်းကိုမှ မချစ်ရင် ဘယ်ကျောင်းကို သွားချစ်ရမှာလဲ။ ငါတို့ကျောင်းကို ကာကွယ်ဖို့ဆိုတာ ငါတို့ကျောင်းသားတိုင်းရဲ့ ပြောစရာမလိုတဲ့ သိရင်းစွဲတာဝန်ပါ"

"အင်း . . . နင်ဟာ ငါ့အတွက်တော့ သိပ်ပြည့်စုံတဲ့ မိန်းကလေးပဲ . . . ဂျက်စမင်"

"အဲလို မှတ်ချက်ပေးတဲ့အတွက် ကျေးဇူးပါ . . . ဆိုင်မွန်။ နင်ဟာလည်း ငါ့အတွက် အကောင်းမွန်ဆုံး ကမ္ဘာမြေကပေးတဲ့ သေရာပါလက်ဆောင်တစ်ခုပါ"

အယ်လီက နားရှက်သလို ပြုံးစိစိမျက်နှာနှင့် ခပ်လှမ်းလှမ်းသွားနေနေတော့သည်။

အတန်ကြာမှ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်သွားအောင် ကိုင်ဆက်ပြီး ခွဲခွာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂျက်စမင်တို့ ခြံအပြင်ရောက်တော့ ညသည် သာယာစွာ အိပ်မောကျနေသည်ဟု ဆိုင်မွန် မြင်နေမိသည်။

"ကဲ . . . ဘီဒီ စောစောအိပ်။ နောက်နေ့ကစပြီး မင်းရဲ့ ခွန်စားခန်းခရီးစဉ်တွေ စတော့မယ်"

"အင်း . . . "

မနက်ဖြန် ဘီဒီ ပြည်နယ်ပညာရေးမှူး မစ္စတာကလေ့တန်ဆီ ခြေဆန့်ရတော့မည် မဟုတ်ပါလား။



(11)

ကားမှတ်တိုင်သည် လူသေကောင်၏ လက်ဖျံရိုးကဲ့သို့ မွဲခြောက်ခြောက်ဖြစ်နေသည်။ ထိုမှတ်တိုင်ကြီး၏ အောက်မှ ကားစောင့်ရသည်မှာ နည်းငယ် ပျင်းစရာကောင်းလှပါသည်။

ဘီဒီ၏ ခရီးစဉ်မှာ တစ်ဖက်မြို့သို့ ကားနှင့်သွားရမည်ဖြစ်ပြီး ထိုမြို့ရှိ သင်္ဘောဆိပ်မှ မြို့ကြီးများသို့ တစ်ဖန်သွားရမည်ဖြစ်သည်။ ကားစောင့်နေသည်မှာ နံနက် (၆) နာရီကတည်းက။ ယခု (၈) နာရီကျော်ပြီ။ တစ်စီးမှ မတွေ့သေး။ သင်္ဘောသည် ဆယ်နာရီတိတိတွင် ထွက်ခွာမည်ဖြစ်သည်။

"ဘာလို့ ကားတွေ မလာကြတာလဲ"

"အေးလေကွာ . . . ခါတိုင်း ဒီအချိန်ဆို ကားတွေ တစ်စီးပြီးတစ်စီး ဖြတ်နေကျပါ"

မှတ်တိုင်တွင် ကားစောင့်သူဆို၍ ဘီဒီနှင့် ဘီဒီ့ကို အဖော်ပြုနေသူ ဆိုင်မွန်သာရှိသည်။

"တောက် . . . သင်္ဘောမမီလို့ကတော့ နောက်တစ်ပတ်အထိ စောင့်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"နောက်တစ်ပတ်မှဆိုရင် အချိန်မမီမှာစိုးရပြီ။ ကျောင်းတော့ ဝင်မပိတ်ခင် အမီလုပ်ရမှာပါဆိုကွာ . . . တောက် . . . "

သဘော်သည် မြို့ကြီးများသို့ တစ်ပတ်မှတစ်ရက်သာ ထွက်ခြင်းဖြစ်သည်။

အယ်လီသည် သူမွေးထားသော ရှဉ့်ပေါက်ကလေးကို ပခုံးပေါ်တင်ပြီး စက်ဘီးနင်းလာရာ သူတို့နားသို့ ရောက်လာသည်။

"ဟဲ့ . . . ဘီဒီ နင် မသွားသေးဘူးလား။ သဘော်နောက်ကျတော့မယ်။ ငါတို့တက္ကသိုလ်ရဲ့ အသက်က နင့်လက်ထဲမှာနော်"

"ကျွတ် . . . ငါတို့လည်း ကားမလာသေးလို့ စောင့်နေတာ"

ဘီဒီစကားကြောင့် အယ်လီ အလန့်တကြား ဖြစ်သွားသည်။

"သွားပြီ . . .။ နင်တို့ ဒီအတောအတွင်း အလုပ်တွေ တော်တော်လုပ်လိုက်ရလို့ မေ့သွားတာဖြစ်မယ်။ ဒီနေ့ ဘာနေ့လဲ"

"ဇွန်လ (၅) ရက်နေ့လေ"

"ဇွန်လ (၅) ရက်နေ့လေ"

ဆိုင်မွန်နှင့်ဘီဒီ ပြိုင်တူဖြေမိသည်။ ဖြေပြီးမှ မျက်လုံးပြူးရတော့သည်။ ကိုယ့်နဖူးကိုလည်း လက်နှင့်ရိုက်မိတော့သည်။ အယ်လီကလည်း ဆဲတော့သည်။

"ဇွန်လ (၅) ရက်နေ့က ကမ္ဘာ့ပတ်ဝန်းကျင်နေ့လေ။ ငါတို့မြို့က ဒီနေ့မှာ လေထုညစ်ညမ်းမှုကို ထိန်းတဲ့အနေနဲ့ ဓာတ်ငွေ့တွေ၊ မီးခိုးတွေ ထွက်တဲ့ ဘာယာဉ်မှ မောင်းခွင့်မရှိဘူးလေ။ နင်တို့ မေ့နေပြီ"

"ဟုတ်တယ်။ ငါတို့ တကယ်မေ့နေမိတာဟ"

"ဒုက္ခပဲ . . . အခု ဘယ်လိုလုပ်မလဲ"

ပျာပြီ။ အခုမှ ပျာယာခတ်နေပြီ။

အယ်လီ ကူစဉ်းစားသည်။ ဘီဒီချွေးတွေ စို့လာသည်။

ဆိုင်မွန်လည်း လေပူတွေ မှုတ်နေမိသည်။ ထိုအချိန်ပဲ . . .



"ဘာလဲဟ"

"လေ . . . လေဆင်နှာမောင်းလား"

မည်းနက်နေသော မီးခိုးတန်းကြီးတစ်ခု သူတို့ဆီ မှိုင်းနှန်းမြင့် တာ အပြေးလာနေသည်။

သူတို့ ပြေးပုန်းရမှာလား၊ ဘာလားမသိခင်ဘဲ မီးခိုးတန်းကြီးက နီးလာသည်။ နီးလာသည်။ တော်တော်လေး နီးလာမှ . . .

"ဟင် . . . ဘော့ပါ"

"ဟယ် . . . ဘော့ပါ"

သူတို့ရေရွတ်သံအဆုံးမှာတော့ ဘော့ပါသည်လည်း ဝုန်းခနဲ သူတို့ရှေ့ ရောက်လာသည်။ သူ့အဘိုး၏ စစ်ကျန်ဆိုင်ကယ်ကြီးကို ခွလျက်၊ မျက်မှန်အနက်ကြီးနှင့် ဂျာကင်အနက်ကြီးနှင့် (ဗိုက်က ရွှဲနေဘာခက်သည်) ဂိုက်ဆိုက်အပြည့်နှင့်။

"လာ . . . တက်လေ ဘီဒီ။ မင်းတို့ ဇွန်လငါးရက်နေ့ကို မေ့ပြီး ကားစောင့်နေကြတာမို့လား"

". . . . ."

"ထင်တယ်။ ဒါကြောင့် ငါလာခဲ့တာပဲ။ လာ . . တက်၊ ဘီဒီ။ သဘော်ဆိပ်ကို အမြန်ဒိုးရမယ်"

ဘီဒီ မအောင့်နိုင်အောင် ဝမ်းသာမိတော့သည်။ ဆိုင်မွန်နှင့် အယ်လီလည်း ဘော့ပါ၏ ဂိုက်ပေးကြမ်းနေပုံကို ဆဲရေးရင်း ပျော်ရွှင်သွားကြတော့သည်။

ဘီဒီဆိုင်ကယ်ပေါ်ခွလိုက်သည်နှင့် ဘော့ပါက စတိုင်လ်အပြည့်နှင့် ဆိုင်မွန်တို့ကို ခေါင်းဆတ်ပြပြီး မောင်းထွက်သွားလေတော့သည်။

"ဒီဆိုင်ကယ်က တကယ့်အရေးကြုံတဲ့ တစ်နေ့မှာ ပြန်အသက်ဝင်လာလိမ့်မယ်လို့ မင်းအဘိုးပြောခဲ့တာ တကယ်မှန်တာပဲကွ။ ဟား . . ဟား . . . ရေ့ . . ."



www.burmeseclassic.com

www.burmeseclassic.com

အရှိန်ဖြင့် အဝေးရောက်သွားပြီဖြစ်သည်။ ဆိုင်ကယ်ပေါ်မှ ဘဒ္ဒ၏အသံကို အယ်လီ လှမ်းကြားလိုက်ရပါသေးသည်။

ဆိုင်မွန်ကတော့ မြူးတူးစွာမောင်းထွက်သွားသော ဆိုင်ကယ်တစ်စင်းကို ကင်မရာဖြင့် ကျနစွာ လှမ်းရိုက်လိုက်ပါသည်။

✱ ✱ ✱



ပင်လယ်ပြင်ကို ငေးရင်း သူ အားတွေ တင်းထားသည်။

မြို့ကြီးသို့ သွားမည့်ခရီးက နှစ်ရက်ခန့်ကြာမည်။

သူ၏ စွန့်စားခန်း စတင်ပြီ။

သည်လိုတွေးမိတော့ သူစီးလာသည်မှာ သင်္ဘောကြီး မဟုတ်တော့ဘဲ နဂါးကြီးတစ်ကောင်ဖြစ်နေသလို ခံစားရလာသည်။

သူ့ကိုယ်သူ နှလုံးသွင်းထားသည်က . . .

"ငါဟာ သူ့ရဲကောင်းတက္ကသိုလ်က ကျောင်းသား"

သူရဲကောင်းတို့မည်သည် ဘယ်အရာကို တုန်လှုပ်ဖူးသနည်း။

သင်္ဘောသည် မြို့ကြီးများသို့ ဆိုက်ကပ်တော့မည်။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

(12)

ဘီဒီသည် အဖျားကော့နေသော မက်ဆီကန်ဦးထုပ်ဝိုင်းကို ကျနစွာ ဆောင်းထားပြီး ချည်ထည်ဘောင်းဘီရှည်ကိုလည်း ဝတ်ဆင်ထားသည်။ သားရေသားနှင့် ပြုလုပ်ထားသည့် လည်ရှည်ဖိနပ်မှာတော့ သင်္ဘောပေါ်တွင် ဟိုလူနင်း၊ ဒီလူနင်းနှင့် ညစ်ပေနေပြီဖြစ်သည်။

လိပ်စာကတ်ကို ကိုင်ရင်း လမ်းမအတိုင်း လျှောက်ခဲ့သည်။ ဗိုက်က တင်္ဂွိဂွိမမြည်သော်လည်း ဆာလောင်လှပြီဖြစ်သည်။ ကျောနောက်တွင် လွယ်ထားသည့် ကျောပိုးအိတ်ထဲ၌ မည်သည့်စားစရာမျှ မကျန်တော့သည်မှာ ကံဆိုးမှုပင်။

ᅎ ᅎ ᅎ



# ပြည်နယ်ပညာရေးမှူး
## မစ္စတာ ကလော့တန်

ထိုသို့ ခြံဝန်းနံရံကျောက်ပြားတွင် အထက်ပါစာတန်းအား ခန့်ခန့်ထည်ထည် ရေးထိုးထားသော အိမ်ကြီးရှေ့သို့ ဘီဒီရောက်ရှိခဲ့သည်။

တံခါးစောင့်ဖြစ်ဟန်တူသော လူကြီးတစ်ဦးက တံခါးရှေ့တွင် တောင့်တောင့်ကြီး ရပ်နေသည်။

ဘီဒီသည် ထိုတံခါးစောင့်ကြီးရှေ့တည့်တည့်သို့ သွားလိုက်သည်။ တံခါးစောင့်လူကြီးသည် တုတ်တုတ်မျှမလှုပ်ဘဲ ကျိန်စာမိထားသည့် ကျောက်ရုပ်ကြီးလို ငြိမ်သက်၍နေဆဲဖြစ်သည်။

ဘီဒီသည် ထိုလူကြီးကိုကြည့်ပြီး အူယားလာသည်။ ထို့ကြောင့် လူကြီး၏မျက်လုံးရှေ့တွင် လက်ကို တဖျတ်ဖျတ်ခတ်ကာ နှောင့်ယှက်လေသည်။ လူကြီး၏မျက်လုံးသည် လှုပ်ရှားမှုမဲ့စွာ ငြိမ်သက်ဆဲ။

ဘီဒီ တစ်ချက်ပြုံးလိုက်သည်။ နောက် အိတ်ထဲက နားကြပ်သည့် ငှက်တောင်မွေးကိုထုတ်ကာ ထိုလူကြီး၏နှာခေါင်းပေါက်တွေနားတော့ပြီး လှည့်တော့သည်။

"ဟတ် . . . ဟတ် . . . ချိုး . . . ဟတ်ချိုး . . ."

"အဟား . . ."



www.burmeseclassic.com

www.burmeseclassic.com

တံခါးစောင့်ကြီးကမလှုပ်ဘဲ မနေနိုင်တော့ဘဲ ထချေတော့သည်။ ဘီဒီ သဘောကျလွန်းစွာ ခွက်ထိုးခွက်လှန် ရယ်လေသည်။ တံခါးစောင့်ကြီးမှာ နှာချေလို့ဆုံးမှ ခေါင်းမတ်လာပြီး ဘီဒီကို စူးစူးကြည့်ကာ . . .

"မင်း ဘာလို့ ငါ့အလုပ်ကို နှောင့်ယှက်တာလဲ"

"ဦးလေးက အလုပ်လုပ်နေတာလား။ မသိပါဘူး။ ကျွန်တော်က မတ်တတ်ကြီး အသက်ထွက်ပြီး အကြောသေနေတာ အောက်မေ့လို့"

"ဘာကွ . . . မင်း"

တံခါးစောင့်ကြီးသည် ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသည်။

"မင်းကို ဝတ္တရားနှောင့်ယှက်မှုနဲ့ ငါ ဖမ်းပစ်လိုက်ရမလား"

"ကြားဖူးနားဝပုဒ်မနဲ့ ကျွန်တော့်ကို လာမခြောက်ပါနဲ့ဗျာ။ ကမ္ဘာပေါ်မှာ ကျွန်တော်ကြောက်တာ ကျွန်တော်တက်ချင်တဲ့ တက္ကသိုလ်မှာ မတက်ရမှာရယ်။ ကိုယ်ကြိုက်တဲ့ ကောင်မလေးရှေ့ လေလည်မိမှာရယ် ပဲရှိတယ်။ ကဲ . . . ကဲ . . . ကြာတယ်။ တံခါးဖွင့်ပေးပါဗျာ"

တံခါးစောင့်သည် ဘီဒီ့ကို သေချာကြည့်လေသည်။ သူ ခြောက်တာကို နည်းနည်းမှမကြောက်သည့် ဘီဒီ့ကို 'ဒီကောင်လေး မခေတဲ့ကောင်ပဲ' ဟု တွေးမိသည်။

"မင်းက ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ပြည်နယ်ပညာရေးမှူး မစ္စတာကလော့တန်"

"ဒါဆို လှည့်ပြန်လိုက်ပါတော့ . . . ချာတိတ်"

လှည့်ပြန်ဖို့နေနေသာသာ ဘီဒီသည် ရှေ့တစ်လှမ်းတိုးလာ၏။

"ခင်ဗျား တံခါးမြန်မြန်ဖွင့်လိုက်ရင် ကောင်းမယ်နော်။ မစ္စတာကလော့တန်နဲ့ ကျွန်တော်က ကြိုတင်ချိန်းထားပြီးသားဗျ။ နေ့လယ် (၁) နာရီတိတိမှာ ကော့တေးသောက်ရင်း လူတွေကို တက်လမ်းပြပေးမဲ့ ပညာရေးအကြောင်း ဆွေးနွေးမလို့"



"မင်းရဲ့လိမ်ညာမှု မအောင်မြင်တာ ဝမ်းနည်းပါတယ်။ ကျွန်ုပ်ကို မစ္စတာကလော့တန်က သူ့ရဲ့ တစ်နေ့တာတွေ့ရမဲ့ ဧည့်သည်တော်စာရင်း ထုတ်ပြန်ပေးထားပြီးသားပါ။ အဲဒီစာရင်းမှာ မပါတဲ့လူတွေကို သူ လုံးဝမတွေ့ပါဘူး"

ဘီဒီ ပထမဆုံးအကြိမ်အဖြစ် စိတ်ဓာတ်ကျမိသည်။ သည်လို တိုက်ရိုက်ဆွေးနွေးမရတော့ တခြားအကြောင်းအရာများနှင့် စကားရောဖောရော လုပ်ကြည့်ရန် ကြံမိသည်။

သို့နှင့် . . .

ဟူးခနဲ သက်ပြင်းမှုတ်ထုတ်ကာ တံခါးစောင့်ကြီးဘေးမှာ ယှဉ်ရပ်လိုက်သည်။ တံခါးစောင့်ကြီးက ခုနကကဲ့သို့ အရုပ်ကြီးလိုပင် ငြိမ်သက်နေပြန်သည်။

"ဦးလေးက ဒီလိုချည်းပဲ တစ်နေကုန် ငြိမ်နေတာလား"

"ဟုတ်တယ်"

"အနားက ကောင်မလေးတွေ ဖြတ်သွားရင်ကော မရှိုးဘူးလား"

"မရှိုးဘူး"

"ဟာ . . . ဟိုမှာ ကောင်မလေး . . . ရေကူးဝတ်စုံကြပ်ကြပ်လေးနဲ့။ ဟေး . . . ဟေး . . ."

ဘီဒီက ခုန်ဆွကာ ဟိုဘက်လမ်းကို လက်ညှိုးထိုးတော့ တံခါးစောင့်ကြီး၏ မျက်လုံးကလည်း လိုက်ရွေ့သွားသည်။

"ဟား . . . ဟား . . . ခင်ဗျား မခံနိုင်ပါဘူး။ ကောင်မလေးကိုတော့ ရှိုးတာပဲ။ ကဲ . . . ကဲ . . . အဲဒါကြောင့် တံခါးဖွင့်ပေး"

"ဘာဆိုင်လို့လဲ မဖွင့်ပေးပါဘူး"

"ခင်ဗျားမှာ မိန်းမ မရှိဘူးလား"

"ရှိတယ်။ ကလေးနှစ်ယောက်လည်း ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့များ ကျွန်တော်က ရေကူးဝတ်စုံနဲ့ ကောင်မလေးကို အော်တော့ ဘာလို့ လှမ်းရိုးရတာလဲ"

"ဘာဖြစ်လဲ၊ မိန်းမနဲ့ ကိုက် (၂၀၀) ကွာရင် လူပျိုပြန်ဖြစ်တာပဲ"

"အင် . . . "

ဘီဒီတောင် တွန့်သွားသည်။ တံခါးစောင့်ကြီးကလည်း အလာကြီးပင်။ ဘီဒီတောင် မှတ်သားလိုက်ရသေးသည်။

"ကဲ . . . ဒီလောက် စကားပြောပြီးပြီပဲ။ မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ တံခါးလေး ဖွင့်ပေးပါလား"

"မရလို့ပါ . . . ချာတိတ်ရာ"

"မရရင် ကျွန်တော် အော်မှာဗျာ။ မစ္စတာ ကလော့တန် ထွက်ခဲ့ဆိုပြီး အကျယ်ကြီးအော်မှာ"

"ဒါဆို လုံခြုံရေးတွေထွက်လာပြီး မင်းကို ဖမ်းဆီးကြလိမ့်မယ်"

"ကျွတ် . . . "

ဘီဒီ ဒုတိယအကြိမ် စိတ်ဓာတ်ကျမိသည်။ ထိုသို့ စိတ်ဓာတ်ကျမိသောအခါ (Hero)တက္ကသိုလ်တွင် ကျန်ခဲ့သည့် သူငယ်ချင်း ကျောင်းသားကျောင်းသူများ၏ မျက်နှာပြင်ကို မြင်ယောင်လာမိသည်။ သူနှင့်အတူပါလာမည့် သတင်းကောင်းကို သူတို့ မျှော်လင့်နေကြမည်။ မိမိကျောင်းကို ချစ်မြတ်နိုးတတ်သော သူငယ်ချင်းအားလုံး၏ အနာဂတ်သည် ယခု သူ့လက်ထဲတွင်ရောက်နေပြီ။ သူ့ပခုံးပေါ်တွင် ထမ်းပိုးလျက်သားဖြစ်နေပေပြီ။

ငါ ဒီတံခါးလေးလောက်ကို ကျော်လို့မရဘူးဆိုတာ မဖြစ်နိုင်ဘူး။ သူ ပြန်အားတင်းလိုက်သည်။

"ဒီမှာ ဦးလေးကြီးရဲ့ တံခါးစောင့်ကောင်းဆိုတာ လုပ်စရာအလုပ်နှစ်ခုပဲရှိတယ်။ ကောင်းသောလာခြင်းနဲ့ လာတဲ့သူကို တံခါးဖွင့်ပေးဖို့နဲ့ ဆိုးသောလာခြင်းနဲ့ လာတဲ့သူအတွက် တံခါးပိတ်ထားဖို့ပဲ။ ကျွန်တော်က ကောင်းသောလာခြင်းနဲ့ လာတဲ့သူဆိုတာ ယုံပါ"

တံခါးစောင့်ကြီးက သူ့စကားကို သဘောကျသလို ပြုံးပါသည်။ သို့သော် . . .

"မင်းပြောတာ နားထောင်ကောင်းပါတယ်။ ဒါပေမဲ့ ငါခံယူတဲ့ တံခါးစောင့်ရဲ့ တာဝန်ကတော့ ကိုယ့်သခင်က ဝင်စေချင်တဲ့ လူကို ဝင်ခွင့်ပေးပြီး ကိုယ့်သခင်က မဝင်စေချင်တဲ့လူကို တားဆီးပေးဖို့ပဲ"

တံခါးစောင့်ကြီးကလည်း သူ့ခံယူချက်နှင့်သူပင်။

"လုပ်ပါဗျာ။ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်။ ကျွန်တော် မစ္စတာကလော့တန်နဲ့ တွေ့မှကို ဖြစ်မှာမို့လို့ပါ။ ကျွန်တော် သိပ်အရေးကြီးနေလို့ပါ"

"ငါ့အတွက်လည်း ဒီတံခါးပေါက်ကနေ သူစိမ်းတစ်ယောက် ဝင်မသွားဖို့က သိပ်အရေးကြီးတဲ့ ကိစ္စ ဖြစ်နေလို့ပါ။ စိတ်မကောင်းပါဘူး . . . လူလေးရာ။ ငါ့စိတ်ကို ဖိအားမပေးပါနဲ့တော့"

တံခါးစောင့်ကြီးက စိတ်ကောင်းနှလုံးကောင်း ရှိသည့်ပုံပင်။ သို့သော် ဘီဒီ့ဆန္ဒကို လိုက်လျောရအောင်တော့ မတတ်နိုင်ရှာပေ။

ဘီဒီ တော်တော် စိတ်ဓာတ်ကျသွားပါသည်။ သက်ပြင်းတွေလည်း တဟူးဟူး ချမိသည်။ စိတ်ကို ကြည်လင်အောင် ပြန်ထားပြီး လေသံငြိမ်ငြိမ်နှင့် ပြောလိုက်သည်။

"ကျွန်တော်လည်း ဦးလေးကြီးကို အကျဉ်းထဲ အကြပ်ထဲ မရောက်စေချင်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်မှာလည်း တခြားနည်းလမ်း မရှိတော့လို့ ဒီမှာပဲ ဆက်ရပ်နေပါရစေ။ ဦးလေး တံခါးမဖွင့်မပေးမချင်း ကျွန်တော် ဆက်ရပ်နေပါမယ်"

တံခါးစောင့်ကြီးက ဘာမှ ပြန်မပြောတော့ပေ။ အရုပ်ကြီးတစ်ရုပ်လို ပြန်ရပ်နေခဲ့ပါပြီ။ ဘီဒီလည်း ပေရပ်နေလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သည်လိုနှင့် . . .

. . . . . . . . . . .

. . . . . . . . . . .

. . . . . . . . . . .

. . . . . . . . . . .

နေသည် အနောက်အရပ်သို့ တအိအိ ရွေ့ကျလာခဲ့ပါပြီ။ အရိပ်ဟူသမျှ အနောက်ဘက်သို့ ကိုင်းညွတ်ကုန်ကြပါပြီ။ နေ့လယ်ခင်းတုန်းက ဖောက်ထားသော နွားနို့ပုပုတွေလည်း ချဉ်ကုန်လောက်ပြီ။ လမ်းဘေးဆိုင်တချို့လည်း သိမ်းဆည်းနေကြလိမ့်တော့မည်။

ဘီဒီသည် တံခါးစောင့်ကြီးကို ဆန္ဒပြချင်ရုံသက်သက်နှင့် ရပ်နေခြင်း မဟုတ်ပေ။ ဤတံခါးမှ ကိစ္စတစ်ခုနှင့် မစ္စတာကလော့တန် ဝင်ထွက်လာပါက သူ တွေ့ခွင့်ရရန်ဖြစ်သည်။ သို့သော် ယခုတော့ နာရီပေါင်းများစွာ ကြာခဲ့ပါပြီ။ သူထင်သလိုကား ဖြစ်မလာ။

တံခါးစောင့်ကြီးတော့ မသိ။ ဘီဒီတော့ ခြေထောက်တွေ ကျဉ်လာပြီ။ ထို့အပြင် ဝမ်းကလည်း ဟာလာသည်။ စိတ်ဓာတ်ကျလွန်းသဖြင့် ခေါင်းမှာလည်း အလိုလို ငိုက်ကျနေသည်။ ဒီတော့ ရင်ဘတ်မှာ ချိတ်ထားသည့် ကျောင်းတံဆိပ်ရင်ထိုးလေးကို မြင်မိသည်။ ကျောင်းတံဆိပ်မှာ ရဲတိုက်အဆောက်အဦးကြီးပေါ်မှ ငှက်ကလေးတွေ ပျံနေသည့်ပုံဖြစ်သည်။ (Hero)ကျောင်းတော်ကို သူ လွမ်းမိသည်။

ရင်ထိုးလေးကို လက်နှင့် ယူငင်ကြည့်ရင်း ပူဆွေးလာလေသည်။

"မင်းက နယ်က ကျောင်းသားလား"

နာရီပေါင်းများစွာကြာမှ စတင်ပြန်ထွက်လာသော တံခါးစောင့်ကြီး၏ အသံဖြစ်သည်။

"ဟုတ်ပါတယ်။ ကြားဖူးလားတော့ မသိဘူး။ (Hero)တက္ကသိုလ်ဆိုတာလေ"

"သြော် . . ."

သြော် . . . ဟု သိသလိုလို ရေရွတ်သည်။ တစ်စုံတစ်ရာကို အချိန်ကြာမြင့်စွာ တွေးတောနေတော့သည်။ အတန်ကြာမှ . . .

"ငါလည်း ငါ့သားကို နယ်ကျောင်းမှာပဲ ထားနိုင်တယ်"

အသံ၏ လေယူလေသိမ်းမှာ စာနာမှုဖြင့် ပြည့်ရွှမ်းနေသည်။ ဘီဒီမှာ တံခါးစောင့်ကြီး၏ မျက်လုံးတွေကို ကြည့်နေမိသည်။

"မင်းကို ငါ ဝင်ခွင့်ပေးလိုက်ရင်လည်း အထဲမှာ နောက်ထပ်တံခါးပေါက်လေးပေါက် ရှိသေးတယ်။ အဲဒီက တံခါးစောင့်တွေကလည်း မင်းကို ဘယ်လိုမှ အဝင်ခံမှာ မဟုတ်ဘူး"

"ဟုတ်လား . . . "

ဘီဒီအသံသည် အားမဲ့ဖျော့တော့နေရှာသည်။

"ဒါပေမဲ့ . . ."

တံခါးစောင့်ကြီး၏ ဒါပေမဲ့ . . . ဟူသည့် အသံသည် ဘီဒီ၏ မျက်လုံးကို လှစ်ခနဲ ဝင်းသွားစေသည်။

"ဒါပေမဲ့ ဘာဖြစ်တုန်းဗျ"

တံခါးစောင့်ကြီးက နှုတ်ခမ်းကို လက်ညှိုးနဲ့တေ့ပြီး ရှူး . . . ဟု အသံပြုသည်။ ပြီးမှ လက်ယက်ခေါ်သည်။ ဘီဒီ အနားရောက်တော့ ဘီဒီနားရွက်နားကပ်၍ တီးတိုးပြောပြလေသည်။

". . . × . . . + . . . − . . . ૦ . . ."

"သြော် . . . သြော် . . . ကျွန်တော် သဘောပေါက်ပြီ . . . ရပြီ . . . ရေ့စ် . . ."

ဘီဒီ လွန်စွာ ပျော်သွားလေတော့သည်။ ခုန်ပေါက်ပြီးတောင် ကပစ်ချင်လာသည်။

"ကျေးဇူးကမ္ဘာပါပဲဗျာ . . . ကျေးဇူးကမ္ဘာပါပဲ။ ကဲ . . . ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး"

www.burmeseclassic.com

www.burmeseclassic.com

ဘီဒီ လှည့်ထွက်ခဲ့သည်။ တံခါးစောင့်ကြီးက လှမ်းခေါ်သေး
သည်။

"ကောင်လေး . . . "

သူ လှည့်ကြည့်တော့ တံခါးစောင့်ကြီးက ပြုံးရင်း . . .

"မင်းနဲ့ စကားပြောရတာ ပျော်ဖို့ကောင်းတယ်လို့ ပြောမလို့ပါ"

ဖြည်းဖြည်း . . . ဝင့်ဝင့် . . . ဘီဒီ့နှုတ်ခမ်းတွေ ပြုံးပွင့်လာ
တော့၏။

ႜ ႜ ႜ

ရှိစီ ရှိစီ ရှိစီ
ဓာတ်တိုင်ညိုကြီးအောက်မှာ တကြော်ကြော်အော်ချင်သည်
မစူးခင်က ရှူးနင့်သည်
အဆွေးဖြစ်၊ အလွမ်းဖြစ်တော့ မဆုံချင်ပြီ
အပ်ချည်ကြိုးဖြင့်ပင် နာနာချည်
ထိုသို့ဖြင့် သေးမျှင်နိုင်မြဲစွာ ကမ္ဘာတည်
အိပ်မက်ဦးက ငါ့ရှိစီ
ရှိစီ ရှိစီ ရှိစီ

ႜ ႜ ႜ

www.burmeseclassic.com

www.burmeseclassic.com

**(13)**

နံပါတ် (၁) မစ္စတာကလော့တန် စံအိမ်၏အနောက်ဘက် တံတိုင်းသို့ သွားရသည်။

နံပါတ် (၂) နှင်းဆီပင်တစ်ပင်ပေါက်နေသည့် နေရာကို ထပ်ရှာရသည်။ သည်နေရာ အုတ်တံတိုင်းဘက်ကနေ ကျော်ဝင်လျှင် တံခါးအဆင့်ဆင့်ကို ဖြတ်စရာမလိုဘဲ အထဲသို့ ရောက်မည်ဟု တံခါးစောင့်ကြီးက သူ့ကို တီးတိုးပြောပြခဲ့သည့် မဟုတ်လား။ နောက်သည်နေရာက အခြားနေရာများထက် လုံခြုံရေးလည်း လျော့နည်းသည်တဲ့။

သူ အုတ်တံတိုင်းပေါ်ရောက်တော့ ခြံဝန်းထဲကို စေ့စပ်စွာ အကဲခတ်ရသေးသည်။ ရှေ့နောက်ဝဲယာ အန္တရာယ်ကင်းပါမှ ရှဉ့်တစ်ကောင်ကဲ့သို့ အသံတိတ် ခုန်ဆင်းလိုက်လေသည်။

"ဂိန် . . . ဂိန် . . . ဂိန် . . ."

သေစမ်းဟ။ ခွေးအိပ်နေရသည့် ခွေးကြီးတစ်ကောင်ပေါ်သို့ သွားကျခြင်းဖြစ်သည်။ ခွေးကြီးက တဂိန်ဂိန်အော်ကာ လူးလဲထသည်။ ခွေးကြီး၏ ကြီးမားလိုက်ပုံမှာ သူ့ခါးလည်လောက်ပင် မြင့်မားပြီး ခြေထောက်တွေကလည်း သံပိုက်လုံးကြီးလို တုတ်ခိုင်နေသည်။



ဘိဒီ မျက်ဆံပြူးရပြီ။ နားထင်မွေးတွေ ဆွစ်ခနဲကော့ထောင်လာသည်။ နဖူးမှာလည်း ချွေးတွေက အလိုလို လျှင်မြန်စွာ စို့လာ။

"ဂီး . . ."

"ရှူး . . ."

အသုံးဝင်မလား မသိပေမဲ့ နှုတ်ခမ်းမှာ လက်ညှိုးတေ့ပြီး ရှူးလုပ်ပြလိုက်သည်။ အရာမဝင်ပါ။ ဝေါင်းခနဲ တစ်ချက်ဟောင်သည်။ နောက် ဆက်တိုက်တဝေါင်းဝေါင်းနှင့် ဟောင်တော့သည်။

"ဟော့ . . . ဘယ်သူလဲ"

ခြံထောင့်မှ လုံခြုံရေးသုံးယောက် အော်ဟစ်ကာ ပြေးလာသည်။

ဘိဒီ လျှင်မြန်စွာပင် အဆောက်အဦးဆီသို့ ပြေးရတော့သည်။ မျက်လုံးကလည်း မစ္စတာကလော့တန်ရှိမည့် အခန်းကို ခန့်မှန်းရသည်။ အဆောက်အဦး၏ ဝရန်တာ တန်းတစ်တန်းဆီသို့ ခြေတစ်ချက်ထောက်၍ လှမ်းခုန်လိုက်သည်။ နောက်ကလိုက်လာသော ခွေးကြီးက ဝေါင်းခနဲ ခုန်ဟပ်ရာ အနည်းငယ်မျှသာ ကပ်လွတ်သွားသည်။

"ဟော့ကောင် . . . မပြေးနဲ့ . . . ရပ်စမ်း . . . ရပ်"

သည်လိုပြောလို့ ဘယ်သူမှ မရပ်ပေးဖူးသော်လည်း ထိုသို့ အော်ဟစ်ကြလေသည်။

"တီ . . . တီ . . . တီ . . . တီ . . ."

အဆောက်အဦးနံရံများ၌ တပ်ဆင်ထားသော မီးနီလုံးလေးများ ထွက်တရက် တဖျတ်ဖျတ်လင်းလာသည်။ ဒါ လုံခြုံရေးတွေက ခြံဝန်းထဲ၌ အန္တရာယ်တစ်စုံတစ်ရာ ရှိနေသည့်အကြောင်း အချက်ပေးခြင်းဖြစ်သည်ဟု ဘိဒီ နားလည်လိုက်သည်။

ဝရန်တာ တန်းတစ်ခုမှတွယ်သွားရင်း ပွင့်လျက်ရှိသော ပြတင်းပေါက်တံခါးရွက်ပေါ် ခြေဖြင့်တစ်ချက်ထောက်ကန်ကာ နောက်ထပ် တစ်ထပ်ရှိ ဝရန်တာပေါ်သို့ ခုန်တွယ်ကာ တက်လိုက်သည်။ ကံဆိုးချင်တော့ အပေါ်မှာ လုံခြုံရေးတွေလည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖိနပ်နှင့်ချွတ်ကာ ကောက်ပေါက်ပြီး ဘီဒီ ထွက်ပြေးသည်။ အိမ်ကြီးကလည်း ကြီးမားလွန်းသည်တကား။ အခန်းပေါင်းများစွာ ရှိနေသည့်အနက် မည်သည့်အခန်း၌ မစ္စတာကလော့တန် ရှိမည်နည်းကို မခန့်မှန်းမရပေ။ လောလောဆယ် လွတ်လမ်းကလည်း လိုနေသည်။

သို့နှင့် ကော်ရစ်တာ ထောင့်ချိုးတစ်ခုသို့ ချိုးဝင်လိုက်ပြီး လုံခြုံရေးတွေ ခဏမျက်ခြေပြတ်နေတုန်း အခန်းတစ်ခုထဲ အလျင်အမြန် ဝင်လိုက်လေသည်။ ပြီးလျှင် အဝတ်ဗီရိုတစ်ခုထဲသို့ ဝင်ခွေလိုက်သည်။

အပြင်ဆီမှ လုံခြုံရေးတွေ၏ အော်ဟစ်သံ၊ ပြေးလွှားသော ခြေသံတွေကို ကြားနေရသည်။

သူ ပြေးရလွှားရတာလည်း မောသည်။ ဗိုက်မှာလည်း အလွန်အမင်း ဆာလောင်နေပြီ။ ရောက်နေသည့် နေရာကလည်း အဝတ်ဗီရိုထဲဆိုတော့ ဝါးစရာ ဘာမှမရှိ။ အခုဝင်မိတာလည်း ဘယ်သူ့အခန်းမှန်းမသိ။

မောမောဆာဆာနှင့် မျက်ခွံတွေ လေးလာသည်။ ခဏလောက်တော့ အိပ်ဦးမှဟု မျက်လုံးများ မှေးလိုက်သည်။ သူတကယ်ပဲ တစ်မှေးမှ အိပ်ပျော်သွားပါသည်။ သို့သော် မကြာပါ။

ကျွီခနဲအသံနှင့် လှုပ်ခတ်မှုကြောင့် သူ ရုတ်ခနဲ နိုးလာတော့သည်။

တစ်စုံတစ်ယောက်က ဗီရိုတံခါးကို ဆွဲလှပ်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

"အမယ်လေး . . ."

ဆွဲလှပ်လိုက်သူမှာ အင်္ကျီချိတ်တွေကြားမှ ခေါင်းကြီးသပ်သပ်ပဲ ပြူထွက်နေသော ဘီဒီကိုမြင်တော့ လန့်ဖျပ်ကာ အော်ဟစ်တော့သည်။ ပြီးလျှင် အခန်းထောင့်က ဟော်ကီရိုက်တံကို ပြေးယူကာ မြှောက်ကိုင်လိုက်တော့သည်။

"ရှင် . . . ရှင် . . . ဘယ်သူလဲ"



ဘီဒီ ဗီဒိုထဲက အရင်ထွက်ခဲ့သည်။

"ရှူး . . . မအော်ပါနဲ့ မြို့ကြီးသူရဲ့။ နဖူးကနေ ခြေဖျားအထိ ရှိကြီးခိုးပါတယ်ဗျာ။ ကျွန်တော် လူဆိုးမဟုတ်ပါဘူး"

ကောင်မလေး၏ မျက်လုံးများသည် ကြည်ရွှန်းဝိုင်းစက်နေသည်။ နှုတ်ခမ်းကတော့ မျက်မှောင်ကုတ်ကာ အာရုံစူးစိုက်မှုတစ်ခုကြောင့် အနည်းငယ်ထော်ကာနေသည်။ နှင်းဆီရောင်ဆံပင်များကတော့ စွဲမက်စရာ ကောင်းနေသည်။

သူမသည် ဘီဒီကို စေ့စေ့စပ်စပ် ကြည့်သည်။ အတန်ကြာအောင် စိုက်ကြည့်သည်။ စိတ်ချရလောက်အောင် ကြည့်ပြီးမှ အနည်းငယ် ယုံကြည်မှုပေးလိုက်သည့်ဟန်နှင့် . . .

"လောလောဆယ် ရှင့်လက်ထဲကဟာကို အရင်အောက်ကို ချလိုက်"

ဒီတော့မှ ဘီဒီလည်း သူ့လက်ထဲက အားရပါးရ ကိုင်ထားမိသောအရာကို ကြည့်မိသည်။ အမျိုးသမီးဝတ် အင်္ကျီသေးသေးလေးတစ်ထည်ပါ။ ဘော်လီလည်း မဟုတ်။ ဘာလဲလည်း ဘီဒီမသိ။ သူတို့မိန်းကလေးဝတ်တွေက ဘာတွေမှန်းမသိ။ ခပ်ရှုပ်ရှုပ်တွေ မဟုတ်လား။ ဘီဒီ ဗီရိုထဲမှအထွက် သူ့အလိုလို ကိုင်လျက်သား ပါလာခြင်းဖြစ်သည်။

"ခင် . . . ခင်ဗျားဟာလား"

"ကျွတ် . . . စကားများလိုက်တာ။ ဟုတ်တယ် ပြန်ပေး"

"ဟင်း . . . ခင်ဗျားဟာကလည်း အဝါရောင်ကြီး"

"ဟာ . . . ဘာဖြစ်လဲ၊ ကျွန်မကြိုက်တာ ဝတ်မှာပေါ့။ စကားများတယ် ပြန်ပေးရှင့်"

ကောင်မလေး အနည်းငယ်ရှက်နေမှန်း ဘီဒီရိပ်မိသည်။ တကယ်တော့ ကောင်မလေးအော်လိုက်မည်စိုးသဖြင့် ကြံဖန်ရစ်နေခြင်းဖြစ်သည်။

"ကျွန်တော် အပိုင်မယူပါဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com

“ခဏလည်း မယူနဲ့၊ ရှင့် အခုချက်ချင်း ပြန်ပေး”

“ရှော့ . . . ရှော့ . . . ကပ်စေးနဲမနေစမ်းပါနဲ့ဗျာ။ ဒါကြီး ကျွန်တော်လည်း ဝတ်မရပါဘူး။ ကျွန်တော်နဲ့ဆို တော်တော်ကြပ်မှာ”

ဆိုပြီး အနီးရှိ ဆိုဖာခုံပေါ် ပစ်တင်ပေးလိုက်သည်။ ကောင်မလေးက ဟော်ကီရိုက်တံကြီးနှင့် ချိန်ထားဆဲဖြစ်ကာ . . .

“ပြော . . . ရှင် . . . ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလာလုပ်တာလဲ၊ ဓားပြလား၊ အရူးလား၊ သူခိုးလား။ ပီဇာပို့ရင်း အိမ်ထဲ ခိုးဝင်လာတာမို့လား။ ဒါမှမဟုတ် အိမ်သာပိုက်လိုင်းကနေ တွယ်တက်လာတာလား”

“အာ . . . ခင်ဗျားဗျာ . . . ”

တော်တော်ရက်စက်စွာမေးသည့် ကောင်မလေး။

“ကျွန်တော် ဘယ်သူလဲ ဘာလုပ်တာလဲဆိုတာတွေ အကုန်လုံး မစ္စတာကလော့တန်နဲ့တွေ့မှ ပြောနိုင်မယ်ဗျ”

“ဩော် . . . ဒါဆိုရတယ်လေ . . . ဒီမှာဗျို့ . . . သူခိုး . . ”

ပြောပြောဆိုဆိုနှင့် ထအော်သဖြင့် စားပွဲပေါ်က အဝတ်စုတ်နှင့် ကောင်မလေးပါးစပ်ကို ဘီဒီ အလျင်အမြန် လှမ်းပိတ်လိုက်ရသည်။

“အွပ် . . . အဟွတ် . . . အွပ် . . . လွှတ် . . . လွှတ် . . ”

“မလွှတ်နိုင်ဘူးကွာ”

“လွှတ် . . . အဟွတ် . . . ရှင် ကျွန်မ ပါးစပ်ကို ပိတ်ထားတာ ဖုန်သုတ်ဝတ်ကြီးနဲ့”

“ဟမ် . . .”

ဘီဒီလည်း အားနာစွာ ပြန်လွှတ်ပေးလိုက်ရသည်။

ထို့ . . . အော့ . . . ဟု အသံပြုလျက် ကောင်မလေးသည် သူ့နှုတ်ခမ်းသူ သုတ်ပစ်လိုက်သည်။

ဘီဒီသည် ကောင်မလေးကို ကြည့်လျက် ဘာရယ်မဟုတ်ဘဲ ရယ်ချင်နေသည်။ ကောင်မလေးသည် သူနှင့် ရွယ်တူသက်တူလောက် ရှိမည်။ သို့သော် ကောင်မလေးသည် နုနယ်လွန်းနေသည်။ နုနယ်မှုနှင့် အတူ သွက်လက်မှုကလည်း ရှိနေပြန်သည်။

“ခင်ဗျား မအော်ဘူးလို့ ကတိပေးရင် ကျွန်တော် ပြောပြပါ့မယ်”

“ကတိမပေးနိုင်ဘူး။ ဒါပေမဲ့ ရှင်တော့ ပြောပြမှဖြစ်မယ်”

“ဟာ . . . ခင်ဗျားဗျာ ပိုင်စိုးပိုင်နင်းနဲ့”

“အောင် . . . မာ . . . မာ . . . မာ . . . ”

ကောင်မလေးတင်းသွားသည့်မျက်နှာနှင့် ခေါင်းမော့ပြီး လေပူမှုတ်ထုတ်လိုက်သည်။ ပြီးမှ အံကြိတ်ကာ . . .

“ရှင်ကမှ ကျွန်မအိမ်ထဲဝင်ပြီး ပိုင်နက်ကျူးလွန်နေတာ . . . အရူးရဲ့”

“ဒါ မင်းအိမ် . . .”

“ဟုတ်တယ်”

“ငါက မစ္စတာကလော့တန်အိမ် မှတ်နေတာ”

“အတူတူပဲ။ မစ္စတာကလော့တန်က ကျွန်မအဖေ”

ဘီဒီကြောင်ပြီး ဟင်ခနဲ ပါးစပ်ပိတ်သွားသည်။ မစ္စတာကလော့တန်မှာ ဒီလိုသမီးချော ရှိသည်တဲ့။ သူ အခုမှ သိတော့သည်။

ကောင်မလေးက ဟော်ကီတုတ်ကြီးတစ်ဖက်နှင့် ခါးထောက်ပြီး . . .

“ကဲ . . . ရှင် ဘာကောင်လဲဆိုတာ မပြောရင် ဒီတုတ်နဲ့ အုပ်တော့မှာနော်”

“အဟား . . . ရိုက်ရဲရင် ရိုက် . . . လို . . . က . . . ”

“ဂွတ် . . . ” (ဟော်ကီတုတ်နှင့် ဘီဒီခေါင်းကို ကျွေးလိုက်သည့် အသံ)

ဘီဒီ တော်တော်မူးသွားသည်။ (Hearse) မသာရထားဆိုင်က အရက်နှစ်ပတ်လောက် ရေမရောဘဲ ဝင်သွားသလိုကို မူးသွားပါသည်။ အနီးရှိဆိုဖာခုံကိုတောင် လက်ထောက်လိုက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်း . . . မင်း . . . တကယ်လုပ်တယ်"

ကောင်မလေး မျက်လုံးဝိုင်းသွားသည်။ သူ့စကားကို စိတ်မဝင်စားတော့။

ကြမ်းပြင်ပေါ်က အရာဝတ္ထုကလေးကိုသာ စိတ်ဝင်စားတော့သည်။ ထိုအရာဝတ္ထုလေးက ခုန ဘီဒီမှူးပြီး ယိုင်သွားစဉ် ပြုတ်ကျသွားသည့် ရင်ထိုးလေးဖြစ်သည်။ ကျောင်းတံဆိပ် ရင်ထိုးလေး။

ထိုရင်ထိုးလေးကို ကောက်ယူပြီး ကြည့်လိုက်သည်။ သူမမျက်နှာလေးမှာ ဝင်းသွားကာ နှုတ်ခမ်းဖျားကလည်း ရေရွတ်လာတော့သည်။

"Hero University"



"ကဲ . . . စား . . . စား . . . ဖြည်းဖြည်းစား"

နာမည်မခေါ်တတ်သော အကောင်းစား အစားအစာများကို ဘီဒီ တစ်ဖြုန်စ်ဖြုံ စားနေပါသည်။ စားရင်းတန်းလန်းနဲ့လည်း သူမ သိချင်တာတွေ ရှင်းပြရသည်။

သူမသည် (Hero) တက္ကသိုလ်အကြောင်းကို သူမအဖေ၏ မှတ်စုစာအုပ်ထဲတွင် ဖတ်ဖူးခဲ့သည်။ ဒဏ္ဍာရီဆန်စွာ တည်ရှိလာသော တက္ကသိုလ်ဖြစ်၍ သူမ နာမည်ကြားပြီးကတည်းက လွန်စွာ စိတ်ဝင်စားမိခဲ့သည်။ ယခုတော့ ကြုံကြိုက်ချေပြီ။

ဘီဒီကလည်း စာရင်းတန်းလန်းနှင့် သူဒီကို ရောက်ရှိလာပုံ၊ မစ္စတာကလော့တန်၏ ဆုံးဖြတ်ချက်ကြောင့် သူတို့ကျောင်းကြီး ပြဿနာအကြီးအကျယ်ကြုံနေရပုံ။ အခန့်မသင့်ပါက မြို့၏ လူနေမှုဘဝဂေဟာစနစ်ပင် ယိုယွင်းသွားနိုင်ပုံ။ အစဉ်အလာဥပဒေများလည်း လွန်စွာ ရှုပ်ထွေးပုံ၊ ဒီလို အယူခံလွှာလေးတင်ရဖို့တောင် ရုန်းကန်ခဲ့ရပုံတို့ကို အသေးစိပ် ပြောပြလေသည်။

ကောင်မလေးသည် သူ့နံဘေးတွင် မျက်လုံးအဝိုင်းသားနှင့် မေးထောက်လျက် နားထောင်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင်တို့တက္ကသိုလ် တော်တော် ဒုက္ခရောက်နေရတာပါနော်"

"အင်း . . ."

ကောင်မလေးက တွေးတွေးဆဆနှင့် ခေါင်းတညိတ်ညိတ်လုပ်သည်။

"ကျွန်မက ရှင့်ကို ပြန်တော့၊ ရှင်တို့အယူခံလွှာတွေက အသုံးဝင်မှာမဟုတ်ဘူးလို့ ပြောရင်လည်း ရှင်ပြန်မယ်မထင်ဘူး"

"သေချာတာပေါ့"

"ဒါကြောင့် ကျွန်မအဖေနဲ့ တွေ့နိုင်ဖို့ ကျွန်မ ကူညီရတော့မယ်"

"တကယ်လား"

ကောင်မလေးက အေးမြသော မျက်နှာလေးနှင့် ခေါင်းညိတ်ပြသည်။

"ဒါပေမဲ့ ကျွန်မ စကားနားထောင်မှ ဖြစ်မှာနော်။ ဒီအချိန် ကျွန်မအဖေက ဧည့်သည်ပေါင်းများစွာနဲ့ အလုပ်ရှုပ်နေမှာ။ သူက သိပ်လည်း စိတ်ကြီးတာ။ သူ ဆုံးဖြတ်ချက်ချပြီးရင်လည်း မပြင်တတ်ဘူး။ ရှင် အားယုတ်အောင်ပြောတာတော့ မဟုတ်ဘူး။ ရှင်တို့ အယူခံလွှာကိစ္စ အောင်မြင်မှာ မဟုတ်ဘူး"

ထိုစကားကြောင့် ဘီဒီ စားလို့ပင် မဝင်တော့။ ကောင်မလေးက ပြန်ပြုံးပြပြီး . . .

"စားပါရှင်။ ကျွန်မ ကူညီမယ်လို့ ပြောပြီးပြီပဲ။ တစ်ခုခုတော့ ထူးစေရမယ်။ စားပြီးရင် ဝိုင်သောက်ရင်းရှင်တို့ကျောင်းအကြောင်း ဆက်ပြောပြဦးနော်။ စိတ်ဝင်စားလို့ . . . အဟင်း . . ."

"အင်းပါ . . ."

"ကဲ . . . ကဲ . . . ကျွန်မ အဝတ်အစား သွားလဲလိုက်ဦးမယ်"

ကောင်မလေးက ပြောပြောဆိုဆိုနှင့် ထဖို့ပြင်တော့ ဘီဒီက နံဘေးက အင်္ကျီသေးသေးလေးကို လက်နှင့်မြှောက်ကာထောင်ပြပြီး . .



"ဒီအင်္ကျီနဲ့ လဲမှာလား"

"အာ . . . ရှင်ကလည်း ချထားစမ်းပါ။ အဲဒါ ကျွန်မငယ်ငယ်က အင်္ကျီကို၊ အခုဝတ်လို့ ဘယ်ရတော့မလဲ"

ပြောပြီး ကောင်မလေး ထွက်သွားတော့သည်။ ဘီဒီကတော့ ထိုအင်္ကျီအဝါရောင်သေးသေးလေးကို ပြုံးကာကြည့်ရင်း ကျန်ခဲ့တော့သည်။

အချိန်သည် ညဦးပိုင်းသို့ ရောက်လာခဲ့ပြီဖြစ်သည်။ သူ ထမင်းစားပြီးသောအခါ ဝိုင်သောက်ရင်း (Hero)တက္ကသိုလ်အကြောင်းတွေ ပြောပြရပြန်သည်။ ကောင်မလေးကလည်း လျှောက်မေးသည်။ ကျောင်းတည်ရာ ဒဏ္ဍာရီကအစ၊ ချစ်ရေးချစ်ရာအကြောင်းတွေ၊ ပွဲလမ်းသဘင်အကြောင်းတွေ စုံနေအောင် မေးသည်။

မေးရင်း ပြောရင်း ရယ်မောရင်းနှင့် တစ်ချက်တစ်ချက် သူတို့ မျက်လုံးချင်း ဆုံဖြစ်ကြသည်။ သို့သော် ချက်ချင်းပြန်လွှဲကာ တခြားစကားပြောကြပြန်သည်။

"ကျွန်တော် အခုထိ သွားတွေ့လို့ မရသေးဘူးလားဗျ"

"ကျွန်မစကား နားထောင်ပါဆိုရှင်။ ဒီအချိန် ရှင် ဒီအခန်းထဲကထွက်ရင် လုံခြုံရေးနဲ့တိုးပြီး လက်ထိတ်တန်းလန်းနဲ့ လိုက်သွားရလိမ့်မယ်။ ကျွန်မအဖေနဲ့တော့ တွေ့ရမှာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါ . . . မြို့ကြီးသူရယ်"

ထိုသို့ ပြန်ပြောရင်း ဘီဒီ သက်ပြင်းလဲချမိသည်။

"ဘာလို့ သက်ပြင်းချည်းပဲ ချနေတာလဲ"

"ကျွန်တော် အပိုအလုပ်တွေ လုပ်နေမိပြီလို့ ထင်လို့ပါဗျာ။ ခင်ဗျားပြောသလိုဆိုရင် ဒီအယူခံလွှာတွေကလည်း ခင်ဗျားအဖေရဲ့ ဆုံးဖြတ်ချက်ကို ပြောင်းလဲစေဖို့ လှုံ့ဆော်နိုင်မယ် မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးက ထိုင်ရာမှထကာ သူ့အနားထိုင်လိုက်သည်။ 'လက်ဖြန့်' ဆိုပြီး သူ့ကို ပြောသည်။ သူ ဖြန့်ပြလိုက်တော့ သူ့လက်ဖဝါးပေါ် ကောင်မလေးက သစ်စေ့တစ်စေ့ ထည့်ပေးသည်။

"ဘာလုပ်တာလဲ"

သူမက ပြန်မဖြေ။ ပြောချင်ရာ ဆက်ပြောသည်။

"ရှင့် ကျန်တဲ့လက်တစ်ဖက်က လက်ညှိုးနဲ့ လက်ခလယ်ကို လိမ်လိုက်။ လက်ညှိုးပေါ် လက်ခလယ်ထပ်ပြီးတော့ . . . လိမ် . . . အင်း . . . ဟုတ်တယ် . . . အဲ့ဒီလိုလိမ်"

သူမပြောသလို လက်ညှိုးနှင့် လက်ခလယ်ကို လိမ်လိုက်ရပြန်သည်။ ပြီးတော့ သူမက ဆက်ပြီး . . .

"ရှင့် လိမ်နေတဲ့ အဲဒီလက်နှစ်ချောင်းရဲ့ထိပ်နဲ့ ဒီသစ်စေ့လေးကို ပွတ်ကြည့်၊ လှိမ့်ပြီး စမ်းကြည့်လိုက်"

သူပြောသလို လုပ်ကြည့်ရပြန်သည်။

"ဘယ့်နှယ်လဲ . . . ဘယ်လိုခံစားရသလဲ"

"အင်း . . . တစ်မျိုးလေးပဲ။ သစ်စေ့က နှစ်စေ့ ဖြစ်သွားသလိုပဲ ခံစားရတယ်"

"အင်း . . . အဲဒါပြောတာပေါ့"

ကောင်မလေးက ဘဝင်ကျသလို မိန့်မိန့်ကြီး လက်ရုံးတန်းပြသည်။

"ရှင့်လက်က အဲဒီလိုလိမ်နေတော့ မှန်ကန်တဲ့အထိအတွေ့မရှိတော့ဘူးလေ။ သစ်စေ့တစ်စေ့ကို နှစ်စေ့လို့ ထင်ရော။ ဒီလိုပဲ ရှင့်အမြင်တွေ အတွေးတွေကလည်း လိမ်ယှက်နေရင် နှစ်ခွမြင်နေလိမ့်မယ်။ တိကျတဲ့ တစ်ခုတည်းသော မြင်ကွင်းကို ရွေးချယ်နိုင်မှာမဟုတ်ဘဲ တွေဝေဝေဝါးနေလိမ့်မယ်"

သူမက ဒဿနတစ်စုံကို ခင်းပြနေခြင်းပင်။



"ဒါကြောင့် အတွေးတွေကို လိမ်ယှက်ခြင်းမရှိအောင် ရှင်းထား။ ယုံကြည်ချက်ကို ခိုင်ခိုင်မာမာထားပြီး ကျွန်မအဖေနဲ့ တွေ့လိုက်ပါ။ ဘာမှကြောက်မနေနဲ့ . . . ဟုတ်လား"

ဘီဒီ သူမ၏အဆိုကို သဘောကျစွာ လက်ခံရင်း ခေါင်းညိတ်ပြလိုက်သည်။

"ရှင့်ကြည့်ရတာ ပင်ပန်းနေတဲ့ပုံလည်း ပေါ်နေတယ်။ ခဏအိပ်လိုက်ပါလား"

"အင်း . . . ဟုတ်တယ်။ မင်းအခန်းထဲမှာတော့ ဝင်မအိပ်ချင်ဘူး"

ကောင်မလေး မျက်လုံးပြူးပြသည်။

"သေချင်နေပြီထင်တယ်။ ကျွန်မက ရှင့်ကို အခန်းထဲ ခေါ်အိပ်ပါ့မလား။ ဒီ ဧည့်ခန်းဆိုဖာပေါ်မှာပဲ အိပ်နိုင်းမှာပေါ့"

"အင်းပါ . . . အိပ်ရပါတယ်။ ဒါပေမဲ့ ကျွန်တော် အိပ်နေတဲ့အချိန် ခင်ဗျား ကျွန်တော့်ကို ဘာမှမလုပ်ရဘူးနော်"

"ဘာရှင့် . . . "

မျက်နှာကျက်မှ အိမ်မြှောင်တစ်ကောင် ပြုတ်ကျလာခြင်းသည် ထိုအသံကြောင့်လည်း ဖြစ်နိုင်သည်။

"မင်း . . . မင်းက ဘယ်လိုထင်နေတာလဲ။ ငါပြောတာက ငါအိပ်နေတဲ့အချိန် မျက်နှာကို ဘောလ်ပင်နဲ့ နှုတ်ခမ်းမွေးပုံတို့၊ အသည်းပုံတို့ ကလေးကလား လာမဆွဲနဲ့လို့ ပြောတာ"

ကောင်မလေးက အခန်းထောင့်က ယော်ကီတုတ်ကြီးကို သွားဆွဲနေပါပြီ။

"ရှင် ကောင်းကောင်းအိပ်မလား၊ မအိပ်ဘူးလား"

ဘီဒီက ယော်ကီတုတ်ကြီးကို မျက်စိကလယ်ကလယ်နှင့်ကြည့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"အိပ်မှာ၊ အိပ်ပြီ။ အခု . . . အခု အိပ်ပြီနော်။ စိတ်မဆိုးနဲ့။ အိပ်ပြီ . . . ဟော . . . အိပ်ပျော်သွားပြီ"

ဘီဒီ ဆိုဖာပေါ်ကွေးနေအောင် ခွေ၍ အိပ်လိုက်ပါတော့သည်။

သူ့ကိုကြည့်ပြီး ကောင်မလေး ခစ်ခနဲ အောင့်ထားသည့်ကြားက ရယ်ဖြစ်သွားသေးသည်။

ဘီဒီ ခဏတော့ အိပ်ပျော်သွားပါသည်။ အိပ်မက်ထဲသို့ တေးသွားမျှင်လှိုင်းတွေ တိုးဝင်လာသောအခါ သူနိုးလာပါသည်။ တကယ်တော့ အိပ်မက်ထဲမှာတင်မက အပြင်မှာပါ တေးသွားလေးက ပျံ့လွင့်နေခြင်းဖြစ်သည်။

တေးသွားက အခန်းထောင့်မှ လာသည်။ အခန်းထောင့်ကို သူကြည့်လိုက်သောအခါ စန္ဒရားလေးနှင့်အတူ နတ်သမီးတစ်ပါးလို ကျောပေးထိုင်နေသော သူမကို သူ တွေ့လိုက်ရပါသည်။

တေးသွားမျှင်လှိုင်းများက ရစ်ပတ်ခေါ်ဆောင်သွားသလို သူ့ခြေလှမ်းများသည် အလိုလို အခန်းထောင့်သို့ သွားမှန်းမသိ သွားနေမိတော့သည်။ ပြီး သူမဘေးမှာရပ်ကာ သူ နားထောင်နေလိုက်သည်။ အနားတွင် သူရောက်နေမှန်းမသိဘဲ သူမသည် စန္ဒရားကိုသာ အာရုံစိုက်ကာ တီးခတ်နေရှာသည်။

တေးသွားသည် ချို၏။ လွမ်းဆွတ်ဖွယ် ကောင်း၏။ မိုးသည်းချိန် တဲစက်မြိတ်တစ်ခုမှာ အတူဆုံခဲ့ပြီး မိုးတိတ်ချိန် ပြန်ခွဲခွာသွားခဲ့သူနှစ်ယောက်ကို ပြနေသလိုမျိုး။ သူ ခံစားနေရသည်။

တကယ်တော့ သူ ကြိုတင်လွမ်းဆွတ်နေမိခြင်း ဖြစ်ပါလိမ့်မည်။ မကြာခင် နာရီပိုင်းမျှတွင် သူမ၏အခန်းထဲမှ ထွက်သွားရတော့မည်။ ထို ထွက်သွားရခြင်း၏နောက်တွင် ဘယ်တော့မှ ပြန်လာခွင့်ရှိမည်မဟုတ်ခြင်းတို့သည်လည်း တည်ရှိလျက်ရှိ၏။ အို . . . နှင်းဆီရောင်ကောင်မလေးရယ်။



တေးသွားသည် သပ်ရပ်စွာ အဆုံးသတ်သွား၏။ သူ လက်ခုပ်တီးသည်။ သူမ ဖြည်းညှင်းစွာ လှည့်ကြည့်ပြီး . . .

"ဩော် . . . ရှင် ရောက်နေတာကိုး"

"အင်း . . ."

သူမမျက်နှာကို တစ်သက်မမေ့အောင် စိတ်ထဲမှ အလွတ်ကျက်လျက်ရှိသည်။

"ဒါနဲ့ ရှင့်နာမည်ကို ကျွန်မ မမေးရသေးဘူးနော်"

"ကျွန်တော်က ဘီဒီပါ။ (Hero)တက္ကသိုလ်ရဲ့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့"

သူမ ဟက်ခနဲ တစ်ချက်ရယ်ပြီး . . .

"ကျွန်မ နာမည်ကတော့ ရိုစီ။ ဘယ်သူမှ မခူးရဲတဲ့ နှင်းဆီပေါ့ရှင်"

"ဘာဖြစ်လို့လဲ"

"ကျွန်မအဖေက သိပ်စိတ်ကြီးတဲ့ ပြည်နယ်ပညာရေးမှူးကြီး ဖြစ်နေလို့ပေါ့။ တော်ရုံလူ ဘယ်သူမှ ကျွန်မအနားကို မကပ်ရဲဘူး။ ကဲ . . ရှင် ခဏအိပ်လိုက်ပါဦး"

"ငါ့ပဲ အိပ်ခိုင်းနေတယ်။ မင်းကျတော့ မအိပ်ဘူးလား"

"အင်း . . . ဒါဆို ကျွန်မ အိပ်လိုက်ဦးမယ်။ ဗိုက်ဆာရင် ရေခဲသေတ္တာထဲမှာရှိတာတွေ အကုန်ယူစားလို့ရတယ်။ ည (၁) နာရီတိတိမှာတော့ ကျွန်မကို နိုးလိုက်။ ရှင့်ကို ကျွန်မ အဖေအခန်း လိုက်ပို့ပေးမယ်"

ထို့နောက် အိပ်ခန်းအတွင်းသို့ဝင်ကာ သူမ သွားအိပ်ပါသည်။ သူမ၏အခန်းကလေး မီးပိတ်၊ လိုက်ကာပိတ်၊ အသံတွေတိတ်ကာ မှောင်ရိပ်ငြိမ်သက်သွားပါပြီ။

သူကတော့ ငူတူတူနှင့် ဧည့်ခန်းထဲ ထိုင်နေမိပါသည်။ ရင်တွေလည်း အရမ်းခုန်နေပါသည်။ ဘာကြောင့်မှန်းမသိ နေထိုင်ရလည်း



www.burmeseclassic.com

www.burmeseclassic.com

အရမ်းခက်နေပါသည်။ သူ့တစ်သက်တွင် ထိုသို့ စိတ်လှုပ်ရှားပြီး တစ်ခု တစ်ရာကို အလွန်အမင်းတောင့်တနေမှုမျိုး မကြုံဖူးခဲ့ပါ။ ဒါ ပထမဆုံး အကြိမ် ကိုယ်ထိလက်ရောက်ရင်ခုန်မှု။ နာရီဝက်ခန့်အကြာမှာတော့ သူ နာမည်တစ်စုံကို ထိန်းမချုပ်နိုင်စွာ အော်ခေါ်နေမိသည်။

"ရှိစီ . . . ရှိစီ . . . ရှိစီ"

ပြန်ထူးသံမကြားတော့ သူ အရဲစွန့်ကာ သူမအခန်းထဲသို့ ဝင်ခဲ့ပါသည်။ မီးလုံးကို ပြန်ဖွင့်ကာ သူမအိပ်ရာအနားတွင် ခုံတစ်ခုံနှင့် လာထိုင်နေလိုက်ပါသည်။ ပြီး . . . သူမမျက်နှာလေးကို ထိုင်ကြည့်နေလိုက်ပါသည်။ သို့မှ သူ နေရထိုင်ရ သက်သာသွားပါတော့သည်။

* * *



## (14)

ဇရာမ ကျောက်တောင်နံရံကြီးများ တစ်ခုနှင့်တစ်ခု ထိကပ်လျက်ရှိသည်။ ထိုသို့ ထိကပ်ဆက်စပ်မှုကြောင့် ထောင့်ချိုးများ၊ လိုဏ်များဖြစ်ပေါ်ပြီး ယခုကဲ့သို့ ခန်းမဆောင်ကြီးသဖွယ် တည်ရှိလာခြင်းဖြစ်သည်။ ထိုနေရာကို ဆုတောင်းလိုဏ်ဂူဟု ရှေးကကျောင်းသားများက အမည်ပေးခဲ့သည်။

ကျောင်း၏ မြောက်ဘက်တွင်ရှိသည်။ ဤလိုဏ်ဂူခန်းမထဲတွင် ဆုတောင်းလျှင် ဆုတောင်းသံများသည် ပဲ့တင်သံ အထပ်ထပ်ထွက်ပေါ်လာပြီး ကောင်းကင်သို့ဆန်တက်ကာ ဘုရားသခင်၏နားထဲသို့ပင် ပေါက်ရောက်နိုင်သည်ဟု ရှေးအဆက်ဆက် ယုံကြည်ခဲ့ကြလေသည်။

ယခု လိုဏ်ဂူထဲတွင် ကျောင်းသားပေါင်း ရာချီလျက် ညီညာစွာ စုဝေးပြီး ဆုတောင်းနေကြလေသည်။ သူတို့ကျောင်းကြီး ဆက်လက်တည်မြဲစေရန်အတွက် ဆုမွန်ကောင်းများ တောင်းနေကြခြင်းဖြစ်သည်။ ဘီဒီထွက်သွားသောနေ့မှ စရေတွက်လျှင် သူတို့ဆုတောင်းခဲ့ကြသည်မှာ သုံးရက်မြောက်ခဲ့ပြီဖြစ်သည်။

ကျောင်း၏ တခြားခန်းမတစ်ခုထဲတွင်လည်း ကျန်ကျောင်းသားများ စုဝေးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါပြောတဲ့စကားကို ဉာဏ်အေးအေးထားပြီး မင်း ပြန်တွေး ကြည့်စမ်းပါ . . . ဆိုင်မွန်"

ကိန်းသည် သူ့ပုံစံအတိုင်း အေးစက်စက်အသံနှင့် စကားဆိုသည်။

နောက်ထပ် (၁၀) ရက်မြောက်သောနေ့သည် သူတို့မြို့လေးတွင် အစဉ်အဆက် ထူးခြားစွာ ကျင်းပခဲ့သော (Smile day) 'အပြုံးနေ့' ဖြစ်သည်။ တိုက်ဆိုင်စွာပင် ထိုနေ့သည် ပြည်နယ်ပညာရေးမှူး မစ္စတာ ကလော့တန်၏ ကြေညာစာအရ (အယူခံလွှာကိစ္စသာ မထူးခြားပါလျှင်) သူတို့ကျောင်းတော်ကြီး တရားဝင်ပိတ်မည့်နေ့ဖြစ်သည်။

ထို့ကြောင့် ထိုနေ့သည် သူတို့ကျောင်းသားအားလုံးအတွက် ခွဲခွာရာ နှုတ်ဆက်ရမည့်နေ့လည်း ဖြစ်သည်။ ယခုလို အပြုံးပွဲတော်နေ့နှင့် တိုက်ဆိုင်သောအခါ သူတို့ မည်သို့ပင် နာကျင်ခါးသီးပါစေ အပြုံးနှင့်သာ ခွဲခွာနှုတ်ဆက်ရတော့မည်ဖြစ်သည်။ (အပြုံးပွဲတော်နေ့တွင် စိတ်ညစ်စရာပင်ရှိလင့်ကစား ပြုံး၍နေရသော အစဉ်အလာရှိလေ၏။)

ယခုကိန်းသည် မည်သို့ပင် စိတ်ညစ်စရာရှိနေပါစေ၊ ထိုနေ့တွင်တော့ အစဉ်အလာမပျက်စွာ ပြုံးကြပျော်ကြစေချင်သည်။ ထို့ကြောင့် အပြုံးပွဲတော်ကိုလည်း ခါတိုင်းထက် ထူးခြားစွာ ခြိမ့်ခြိမ့်သဲသဲဖြစ်အောင် ကျင်းပရန်အတွက် ဆိုင်မွန့်အား စကားဆိုခြင်းဖြစ်သည်။

ဆိုင်မွန်သည်လည်း ထိုသို့ပင် ဖြစ်ချင်ပါသည်။ သို့သော် . .

"မင်းက အယူခံလွှာကိစ္စ အောင်မြင်မယ် မထင်ဘူးပေါ့"

ဆိုင်မွန်က ပြန်မေးလိုက်သည်။ ကိန်းက ချက်ချင်း ပြန်မဖြေပေ။ အနည်းငယ်ကြာပြီးမှ . . .

"အမှန်အတိုင်းပြောရရင် . . . ဟုတ်တယ်။ အယူခံလွှာကိစ္စကို အောင်မြင်မယ်လို့ ငါမယုံဘူး။ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်တဲ့အနေနဲ့ပဲ ဒီအယူခံလွှာကိစ္စကို လုပ်ခဲ့တာပဲ။ နောင်တစ်ချိန်ပြန်တွေးရင် နောင်တ



မရအောင် ငါတို့ ကြိုးစားကာကွယ်ခဲ့တယ်ဆိုတဲ့ အသိတစ်ခုရအောင် လုပ်ခဲ့တဲ့သဘောပဲ။ ဒီအယူခံလွှာကိစ္စ အောင်မြင်မယ်လို့ထင်ရင် မင်းရူးနေတာပဲဖြစ်မယ်"

ကိန်းက အယုံအကြည်မရှိစွာ ပြင်းပြင်းထန်ထန် ဝေဖန်တော့သည်။

ဆိုင်မွန် ကိန်း၏အင်္ကျီစကို လှမ်းဆွဲကာ မျက်နှာချင်းဆိုင်ပစ်လိုက်သည်။

"ဟေ့ကောင် . . . မင်း ငါ့ကို မကျေနပ်တာနဲ့ ဒီလိုစကားမျိုး မပြောနဲ့"

ကိန်းက ခွပ်ခနဲ ထိုးလိုက်ရာ ဆိုင်မွန် လွင့်သွားသည်။ အနီးက ဘော့ပါကလည်း ဆဲရေးကာ ကိန်းကို လှမ်းခုန်အုပ်သည်။

ကျောင်းသူများက အော်ကြသည်။ ကျောင်းသားများက ဝိုင်းအားကြ၊ ဆွဲကြ၊ အော်ဟစ်ကြသည်။

"ဟေ့ကောင်တွေ . . . မင်းတို့ကွာ . . ."

"ငါတို့က မင်းတို့ ဦးဆောင်မှုနောက်လိုက်ပြီး အလုပ်လုပ်နေရတာနော်။ ဟေ့ကောင်တွေ . . ."

"တော်ကြစမ်းကွာ။ ဒီအချိန် အားလုံး ညီညီညွတ်ညွတ်ရှိနေရမယ့်အချိန်ကွ"

ရှုပ်ထွေးကုန်သည်။ ကိန်းက အားလုံးကို တွန်းဖယ်ကာ စင်ပေါ်ပြေးတက်သွားသည်။

"အားလုံး ငါပြောတာ နားထောင်ကြဦး။ ငါပြောချင်တာက ဒီအယူခံလွှာတွေပေါ်မှာ သိပ်မမျှော်လင့်ကြဖို့ပဲ။ အရမ်းမျှော်လင့်ထားရင် အရမ်းခံစားရမှာပဲ။ ဒါကြောင့် အဲ့ဒီအရေးအတွက် စိုးတထိတ်ထိတ်နဲ့ နေ့တိုင်း စိတ်မချမ်းမသာ မျှော်လင့်နေမဲ့အစား နောက် (၁၀) ရက်မြောက်နေ့၊ အင်း . . . ကျောင်းတော်ရဲ့ နောက်ဆုံးနေ့လည်းဖြစ်နိုင်တဲ့ အဲ့ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com

မှာကျရောက်မယ့် အပြုံးနေ့မှာ ငါတို့ ပျော်ရွှင်စွာနေဖို့ပဲ။ အားလုံး စိတ်ညစ်နေမဲ့အစား အဲဒီနေ့အတွက် ငါတို့ ပြင်ဆင်သင့်ပြီ"

ထို 'အပြုံးနေ့' သည် သူတို့ကျောင်း၊ သူတို့မြို့အတွက် အစဉ်အလာအကြီးဆုံး တစ်ခုဖြစ်သည်။ ကျောင်းကြီး ပြဿနာအရပ်ရပ်တွင်သာ စိတ်လောနေကြသဖြင့် ထိုပွဲတော်နေ့ကို သူတို့ အာရုံမရှိကြဘဲ ဖြစ်နေကြသည်။ ပျော်ရွှင်ရမည့်အချိန်ကို လျစ်လျူရှုကာ စိတ်ညစ်စရာများကို တွေးနေခြင်းသည် မိုက်မဲမှု၊ ညံ့ဖျင်းသော အချည်းအနှီးသဘောတစ်ခုဖြစ်သည်ဟု ကိန်းက မြင်သည်။ ထို့ကြောင့် . . .

"မရေရာတဲ့ အရာတွေကို မျှော်ကိုးပြီး ငါတို့ရဲ့ ပျော်ရွှင်ရမဲ့ အချိန်တွေကို ဖြုန်းတီးပစ်မှာလား"

ကိန်းစကားအဆုံးတွင် ကျောင်းသားထုတစ်ရပ်လုံး ငြိမ်သက်သွားကြပါသည်။

ဆုတောင်းလိုဏ်ဂူမှ ပျံ့လွင့်လာသော ဆုတောင်းသံတို့ကိုလည်း သူတို့ ကြားနေရဆဲဖြစ်သည်။

ကျောင်းသားများအားလုံးသည် စို့နင့်ကုန်ကြပြီ။ ပျော်ရွှင်စရာ အချိန်တွေကိုတောင် မေ့လျော့ခဲ့ကြသော မိမိတို့အပြစ်အတွက် မိမိတို့ပင် ဝမ်းနည်းလာကြသည်။ မခံစားနိုင်သော ကျောင်းသူတချို့၏ မျက်နှာကို လက်ဖြင့်အုပ်၍ ငိုသည့်အသံကို ကြားရသည်။ ကိန်းစကား၏ လေးနက်မှု အတိုင်းအတာသည် မည်မျှ တာသွားပါသနည်း။

ဆိုင်မွန်သည် နှုတ်ခမ်းမှ ကိန်းလက်ချက်ကြောင့် စီးကျလာသော သွေးစီးကြောင်းကို သုတ်ရင်း စင်ပေါ်ပြေးတက်သွားသည်။

"ငါကတော့ အယူခံလွှာကိစ္စကို ယုံတယ်။ ဒါပေမဲ့ ကိန်းပြောတာလည်း မှန်တယ်"

" . . . . . "

"ငါတို့ အပြုံးပွဲတော်အတွက် ပြင်ဆင်ရမယ်။ ကိန်းပြောတဲ့အတိုင်း ငါတို့ရဲ့ အပြုံးပွဲတော်ကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ကြရအောင်"

"ဟေး . . ."

"ဟေး . . . ဟုတ်တယ်"

"ဟေး . . . မှန်တယ်"

"ဟေး . . ."

ကျောင်းသားများ တစ်ခဲနက် အော်ဟစ်ကြတော့သည်။ လက်ရုံးအန်းကာ ပြုံးပျော်ကုန်ကြသည်။ သူတို့ ပွဲတော်အတွက် တက်ညီလက်ညီ ပြင်ဆင်ကြတော့မည် ဖြစ်သည်။

ကိန်းနှင့် ဆိုင်မွန်လည်း မျက်လုံးချင်း ဆိုင်မိကြသည်။ ပြီး . . မျက်နှာလွှဲကာ တဟားဟား ရယ်ဖြစ်ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (15)

"ထ . . . ထ . . ."

". . . ဟွင်း . . . ဘာလဲ . . . အိပ်နေတာကို . . . ခေါ . . ခလော . . . "

သည့်လောက် ခေါင်းကြီးကို လှုပ်နှိုးနေတာတောင်မရ။ နှာခေါင်းကိုလည်း အားနှင့်ဆွဲညှစ်ကာ ယမ်းသည်။ မရ။ မျက်လုံးကို လက်နှင့် အတင်းဖြဲဖွင့်သော်လည်း လက်လွှတ်လိုက်သည်နှင့် မျက်လုံးမှာ ပြန်ပိတ်သွားသည်။ ကြည့်၊ ဘယ်လောက် စိတ်ကုန်ဖို့ကောင်းလဲ။

"ကဲ . . . တစ်၊ နှစ်၊ သုံးမှ မထရင် ကျွန်မ ယော်ကီတုတ် သွားယူတော့မှာနော်"

"ဟင် . . . ထပြီ . . . ထပြီ . . . အခု ထပြီ"

ဘီဒီ မျက်လုံးတွေ ပွတ်သပ်ပြီး ချက်ချင်းထလာသည်။ ပြီး သူမကိုလည်း အကြီးကြီး ပြုံးပြလိုက်သည်။ သူမက စူပုပ်ပုပ်နှင့် မျက်စောင်းထိုးပစ်လိုက်သည်။

နံရံပေါ်မှ နာရီသည် ည (၁) နာရီတိတိကို ညွှန်ပြနေသည်။

"ရှင်က ဘာလို့ ကျွန်မခုတင်ဘေးမှာ လာအိပ်နေတာလဲ"

"သြော် . . . ဒါ . . . ဟိုဟာလေ . . . ကျွတ် . . . "



မှသားတွေ စဉ်းစားရတော့သည်။

"သြော် . . . ခြင် . . . ခြင်တွေ အများကြီးပဲ။ မင်းကို ဝိုင်းကိုက်နေတာ။ အဲဒါကြောင့် ခြင်တွေခြောက်ပေးရင်း ကျွန်တော်လည်း အိပ်ပျော်သွားတာ"

"ကျွန်မအခန်းမှာ ခြင်မရှိပါဘူး"

"ဟာ . . . ရှိတယ်။ လက်မလောက် အကောင်ကြီးတွေ"

"ဘာ . . . "

"လက်မရဲ့ လက်သည်းရဲ့ တစ်ဝက်လောက်ရှိတဲ့ အကောင်ကြီးတွေလို့ပြောတာပါ"

နည်းနည်း (over)ဖြစ်သွားသဖြင့် ပြန်ပြီး ရွှီးလိုက်ရသည်။

သူမကတော့ မျက်မှောင်သာ ကုတ်သွားပါသည်။ သိပ်ယုံချင်ပုံတော့မရ။ သို့သော် ဘာမှမပြောတော့။

"ကဲ . . . ကဲ . . . မျက်နှာသစ်ချင် သစ်လိုက်။ ဒီအချိန် ကျွန်မအဖေ စာကြည့်ခန်းမှာ စာဖတ်နေတော့မှာ။ အချိန်ကောင်းပဲ။ ရှင့်ကို ကျွန်မ လိုက်ပို့ပေးမယ်"

"အင်း . . ."

ထို့နောက် မကြာခင်မှာတော့ သူနှင့်သူမတို့ (ဘီဒီနှင့်ရှီစီ) တို့သည် ပါမောက္ခမစ္စတာကလေ့တန်၏ စာဖတ်ခန်းသို့ ထွက်လာခဲ့သည်။ လုံခြုံရေးတချို့ ရှိနေသေးသည်ဖြစ်၍ အနည်းငယ် ခိုးကြောင်ခိုးဝှက်လုပ်ကာ လာရသေးသည်။

ကော်ရစ်တာ ထောင့်ချိုးတစ်ခုရောက်တော့ ရှီစီက . . .

"ဟိုအခန်း . . . တွေ့လား"

မီးလင်းနေသည့် ခပ်လှမ်းလှမ်းကအခန်းကို ညွှန်ပြသည်။ ဘီဒီက တွေ့ကြောင်း ခေါင်းညိတ်ပြသည်။

"အဲ့ဒီအခန်းမှာ အခု ကျွန်မအဖေ ရှိနေလိမ့်မယ်။ သွားတွေ့ချေ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းကော မလိုက်ခဲ့ဘူးလား"

"ကျွန်မလိုက်ခဲ့လို့ ဘယ်ဖြစ်မလဲ။ ကျွန် ရှင့်ကို ကူညီနေတာတွေ၊ ရှင် ကျွန်မအခန်းမှာ အချိန်အကြာကြီး ရှိနေတာတွေပါ။ ကျွန်မ အဖေ သိသွားမှာပေါ့"

"အေး . . . ဟုတ်တယ်။ ဒီကိစ္စတော့ သိသွားရင် မင်းအဖေက ရှက်ပြီး ငါနဲ့မင်းကို ပေးစားနေဦးမယ်"

အရေးထဲ။ သူမ စကားကို မပြောချင်တော့သဖြင့် မျက်လုံးပဲ ပြူးပြလိုက်တော့သည်။

"အဓိကက ကျွန်မအဖေနဲ့ စကားပြောရင် ဂရုတစိုက်ပြောဖို့ပဲ။ ကျွန်မနဲ့ ပြောသလို ပြောင်စပ်ပြောင်စပ် သွားမပြောနဲ့။ ရှင် ဒုက္ခရောက်သွားလိမ့်မယ်"

ရိုစီ စိတ်မချစွာ မှာရသေးသည်။

"အင်းပါ"

"ကဲ . . . ကျွန်မ လုပ်စရာရှိတာ သွားလုပ်တော့မယ်။ ရှင်လည်း သွားတော့"

"ဘာလုပ်စရာရှိလို့လဲ။ အိမ်သာတက်မလို့လား"

"မဟုတ်ပါဘူး။ ရှင်သာ သွားစမ်းပါ။ သွား . . . သွား . . ."

ရိုစီ သူ့ကို အတင်းတွန်းထွတ်လိုက်ပါသည်။ သူ သူမကို လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်သွားရှာပါသည်။

ရိုစီလည်း သူထွက်သွားပုံကို လက်ပိုက်ကာ ပြုံး၍ ရပ်ကြည့်နေပါသေးသည်။ အဆင်ပြေပါစေ . . . ကောင်လေးရေ။

ᨗ ᨗ ᨗ



ဘီဒီ အခန်းထဲမဝင်ခင် လေပူများကို အကြိမ်ကြိမ် မှုတ်ထုတ်နေသည်။ ကိုယ့်ကိုယ်ကိုယ် အားပေးစကားများလည်း ရေရွတ်နေသည်။ အတွေးတွေကို လိမ်ယှက်ခြင်းမရှိအောင် ရှင်းထား၊ ယုံကြည်ချက်ကို ခိုင်ခိုင်မာမာထားဟူသည့် ရိုစီ၏စကားသံများကိုလည်း သတိရစွာ ကြားယောင်လာသည်။ မင်းပြောတာ မှန်တယ် . . . ရိုစီ။ အာရုံများလို့ မဖြစ်ဘူး။

စိတ်ချရအောင် ကိုယ့်စိတ်ကိုယ် ပြင်ဆင်ပြီးမှ အခန်းထဲ ခြေလှမ်းလိုက်သည်။

ᨗ ᨗ ᨗ



www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲတွင်တော့ မစ္စတာကလော့တန်သည် သူ၏ တစ်ညတာ လုပ်လေ့လုပ်ထရှိသည့်အတိုင်း ည (၁) နာရီ ထိုးပြီဖြစ်၍ စာဖတ်နေလေသည်။ စာဖတ်ရင်းနှင့် ညာဘက်လက်တွင်လည်း သူ့အနေဖြင့် မှတ်သားသင့်သည်ဟုထင်သော စာများအား မျဉ်းတားရန် ဖောင်တိန်တစ်ချောင်းကို ကိုင်ဆောင်ထားသည်။ သူ့ဦးနှောက်သည် သူ့ပြည်နယ်ရှိ ကျောင်းသားများ ထူးချွန်ထက်မြက်ရေးအတွက် အပြင်းအထန် အာရုံစူးစိုက်လျက်ရှိသည်။

ထိုစဉ် . . .

ဒေါက် . . . ဒေါက် . . . ဒေါက် . . .

အခန်း၏ အဝင်နံရံကို လက်ဖြင့်ခေါက်၍ အသံပြုလိုက်သံဖြစ်သည်။ ညကြီးမင်းကြီး သည်လိုအချိန်မှာ သူ့စာဖတ်ခန်းသို့ ရောက်လာသူသည် မည်သူနည်း။ သမီးရိုစီလေးမှလွဲပြီး တခြားမရှိနိုင်ဟု သူတွေးမိသည်။ ထို့ကြောင့် မစ္စတာကလော့တန် အပြုံးဖြင့် ခေါင်းမော့ကြည့်လိုက်သည်။

"ဟင် . . ."

စိတ်ထဲမှ အာမေဋိတ်သာ။



သူ တွေ့လိုက်ရသည်က သူတစ်ခါမှ မတွေ့ဖူးသော လူငယ်တစ်ယောက်ဖြစ်နေသည်။ သူ မျက်မှောင် ချက်ချင်းကျုံ့ချိုင့်သွားတော့သည်။

ဘယ်သူလဲ၊ မေးရန်ပြင်ဆင်မှာပင် လူငယ်က . . .

"(Hero University) က လာခဲ့ပါတယ်။ ကျွန်တော့်နာမည် ဘီဒီပါ"

Hero University ဟု သူ့နှုတ်မှလည်း သံယောင်လိုက် ရေရွတ်ဖြစ်သွားသည်။ ဘာကိစ္စ ဒီအချိန်မှ ဒီနေရာကို ရောက်လာရတာလဲ။ လုံခြုံရေးတွေက ဘာလို့ သူ့ကိုမတားနိုင်ခဲ့တာလဲ။ သူ တွေးမိစဉ်ပဲ လူငယ်က သွက်လက်စွာ ပြောပြန်သည်။

"လာရင်းကိစ္စကို ပြောခွင့်ပြုပါ။ ကျွန်တော်တို့ တက္ကသိုလ်ကို သင်ကြားရေး ရပ်ဆိုင်းပစ်ဖို့ ဆုံးဖြတ်ထားတဲ့ ကိစ္စအတွက် အယူခံလွှာလာတင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းကို မပိတ်ပစ်ဖို့ ကျောင်းသားတိုင်းက လေးနက်စွာ တောင်းဆိုနေပါတယ်"

"မင်း ဘယ်လိုလုပ် ဒီအခန်းထဲရောက်လာတာလဲ"

သူ့ဘက်က ပထမဆုံးတစ်ခွန်းအဖြစ် မေးလိုက်သည်။ လူငယ်ကလည်းမခေ၊ သူမေးသည့် မေးခွန်းကိုလည်း မဖြေ။ သူပြောချင်တာကိုသာ ဆက်ပြောသည်။

"Hero တက္ကသိုလ်ဟာ ကျွန်တော်တို့မြို့ရဲ့ မရှိမဖြစ် တက္ကသိုလ်ပါ။ တခြားတက္ကသိုလ်တွေ တည်ရှိပုံမျိုးနဲ့ ကွဲပြားတဲ့အတွက် တခြားတက္ကသိုလ်တွေကို ချုပ်ကိုင်စီစဉ်သလိုမျိုး ဒီတက္ကသိုလ်ကို စီစဉ်လို့ အဆင်မပြေပါဘူး။ သည်တက္ကသိုလ်မှာ ကျွန်တော်တို့ရဲ့ သမိုင်းကောင်းတွေ ရှိခဲ့တယ်။ အနာဂတ်ကောင်းတွေ ရှိလိမ့်မယ်လို့လည်း ယုံကြည်နေပါတယ်"

"မင်း ဘယ်လိုလုပ် ဒီအခန်းထဲ ရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

မစ္စတာကလော့တန်သည် ပီသမာကြော၍ အံကြိတ်သံ ရောနေချေပြီ။ လူငယ်ကလည်း ထိုမေးခွန်းကို မကြားသလိုပင်။

"လူငယ်တွေအားလုံး မြို့ကြီးကကျောင်းတွေကို ပြောင်းဖို့ အရေးဆိုတာကလည်း ကျွန်တော်တို့မြို့ရဲ့ ဂေဟာစနစ်နဲ့လည်း သက်ဆိုင်နေပါတယ်။ မြို့ဟာ လူငယ်တွေရဲ့ အဓိကလုပ်အားနဲ့ မောင်းနှင်နေတာပါ။

ပြီးတော့ ရှေးယခင်ကလည်း စီးပွားရေးကျပ်တည်းတဲ့ မြို့တစ်မြို့ဖြစ်သလို အခုလည်း စီးပွားရေး မကောင်းတဲ့ မြို့လေးပါပဲ။ မြို့ကြီးက ကျောင်းတွေဆီ ပညာသင်ပေးဖို့ အတွက်ဆိုရင် ကျောင်းသားမိဘတွေဟာ အခက်အခဲ အကျပ်အတည်းများစွာနဲ့ ရင်ဆိုင်ရပါတော့မယ်။ လူငယ်တွေရဲ့ လုပ်အားပျော့ပါးသွားရမဲ့အတွက်လည်း မြို့ဟာ ပိုမိုစီးပွားရေး ကျပ်တည်းသွားပါလိမ့်မယ်။ ဒါဟာ ဖြစ်လာနိုင်တဲ့ အခြေအနေပါ"

ဘီဒီကို စိုက်ကြည့်နေသော မစ္စတာကလော့တန်၏ မျက်လုံးများသည်လည်း တောက်ပမာကြောလာချေပြီ။

"အခုဖြစ်နေတဲ့ အခြေအနေကတော့ ကျောင်းသားတွေ ပူဆွေးသောက ရောက်နေပါတယ်။ ပညာရေးမှူးကြေညာသလို မြို့ကြီးကကျောင်းကိုပြောင်းမဲ့ ကျောင်းသားဟာလည်း ဆယ်ယောက်လောက်ပဲ ရှိနေပါတယ်။ ကျောင်းသားဦးရေတစ်ထောင်မှာ ဆယ်ယောက်လောက်ပဲ ကျောင်းပြောင်းရွှေ့ဖို့ စရိတ်စက တတ်နိုင်တဲ့သူရှိပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ပညာရေးမှူးရဲ့အစီအစဉ်ဟာ များစွာ အံချော်နေကြောင်း သိသာပါတယ်။

ကျောင်းသူကျောင်းသားတွေဟာ ပူဆွေးသောကတွေနဲ့ ပညာရေးမှူးရဲ့ကြော်ငြာအရ လက်ကျန်ကျောင်းဖွင့်ချိန် (၁)လမှာလည်း ပညာကောင်းစွာ မသင်နိုင်တော့ပါဘူး။ ဒီအတိုင်းဆို ကျောင်းသားတွေ ဘွဲ့လက်မဲ့ဖြစ်ရတော့မယ့် အခြေအနေနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။

ပြီးတော့ ကျောင်းသားမိဘတွေ။ သူတို့ဟာ အရသာချို့တဲ့တဲ့ အစားအစာတွေကိုစားပြီး ကျောင်းသားတွေကို ကျောင်းထားပေးနေသူတွေပါ။ အခုဆို ကျောင်းသားတွေ ကျောင်းကပြန်လာတိုင်း ကိုယ့်မိဘကိုယ် စေ့စေ့မကြည့်ရဲအောင် ဝမ်းနည်းနေရပါတယ်။ ဒါဟာ တကယ်ဖြစ်နေတဲ့ အဖြစ်အပျက်တွေပါ"

မစ္စတာ ကလော့တန်သည် အကြီးအကျယ် မျက်မှောင်ကုတ်သွားပါသည်။ ဒီလို အဖြစ်အပျက်တွေ ရှိနေသတဲ့လား။ သို့သော် သူခေါင်းခါမိသည်။ လူငယ်ကတော့ ဆက်လက်၍သာ . . .

"အခုလို အယူခံလွှာ တင်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ကျောင်းသားတွေ အများကြီး ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်တို့ကျောင်းရဲ့ ဥပဒေတွေအရ . . . . . . . . . . . . . . . . . . . . . . . ."

အယူခံလွှာကိစ္စ ကြိုးစားခဲ့ရပုံများကိုလည်း ဘီဒီ ကရားရေလွှတ်တတွတ်တွတ်နှင့် မနားတမ်း ပြောချပစ်သည်။ ဘီဒီသည် ထိုသို့ စကားများကို သွက်သွက်ဆိုနေခြင်းမှာ အကြောင်းရှိချေသည်။ မစ္စတာကလော့တန်သည် သူ့စကားကို ဆုံးအောင်နားမထောင်ဘဲ နှင်လွှတ်မည်စိုးသောကြောင့် ရသည့်အချိန်အတွင်း ဘာကိုမှ ဂရုမစိုက်ဘဲ ပြောချပစ်နေခြင်းဖြစ်သည်။

မစ္စတာကလော့တန်သည် ထိုလူငယ်၏ စကားပြောသည့်ဟန်ပန်နှင့် စကား၏အကြောင်းအရာတို့ကို စိတ်ဝင်စားမိသည်မှာတော့ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် သူ့ဘက်မှလည်း စကားပြောရန် လိုလာသည်။ ထို့ကြောင့် ဘီဒီ့စကားဆုံးသည်နှင့် . . .

"ကြောင်တယ်။ အယူခံလွှာတင်တာကော၊ ဒီလိုကိုယ်စားလှယ်မျိုးလွှတ်တာကောက တော်တော်ကြောင်တဲ့ကိစ္စပဲ။ ဘယ်သူက မင်းတို့ကျောင်းကို ဒုက္ခပေးနေလို့လဲ။ မင်းတို့ကို ကျောင်းပြောင်းစေတာကကောင်းတဲ့ကိစ္စပဲ။ မြင့်မားတဲ့ပညာရေးတွေ သင်စေချင်လို့ပဲ။ ငါပြည်နယ်က ကျောင်းသားတွေအားလုံး ထက်မြက်ထူးချွန်နေရမယ်"

www.burmeseclassic.com

www.burmeseclassic.com

" . . . . ."

"မင်းတို့ ကျောင်းသားတွေအတွက် ပထမနှစ်ဝက် ကျောင်းထောက်ပံ့ကြေးပေးမယ်။ ပြီးရင် အချိန်ပိုင်း အလုပ်တွေလည်း ရှာပေးမယ်။ မင်းတို့အတွက် အလုပ်ကော၊ ပညာကောရမယ်။ မင်းတို့ စားဝတ်နေရေးအတွက် မင်းတို့မိဘတွေက ထောက်ပံ့စရာမလိုပါဘူး။ မင်းတို့အတွက် အဆင်ပြေစေရမှာပါ။ မင်းတို့သိထားရမှာက တစ်ခုတည်းရှိတယ်။ အဲဒါ ပညာဖြင့်သာလျှင် ဘဝကို အကောင်းဆုံး တိုးတက်နိုင်တယ်ဆိုတာပဲ"

"ဘဝကို မေတ္တာဖြင့်သာလျှင် အကောင်းဆုံး နွေးထွေးစေနိုင်တယ်ဆိုတာပဲ ပညာရေးမှူးကို ယုံကြည်စေချင်ပါတယ်။ ကျွန်တော်တို့မြို့ကတက္ကသိုလ်ဟာ ဒီလို မေတ္တာတွေ သံယောဇဉ်တွေနဲ့ တည်ဆောက်ထားတဲ့ တက္ကသိုလ်ပါ။ ကိန်းဗရစ်တက္ကသိုလ်နဲ့ အောက်စ်ဖို့တက္ကသိုလ်ဟာ မြို့အနေနဲ့ဆိုရင် နာမည်မကြီးဘဲ တက္ကသိုလ်အနေနဲ့သာ ထင်ရှားကျော်ကြားနေတဲ့ တက္ကသိုလ်မြို့တော်တွေပါ။ ကျွန်တော်တို့မြို့ကလည်း အဲလောက်မထင်ရှားပေမဲ့ တက္ကသိုလ်မြို့တော်တစ်ခုပါပဲ။

တက္ကသိုလ်တွေ ထင်ရှားဖို့ဆိုတာ အစဉ်အလာကြီးမားမှုနဲ့လည်း များစွာ သက်ဆိုင်ပါတယ်။ ကမ္ဘာကျော် ဟားဗတ်တက္ကသိုလ်ဟာ အမေရိကန်မှာ ရှေးအကျဆုံး တက္ကသိုလ်ဖြစ်လျက်နဲ့ အထင်ရှားဆုံးဖြစ်နေတာ အသိသာပါပဲ။ ကျွန်တော်တို့ Hero တက္ကသိုလ်ဟာလည်း သမိုင်းကြီးမားတဲ့ တက္ကသိုလ်ဖြစ်တဲ့အတွက် အနာဂတ်မှာ ထင်ရှားမလာဘူးလို့ မပြောနိုင်ပါဘူး"

မစ္စတာ ကလော့တန်သည် ဒီလောက်ချက်ကျလက်ကျ ပြောနေနိုင်သော ဘီဒီကို မျက်လုံးပြူး၍ပင် ကြည့်နေမိပါ၏။

"တကယ့် အမျိုးကောင်းသားလူငယ်တွေရဲ့ ပေါင်းစုရာနေရာဟာ အရက်ဘားနဲ့ လောင်းကစားဝိုင်းတွေမှာ မဟုတ်ပါဘူး။ တက္ကသိုလ်



တွေမှာပါ။ တက္ကသိုလ်ရဲ့ ပညာရေးပုံစံတွေ နိမ့်ကျတယ်ထင်ရင် ကျွန်တော်တို့ တက္ကသိုလ်ဆီလာပြီး တိုးတက်အောင် ညွှန်ပြပေး၊ ငွေဖန်ပေး၊ ထောက်ပံ့ပေး၊ ပြုပြင်ဆောင်ရွက်ပေးနိုင်ပါတယ်။ ရေခြားမြေခြားမှာ ကျောင်းပြောင်းတတ်စေမှ မဟုတ်ပါဘူး။

နောက်ပြီး လေ့လာသူတွေရဲ့ စစ်တမ်းအရ နယ်ဝေးရေခြားမြေခြားကနေ ကျောင်းလာတက်သူ (၁၀) ယော[illegible] ကောင်းကောင်းထူးချွန်တာ မတွေ့ရပါဘူးတဲ့။ နောက်ပြီး ထက်ဝက်လောက်ကလည်း လမ်းမှားရောက်ပြီး ပျက်စီးစေတတ်ပါတယ်တဲ့။

ဒါကြောင့် ဒီအချက်ကို ဆင်ခြင်ထောက်ရှုမိတဲ့ တချို့နိုင်ငံတွေမှာ နယ်ဝေးကို ကျောင်းပြောင်းပညာသင်စေတဲ့ စနစ်ကို လျှော့ချပြီး တက္ကသိုလ်တိုင်းကို တစ်ပြေးညီ အဆင့်အတန်းမြင့်အောင် ဆောင်ရွက်နေကြပါပြီ။ ဒါကြောင့် ပညာရေးမှူးရဲ့ ကျွန်တော်တို့အပေါ် ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်ကို ပြုပြင်ပြောင်းလဲပေးစေချင်ပါတယ်"

စကားအဆုံးမှာ အခန်းတစ်ခုလုံးငြိမ်သက်သွားပါသည်။ နံရံအထက်မှ တိုးတိတ်လွန်းသော နာရီလက်တံ၏အသံသည် ယခုအခါမှာတော့ အကျယ်လောင်ဆုံးအဖြစ်သို့ ရောက်ရှိနေချေပြီ။ ဤမျှ တိတ်ဆိတ်သွား၏။

မစ္စတာကလော့တန်သည် ဘီဒီအား သတ္တဝါဆန်းတစ်ကောင်လို စူးစိုက်စွာ ကြည့်၍နေသည်။ ဘာစကားမှ မပြော၊ အတန်ကြာအောင် စိုက်ကြည့်နေသည်။ ဘီဒီသည် မစ္စတာကလော့တန်၏အကြည့်အောက်တွင် နေရခက်စွာ ရှိနေပေသည်။ သို့သော် ခေါင်းကိုတော့ မော့ထားပါသည်။

"မင်း တော်တော် စကားပြောကောင်းပါတယ်။ ဒါပေမဲ့ . . ."

" . . . . ."

"အခု ဒီအခန်းထဲက ထွက်သွားတော့"



www.burmeseclassic.com

www.burmeseclassic.com

ဘီဒီ အလန့်တကြားဖြင့် မစ္စတာကလော့တန်ကို ကြည့်လိုက်သည်။ မစ္စတာကလော့တန်သည် စားပွဲပေါ်ရှိ အချက်ပေးဘဲလ်အား နှိပ်လိုက်ပြီဖြစ်သည်။

ခဏခြင်း လုံခြုံရေးများ ပြေးဝင်လာကြသည်။ ဘီဒီကို ချုပ်ကိုင်လိုက်ကြသည်။

မစ္စတာကလော့တန်သည် ဖတ်လက်စ စာအုပ်ကိုပိတ်ကာ . .

"သူ့ကို အပြင် ပြန်ပို့ပေးလိုက်ကြတော့"

ဘီဒီလည်း ချက်ချင်းပင် ချုပ်ကိုင်ထားသော လုံခြုံရေးများ၏ လက်မှ အတင်းရုန်းထွက်ကာ မစ္စတာကလော့တန်ဆီ ပြေးပါသည်။ ပြီး ကျောပိုးအိတ်ထဲမှ အယူခံလွှာ အထပ်လိုက်ကို စားပွဲပေါ်တင်လိုက်ပြီး

"ကျွန်တော့်ကို မောင်းထုတ်ခွင့်ရှိပါတယ်။ ဒါပေမဲ့ အယူခံလွှာတွေကိုတော့ လက်ခံရမယ်"

မစ္စတာကလော့တန်က သူ့ကိုမကြည့်ဘဲ လုံခြုံရေးအော်ပြောသည်။

"ဟော့ကောင်တွေ . . . ခေါ်ထုတ်မသွားကြသေးဘူးလား"

ထို့နောက် လုံခြုံရေးတွေ ချုပ်ကိုင်ခေါ်ဆောင်သွားရာနောက်သို့ အစမ္မ ပါသွားရလေတော့သည်။



(16)

နံရံကိုမှီ၍ သူ မျက်ရည်ကျသည်။

သွားပြီ။ အရာရာရှုံးနိမ့်စွာ ပြီးဆုံးခဲ့ပြီဟူသည့် အသိသည် သူ့မျက်ရည်စများကို ပူလောင်လာစေသည်။

"အား . . . စိတ်ပျက်လိုက်တာကွာ "

လူသားဆန်စွာ သူ ညည်းတွားနာကျင်နေသည်။

အတန်ကြာအောင် ငိုကြွေးအပြီး သူ့မျက်နှာတွင် မျက်ရည်တွေခြောက်ကပ်သွားတော့မှ မျက်နှာကို လက်များဖြင့် ခပ်ကြမ်းကြမ်းပွတ်သပ်သုတ်ပစ်လိုက်သည်။ ပြီး . . . စိတ်ပျက်လက်ပျက် ထိုင်နေရာမှ ထလိုက်သည်။

နောက် ခေါင်းငိုက်စိုက်ကာ သူ လျှောက်လာခဲ့သည်။ ဆိုင်မွန်ရေ . . . မင်းပေးတဲ့တာဝန် ငါ မကျေဘူး။ သူငယ်ချင်းရေ . . . မင်းတို့မျှော်လင့်ချက်ကို ငါ အကောင်းဆုံး အကောင်အထည် မဖော်နိုင်ခဲ့ဘူး။ စိတ်ထဲမှ စကားပြောရင်း မျက်ရည်အသစ်များ စီးကျလာပြန်သည်။ ဆိုခဲ့ . . .

"ဘုတ် . . . "



www.burmeseclassic.com

www.burmeseclassic.com

သူ့ရှေ့သို့ အထုပ်ကြီးတစ်ထုပ် ကျလာသည့်အသံ။

"ဟင် . . ."

ဘယ်က ကျလာပါလိမ့်။ ဘာအထုပ်ကြီးပါလိမ့်။ သူ ဘေးဘီကို ကြည့်မိသည်။ လမ်းတစ်လျှောက် လူသူကင်းမဲ့နေသည်။ နံဘေးမှာတော့ မစ္စတာကလော့တန်နေအိမ်၏ အုတ်တံတိုင်းကြီးသာရှိသည်။

သူ ကြည့်နေစဉ်မှာပဲ အုတ်တံတိုင်းအတွင်းထဲမှ လက်ချောင်းလေးများသည် အပြင်နံရံကို ကုတ်တွယ်လျက် ထွက်လာသည်။ နောက် လက်ချောင်းများမှ မျက်နှာ၊ မျက်နှာမှ လူတစ်ကိုယ်လုံး ထွက်လာကာ အုတ်တံတိုင်းပေါ်တွင် လူတစ်ယောက် ပေါ်လာတော့သည်။

"ဟာ . . . ရိုစီ"

အတွင်းနံရံမှ အုတ်တံတိုင်းပေါ် တက်လာသူမှာ ရိုစီဖြစ်နေသည်။ ရိုစီကလည်း သူ့ကိုမြင်သွားသည်။ အရမ်းဝမ်းသာသွားပါသည်။ သို့သော် ဝမ်းသာဟန်မပြဘဲ ရှုပုပ်ပုပ်မျက်နှာနှင့် ကြည့်သည်။

"ဖမ်းထားနော် . . . အောက်က . . . "

"ဟင် . . ."

"ငါ ခုန်ဆင်းမလို့ နင်အောက်နေ ဖမ်းထားလို့ ပြောနေတာ"

ပြောပြောဆိုဆိုပင် အုတ်တံတိုင်းပေါ်က ရိုစီခုန်ချတော့သည်။ ဘီဒီလည်း အမြန်ဖမ်းပေးရပါသည်။ သူမအသားနှင့် ထိတွေ့ရသော အခါ သူ့ရင်ခွင်တစ်နံတစ်လျား၌ ကျောက်မီးသွေးတွေ တင်ဆောင်ထားသည့် ရထားကြီးတစ်စင်း ခုတ်မောင်းသွားသလို ဂျုန်းဂျုန်းညံသွားသည်။

"နင် ဘယ်သွားမလို့လဲ"

"Hero တက္ကသိုလ်ဆီ သွားမလို့"

"ဟင် . . . ငါ . . . ငါ့နောက်လိုက်မလို့လား"

"နင့်နောက်လိုက်မှာ မဟုတ်ဘူး။ (Hero) တက္ကသိုလ်ဆီ သွားမှာ။ ဒါပေမဲ့ နင်က လမ်းပြရမှာ"

"နင်က ဘာသွားလုပ်မလို့လဲ"



"ငါ ဘာသာ ဘာလုပ်လုပ်။ ကဲ . . . ကဲ . . . သွားမယ်ကွာ တယ်"

ရိုစီသည် သေချာစွာ ဆုံးဖြတ်ပြီးသော မျက်နှာပေးနှင့် ခုနက ခြံဝန်းအတွင်းမှ လှမ်းပစ်လိုက်သော အထုပ်ကိုကောက်ကာ ရှေ့မှလျှောက် သွားလေတော့သည်။ ဘီဒီလည်း 'ရိုစီ . . . ရိုစီ' နှင့် တကြော်ကြော် အော်ရင်း ပြေးလိုက်ရတော့သည်။

ရိုစီ့နှုတ်ခမ်းမှာလည်း ပွတ်တွတ်ပွတ်တွတ်နှင့် သူမကြားအောင် ဘာတွေပြောနေမိမှန်းမသိ။

ဘာမှန်းလည်းမသိဘူး။ အဖေနဲ့တွေ့ရင် စကားကောင်းကောင်း ပြောပါ့ဆို။ အခုတော့ ငါပင်ပန်းရပြီ။ ဟွန်း . . . ကြည့်လို့ကို မရဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (17)

စစ်ကြီးတစ်ခုအတွင်း၌ သူတို့မြို့သည် မြေဇာပင်ဖြစ်ခဲ့ဖူး၏။ စစ်ကြီးအပြီးတွင် စားဝတ်နေရေးအတွက် မြို့သူမြို့သားများသည် ယခင်ထက် အလုပ်ပိုလုပ်ကြရသည်။ အားလပ်ချိန်များမရှိအောင်ပင် ရုန်းကန်ခဲ့ရသည်။

ထိုအချိန်များတုန်းက မြို့သူမြို့သားများသည် တစ်ယောက်အိမ်တစ်ယောက် မလည်ပတ်နိုင်ကြ၊ ရိုးရာမုန့်များ လုပ်မစားနိုင်ကြ၊ စကားစမြည် မပြောနိုင်ကြ၊ ပြုံးရယ်ခြင်းကင်းစွာ အလုပ်ထဲတွင်နစ်၍ စက်ရုပ်ဆန်ဆန် လုပ်ခဲ့ကြသည်။

သို့နှင့် မြို့သားများအားလုံး တိုင်ပင်ကြပြီး တစ်နှစ်တာအတွင်း အားလပ်ရက်တစ်ရက် သတ်မှတ်ရန် ဆုံးဖြတ်လိုက်သည်။ ထိုရက်တွင် လူတိုင်းပြုံးရမည်၊ ပျော်ရမည်ဖြစ်သည်။ တစ်ယောက်အိမ်တစ်ယောက် လည်ပတ်ကြမည်၊ ရှေးဟောင်းနှောင်းဖြစ် ရယ်ရွှင်စရာများ ပြောကြမည်၊ ရိုးရာမုန့်များ လုပ်စားကြမည်ဟု တိုင်ပင်ကာ ဆုံးဖြတ်လိုက်ကြသည်။ ထိုနေ့ကို Smile Day ဟု ခေါ်တွင်လိုက်ကြပြီး ထိုနေ့တွင်ကျင်းပသည့် ပွဲတော်ကိုလည်း အပြုံးပွဲတော်ဟု ခေါ်ဝေါ်ဖြစ်ကြလေသည်။

ယခု မကြာခင်လည်း ကျောင်းခန်းမထဲတွင် ထိုပွဲတော်အတွက် ဆွေးနွေးကြရန် ကျောင်းသားကျောင်းသူများ စုဝေးကြမည်ဖြစ်သည်။



စာကြည့်တိုက်၏ ဆယ်ထပ်မြောက် ပြတင်းပေါက်တစ်ခုအနားတွင် စာအုပ်တစ်အုပ်ဖတ်ရင်း ဘော့ပါကိုသူစောင့်နေစဉ် ဂျက်စမင်ရောက်လာခြင်းဖြစ်သည်။ စာအုပ်ဖတ်နေရာက အရိပ်ကို အရင်မြင်မိပြီး ကြည့်မိရာမှ ဘော့ပါမဟုတ်မှန်း သိသော်လည်း ဂျက်စမင်ဟု မထင်မိခဲ့။ ဂျက်စမင်မှန်းသိသောအခါမှာတော့ လက်ထဲမှစာအုပ် လွှတ်ကျသွားမတတ် သူ ပျော်သွားပါသည်။

ဂျက်စမင်က ပြုံးပြပါသည်။ ဂျက်စမင့်အနားတွင် မည်သည့်အစောင့်အရှောက်မျှ မပါပေ။

နောက်တော့ သူတို့နှစ်ယောက် ပြတင်းပေါက်နားတွင် အတူတူ ရပ်ကာ အဝေးက အရာဝတ္ထုများကို ငေးကြသည်။

"နင်နဲ့အတူ ငှက်တွေပျံနေတာကို ကြည့်ချင်တယ်။ နင်နဲ့အတူ ပန်းသီးတွေကြွေကျတာကို ကြည့်ချင်တယ်။ နင်နဲ့အတူ ပင်လယ်ထဲက မီးစုန်းတွေ ထခုန်လာတာကို ကြည့်ချင်တယ်။ နင်နဲ့အတူ ရေတွင်းထဲက ကြယ်တွေကို ရယ်ရယ်မောမောနဲ့ ငုံ့ကြည့်ချင်တယ်။ နင်နဲ့အတူ . ."

ဆိုင်မွန့်စကားကို ပြုံး၍ပြုံး၍ ဂျက်စမင် နားထောင်နေရှာသည်။

"နင်နဲ့အတူ ဈေးထဲက ကြက်ပေါက်စလေးတွေကို ထိုင်ကြည့်ချင်တယ်။ နင်နဲ့အတူ လူတွေ ပျော်ရွှင်နေတာကို ကြည့်ချင်တယ်။ နင်နဲ့အတူ ငါတို့အတူ လက်ထပ်မဲ့ပွဲလေးကိုလည်း ကြည့်ချင်တယ်"

ဆိုင်မွန့်စကားအဆုံးတွင် ဂျက်စမင်ကလည်း တစ်ခွန်းပြောပါသည်။

"ငါလည်း နင်နဲ့အတူ ဒီကျောင်းမှာ ဆက်တက်ချင်တယ်"

မျက်ရည်တွေ ဝဲကြပေါ့ . . . ။

ထို့နောက် သူတို့အတူတူ ကျောင်းခန်းမသို့ ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီနှစ် အပြုံးစာတမ်းတွေ များများလုပ်ကြမယ်ကွာ"

"ဟုတ်တယ်။ ငါတို့ကျောင်းသူတွေက ကျောင်းအနောက်ဘက်မှာ ရိုးရာမုန့်လုပ်ကြမယ်"

"ပွဲတော်အတွက် မနက်ဖြန်မြို့ထဲ အလှူခံထွက်မယ်"

"အေး . . . သွားကြမယ်"

"ဟေး . . . သွားမယ်ကွ"

ကျောင်းသားတွေ ပွဲတော်အတွက် ပျော်ပျော်ရွှင်ရွှင် ဆွေးနွေးတိုင်ပင်ကြသည်။ ပွဲတော်ကို အကောင်းဆုံးဖြစ်စေရန် စိတ်အားထက်သန်လျက်ရှိသည်။

"ပြီးတော့ ဒီနှစ်အတွက် ထူးထူးခြားခြား ပြဇာတ်လည်း ကမယ်ကွာ"

"ဖြစ်ပါ့မလား။ ခါတိုင်း ကျောင်းပွဲတော်တွေမှာ ပြဇာတ် ဇာတ်ညွှန်းရေးတဲ့ ဂျက်စမင်က ကျောင်းပြောင်းတော့မှာမို့လား"

ကျောင်းသူတစ်ယောက် လူအုပ်ကြားထဲ ညပ်နေသည့် ဂျက်စမင့်ကို မတွေ့ဘဲ ပြောလိုက်သည့် စကားဖြစ်သည်။ ဆိုင်မွန်က ပြုံးကာ လှမ်းမျက်ရိပ်ပြမှ ဂျက်စမင်က လူအုပ်ကြားမှ ထွက်လာပြီး . . .



"ကျောင်းတော်ရဲ့ နောက်ဆုံးနေ့အထိ ကျောင်းတော်သူတစ်ယောက်အနေနဲ့ ဒီကျောင်းမှာ ငါရှိနေမှာပါ"

အသံနှင့်အတူ ထွက်လာသော ဂျက်စမင့်ကို ဝိုင်းကြည့်ကာ ကျောင်းသူကျောင်းသားများ၏ ရင်ထဲတွင် အုံ့အုံ့ပျပျ ခံစားသွားရပါသည်။ တစ်ယောက်နှင့်တစ်ယောက် လက်တွေဆုပ်ထွေးကာ အားတွေပေးဖြစ်ကြသည်။

ကျောင်းသားတစ်ယောက်ကလည်း လူအုပ်ရှေ့ထွက်ကာ . . .

"အဲ့ဒီပွဲတော်မှာ ငါတို့ခံစားရသမျှကိုလည်း ဖွင့်ထုတ်ရအောင်ဗျာ"

ကျောင်းသားစကားက ဘာကိုဆိုလိုမှန်းမသိ။ အားလုံးက နားမရှင်းသလို ဝိုင်းကြည့်ကြသည်။

"ငါဆိုလိုတာက ငါတို့ခံစားချက်ကို သံစဉ်တွေနဲ့ ဖော်ကျူးပြီး သီချင်းတစ်ပုဒ်လောက် သံပြိုင်ဆိုချင်တယ်လို့ ပြောတာ။ အဲဒီသီချင်းပြီးတော့မှ ငါတို့ . . . နှုတ်ဆက် . . . ခွဲခွာကြရအောင်ကွာ"

ကျောင်းသားစကားအဆုံးမှာ အားလုံးက ခေါင်းညိတ်ကြလေသည်။

ကျောင်းသား၏အဆိုကို ကျောင်းသားအသီးသီးမှ လက်ခံကြသည့်သဘောပင်ဖြစ်သည်။ ထိုစဉ်ပဲ . . .

"အဲဒီသီချင်းမှာ စန္ဒရားတီးဖို့ လူ ငါခေါ်လာပြီဟေ့"

ခန်းမတစ်ခုလုံး ဟိန်းသွားသည့်အသံနှင့် လှမ်းအော်လိုက်ခြင်းဖြစ်သည်။ အသံလာရာကို အားလုံး ကြည့်လိုက်ကြသည်။

"ဘီဒီ . . ."

သူတို့ နှုတ်အသီးသီးမှ ရေရွတ်မိသွားကြ။

"ဘီဒီ . . . လာပြီကွ"

"ဟေး . . . ငါတို့ သူရဲကောင်းပြန်လာပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"ဘီဒီကွ"

အော်ဟစ်ကာ အားရပါးရ ကြိုဆိုကြသည်။

ဘီဒီက ရိုစီကို လက်မဆွဲသော်လည်း တွဲခေါ်ကာ လူ့အုပ်ထဲ ပြေးဝင်ခဲ့ပါသည်။

ဆိုင်မွန်နှင့် ဂျက်စမင်က ပြုံး၍ကြိုသည်။ ဘော့ပါက ခုန်ပေါက် ကြိုဆိုသည်။ ပြေးကာဖက်သည်။ 'ငါကောင်ကြီးကို လွမ်းနေတာကွ' ဟု အာလုတ်သံကြီးနှင့် ပြောသေးသည်။ ပြီးမှ . . .

"ဘယ်လိုလဲ အယူခံလွှာကိစ္စ အောင်မြင်ခဲ့လား"

အားရပါးရ မျှော်လင့်ချက်ကြီးစွာ မေးလေသည်။

ဘီဒီ ရိုစီကို တစ်ချက်ကြည့်ပြီးမှ ဘော့ပါဘက်ကို ပြန်လှည့် ကာ . . .

"မစ္စတာကလော့တန်ရှေ့ကို ရောက်အောင်တော့ ပို့နိုင်ခဲ့ပါ တယ်။ ဘယ်လိုတုံ့ပြန်မလဲတော့ မသိသေးဘူး"

ကျောင်းသားများ ငြိမ်ကျသွားပြန်သည်။

"တုံ့ပြန်မှုမရှိဘဲလည်း နေရင် နေသွားနိုင်တယ်မို့လား . . ဘီဒီ"

ကိန်းက လှမ်းမေးခြင်းဖြစ်သည်။ ဘီဒီမျက်နှာမကောင်းစွာဖြင့် နှုတ်ဆိတ်နေသည်။ ရိုစီက ကိန်းကို ကြည့်မရသလို မျက်စောင်းထိုးနေ သည်။ ဆိုင်မွန်က ဘီဒီ့ပခုံးကိုပုတ်ကာ အားပေးသည်။

ဘော့ပါက စကားလွှဲသည့်အနေဖြင့် ဝင်မေးသည်။

"ဒါက ဘယ်သူလဲ။ မိတ်ဆက်ပေးဦးလေကွာ"

ရိုစီ့ကို မေးခြင်းဖြစ်သည်။ ကျောင်းသားများကလည်း လှပချော မောသော ရိုစီ့ကို ကြည့်ကြည့်နေကြချေသည်။ ဘီဒီက . . .

"ရိုစီတဲ့။ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကလော့တန်ရဲ့ သမီး ပါ"

"ဘာ . . . ငါတို့ကျောင်းကို ဒုက္ခပေးတဲ့ မိစ္ဆာကြီးရဲ့သမီး"



"ဘာ . . . မစ္စတာ ကလော့တန်ရဲ့သမီး"

"ဟင် . . ."

ခန်းမတစ်ခုလုံး တီးတိုးသံတွေနှင့် တဝေါဝေါ ညံကုန်သည်။ တစ်ယောက်တစ်ပေါက် ရိုစီကို ဝေဖန်ကုန်ကြသည်။

ကြိုးစားသည်းခံကြည့်သေးသော်လည်း ရိုစီ စိတ်မထိန်းနိုင်တော့ ကာ

"တော်တော့ . . . ရှင်တို့ ကျွန်မအဖေကို အဲလိုမပြောသင့် ဘူး"

ရိုစီ အော်ဟစ်ပြီး ထွက်ပြေးသွားပါသည်။ ဘီဒီလှမ်းခေါ်သော် လည်း လှည့်မကြည့်တော့။ ဘီဒီ့ရင်ထဲ မကောင်း။ ချက်ချင်း လူအုပ် ဘက် မျက်နှာလှည့်လိုက်ကာ . . .

"မင်းတို့ တော်တော်လွန်တာပဲ။ တကယ့်ကို မဆင်မခြင်နိုင် လွန်းတယ်။ သူသာမကူညီရင် ငါတို့ အယူခံလွှာတွေ မြောင်းထဲရောက် နေလောက်ပြီ။ ဒါကို မင်းတို့ သိရဲ့လား"

ဘီဒီ့အော်သံကြောင့် လူအုပ်ကြီး ငြိမ်ကျသွားပါသည်။ ဆိုင်မွန် က . . .

"ပြန်သွားခေါ်လိုက်ပါ . . . ဘီဒီ။ ငါတို့ တောင်းပန်ရအောင်"

ဂျက်စမင်ကလည်း . . .

"ဘီဒီ . . . ရိုစီ့ကို ငါ့အိမ်မှာ ခေါ်ထားမယ်နော်။ နင်တွေ့ချင်တဲ့ အချိန် လာတွေ့"

ဘီဒီသက်ပြင်းချကာ ရိုစီထွက်သွားရာနောက် ပြေးလိုက်ခဲ့ပါ သည်။

တောင်ကမူလေးတစ်ခုတွင် ရိုစီ ရပ်နေခြင်းဖြစ်ပါသည်။ [illegible] ငေးပြပြမှ မြို့ကလေးထဲရှိ အိမ်ခေါင်မိုးများကို ကြည့်နေစဉ် အနားသို့ ဘီဒီရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘီဒီက တိုးသက်သောအသံနှင့် . . .

"တောင်းပန်ပါတယ် . . . ရိုစီ။ ငါ တကယ် စိတ်မကောင်းပါဘူး"

ရိုစီက စူပုပ်ပုပ်လှည့်ကြည့်ပြီး ဟွန်းခနဲ မျက်စောင်းထိုးသည်။

"ဒီလောက်စကားပြောတတ်တဲ့သူက လူအုပ်ကြီးက ငါ့ကို ဗိုင်းပြောနေတာတောင် တစ်ခွန်းမှ ပြန်မပြောနိုင်ဘူး"

"ငါ တကယ်တောင်းပန်"

"တော်တော့။ နင်က ဘာလို့တောင်းပန်ရမှာလဲ။ ဟိုဖက်တီးစုတ်ပဲ တောင်းပန်ရမှာပါ။ ငါ့အဖေကိုများ မိစ္ဆာတဲ့။ သူကမှ ဝက်ရုပ်နဲ့"

ဟို ဖက်တီးစုတ်ဆိုသည်မှာ ဘော့ပါကို ရည်ညွှန်း၍ ပြောမှန်း ဘီဒီသိပါသည်။ ထို့ကြောင့် ခွီခနဲ ရယ်မိပါသေးသည်။

"ရိုစီ . . . နင်သိလား။ တက္ကသိုလ်ကျောင်းသားတစ်ယောက်က သူ ကျောင်းစတက်တက်ချင်းနေ့ ကျောင်းထဲဝင်လိုက်တာနဲ့ သူမြင်ချင်တဲ့ အရာ (၄)ခုရှိတယ်တဲ့"

"ဟုတ်လား . . . ဘာတွေလဲ"

"အင်း . . . ပြောပြမယ် မှတ်ထား။ အခုမှ ကျောင်းစတက်တဲ့ ကျောင်းသားလေးတစ်ယောက်ရဲ့ စိတ်ထဲမှာ (၁) သူတက်ရမဲ့ အတန်းရယ်၊ (၂) ပထမဆုံး စာဝင်သင်မဲ့ ဆရာရယ်။ (၃) အတန်းထဲက အချောအလှဆုံးကောင်မလေးရယ်၊ (၄) ပြီးတော့ အဲကောင်မလေးရဲ့ အပြုံးကို မြင်ချင်နေပါတယ်တဲ့"

"သြော် . . . သြော် . . . အဲ့လိုလား"

"အင်း . . . နင်ကော ဒီကျောင်းဝန်းထဲစဝင်တော့ ဘယ်အရာတွေကို အမြင်ချင်ဆုံးလဲ"

ရိုစီ အနည်းငယ် စဉ်းစားလိုက်တယ်။ ပြီး . . . ဘီဒီ့ကိုမျက်နှာလွှဲပြီးမှ ဖြေသည်။



"ငါ့အဖေကို အတွေ့ချင်ဆုံးပဲ"

"သြော် . . ."

ရိုစီ ဖေ့ဖေ့ကို လွမ်းနေပါသည်။ သူမ၏ တစ်ဦးတည်းသော ဆွေမျိုးဖြစ်သည့် ဖေဖေနှင့်သူမ ဒီလို တစ်ခါမှ မခွဲခွာဖူးပါ။ သူမ အဝေးကို မျှော်ကြည့်ရင်း မျက်ရည်လည်လာပါသည်။

ဘီဒီလည်း ရိုစီ့မျက်နှာကိုကြည့်ရင်း စိတ်မချမ်းမြေ့မှုများ အလွန်အမင်းဖြစ်ပေါ်လာပါသည်။ သူမ စိတ်ဆင်းရဲလျှင် သူပါ နာကျင်လာတာ ဘာကြောင့်နည်း။

"ရိုစီ . . . နင် ဒီကျောင်းကို ဘာကြောင့် လိုက်လာခဲ့တာလဲ"

သူမ မဖြေပါချေ။ ခေါင်းကလေးသာ အသာရမ်းပြပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (18)

မြို့ထဲ အလှူခံထွက်ကြသည်။

ဂစ်တာတွေ၊ ဘင်ခရာတွေ လွယ်လျက် တီးကြမှုတ်ကြ၍ဖြစ်သည်။

လူစည်ကားသော မြို့ဈေးလမ်းထဲဖြစ်သည်။ မြို့သူမြို့သားများက ဝိုင်းကြည့်ကာ ပျော်ရွှင်နေကြသည်။ အလှူငွေများလည်း ဝိုင်းဝန်းထည့်ကြသည်။ ရိုစီက သူ တစ်ခါမှမမြင်ဖူးသော မြို့ကလေး၏ မြင်ကွင်းများကို စူးစူးစမ်းစမ်း လိုက်ကြည့်သည်။

"ကဲ . . . တပည့်တို့ ခဏအနားယူကြရအောင်"

ဆရာဝင်ချက်ရိုလာ၏ အသံဖြစ်သည်။

အနီးဆုံးဆိုင်တစ်ခုတွင် ဝင်စားကြသည်။ ပွဲတော်နေ့ နီးကပ်လာပြီဖြစ်သဖြင့် ရိုးရာမုန့်များလည်း ရောင်းနေကြပြီ။

မုန့်တွေစားကြရင်း ရိုစီကိုသူက ရှင်းပြရသည်။ အပြုံးပွဲတော်ဖြစ်ပေါ်လာပုံ၊ ထိုနေ့ကို မြို့သူမြို့သားမည်မျှ အထွတ်အမြတ်ထားကြပုံစသဖြင့် အစုံအလင်ရှင်းပြသည်။



"အပြုံးစာတမ်းဆိုတာ ဘာလဲ"

ပွဲတော်နေ့၌ အပြုံးစာတမ်းများ များပြားစွာကပ်ကြရန် **စီစဉ်**နေပုံကို ကြားသဖြင့် ရိုစီ မေးခြင်းဖြစ်သည်။

"အပြုံးစာတမ်းဆိုတာ နံရံကပ်စာစောင်လိုပါပဲ။ တစ်နှစ်တာအတွင်း ကိုယ်တကယ်ကြုံခဲ့ဖူးတဲ့ ရယ်စရာ ပြုံးစရာ ဟာသဖြစ်ရပ်လေးတစ်ခုကို အတိုဆုံးရေးထားတဲ့ စာလေးတွေပဲ"

"ဪ . . ."

"ပွဲတော်နေ့ကျတော့ အဲလိုစာလေးတွေကို နံရံတွေမှာ ကပ်တယ်။ တချို့လည်း ပိတ်စတွေပေါ်မှာ ရေးပြီး ချိတ်ဆွဲကြတယ်။ ဒီနှစ်ဆိုရင် အများကြီးတွေ့ရမယ့် သဘောရှိတယ်"

ရိုစီက မှတ်သားသလို ခေါင်းတညိတ်ညိတ်လုပ်သည်။ ပြီး . . ထပ်မေးပြန်သည်။

"အပြုံးပွဲတော်မှာ လူတိုင်း ပျော်ရွှင်နေရမယ်ဆိုတော့ စိတ်ညစ်နေတဲ့ သူကျတော့ကော ကိုယ်တကယ်မပျော်ဘဲနဲ့ ဟန်ဆောင်ပျော်နေရမှာလား"

"အဲဒီနေ့မှာ အကြောင်းကြောင့် စိတ်ညစ်ပြီး မပျော်မရွှင်ဖြစ်နေတဲ့သူတွေလည်း ရှိတာပေါ့။ ဒါပေမဲ့ သူတို့တွေကလည်း သူတို့ကြောင့် ပွဲတော်ရဲ့ အနှစ်သာရပျက်မသွားအောင် မြို့ပြင်ထွက်ပြီး စိတ်ညစ်ကြတယ်"

"အမ်! စိတ်ညစ်တာတောင် မြို့ပြင်ထွက်ပြီး ညစ်ကြတယ်"

"အင်း . . . အဲဒါ ရှေးကတည်းက ငါတို့မြို့ရဲ့ အစဉ်အလာပဲ။ ဒါပေမဲ့ အဲဒီနေ့မှာ စိတ်ညစ်တဲ့ သူနည်းပါတယ်။ ဒီမြို့က လူတွေအများစုအတွက်တော့ အဲဒီနေ့ဆိုရင် အလိုလို ပျော်ရွှင်မြူးတူးနေကြတာ သဘာဝအလိုလို ဖြစ်နေပြီလေ"

"တကယ့်ကိုပဲ နင့်တို့မြို့၊ နင်တို့တက္ကသိုလ်ကလည်း ကြားလိုက်ရရင် အဆန်းချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com

ရိုစီ နှုတ်ခမ်းလေးရွဲ့ကာ ဆလံပေးမိတော့သည်။

ထို့နောက် ကျောင်းပြန်ရောက်သောအခါ ပွဲတော်အတွက် ပြင်ဆင်ကြသည်။ ကိုယ်တာဝန်ယူထားသည့် နေရာအလိုက် လုပ်ဆောင်ကြသည်။ တချို့က အပြိုးစာတမ်းများရေးသားရန် စဉ်းစားနေကြသည်။ တချို့တွေက အလှူငွေများ ရေတွက်နေကြသည်။ စင်ပေါ်တွင်တော့ ပြဇာတ်တိုက်နေသည်။ ရိုစီကတော့ ပွဲတော်အပိတ်သီချင်းအတွက် စန္ဒရားနှင့် တီးလုံးရှာပေးနေသည်။

အားလုံး တက်ညီလက်ညီ ရှိကြသည်။

ထိုသို့ အလုပ်များစွာ ရှုပ်နေကြစဉ် ခန်းမထဲသို့ ကျောင်းသားတစ်ယောက် အလောတကြီး ပြေးဝင်လာသည်။ အော်ဟစ်ပြီး ဝင်လာသည်။ အားလုံးက ကြည့်ကုန်ကြသည်။ ဝင်လာသူက ရစ်တာပါ။

"ဟေ့ကောင် . . . ဘာဖြစ်လို့လဲ"

ဆိုင်မွန်ဆီးပြီး မေးသည်။

ရစ်တာက ပြောဖို့အရေး တံတွေးသုံးခါလောက် မျိုချနေသေးသည်။ ပြီးမှ . . .

"ငါတို့ကျောင်းအတွက် . . . ကြေး . . . ကြေး . . . နန်းဝင်လာတယ်"

". . . . ."

"ပြည်နယ် ပညာရေးမှူး မစ္စတာကလေ့တန် နောက်ငါးရက်နေရင် ငါတို့ကျောင်းကို လာမယ်တဲ့"

ငြိမ်နားထောင်နေသည့် ကျောင်းသားထုကြီး မျက်လုံးတွေ ပြူးဝင်းကုန်သည်။ ပြီး ထခုန်သူက ထခုန်၊ လက်ခုပ်တီးသူကတီး၊ အော်သူအော်၊ နီးရာလူ ဆွဲဖက်သူဖက်နှင့် ပျော်ကုန်ကြသည်။ မစ္စတာကလေ့တန် သူတို့ကျောင်းကို လာမည့်နေ့သည် 'အပြိုးပွဲတော်နေ့' ပင် ဖြစ်နေလေသည်။



"ဟေး . . . ဒါ ငါတို့အယူခံလွှာတွေကြောင့် ငါတို့ကျောင်းဆီကိုလာကြည့်တာပဲကွ"

"ဟေး . . . ဟုတ်တယ်"

"ဒါ . . . ဒါ တကယ်ပဲလား"

"ငါတို့ကျောင်း မျှော်လင့်ချက်ရှိပြီကွ"

အားလုံး ထိန်းချုပ်ထားသမျှ လွှတ်ကာ ပျော်ကုန်ကြသည်။

"ဘီဒီ . . . တော်တယ်ကွ . . . ဟား . . ."

ဘီဒီကို ပြေးခေါ်ဆွဲပွေ့ကာ လူအုပ်ကြီးက လေထဲမြှောက်ကြပြန်သည်။ ဘီဒီလည်း ကိုးရိုးကားရားလေပေါ်မြှောက်ရင်း အောက်ချပေးဖို့အော်သည်။ ဘီဒီလည်း ပျော်ပါသည်။ သို့သော် အပျော်မစောစေချင်ပါ။ ထို့ကြောင့် စင်ပေါ်ကို ပြေးတက်ကာ . . .

"အားလုံး . . . အားလုံး . . . ခဏငြိမ်ကြပါဦး"

အားလုံး တရှုံရှုံ ငြိမ်သွားကြပါသည်။

"မစ္စတာကလေ့တန် လာမဲ့ကိစ္စဟာ ငါတို့ကျောင်းကို စစ်ဆေးဖို့ဆိုတာ သေချာပေမဲ့ အကောင်းလား၊ အဆိုးလားဆိုတာ မသေချာသေးပါဘူး။ ဒီတော့ အပျော်မစောစေချင်ဘူး။ ငါတို့ သိပ်ခန့်မှန်းရခက်တဲ့ အခြေအနေမှာ ရောက်နေတယ်။ ဒါပေမဲ့ ငါတို့မှာ ကံကောင်းစွာ အခွင့်အရေးတစ်ခုတော့ ရလာခဲ့ပြီ။ ဒါကြောင့် မစ္စတာကလေ့တန်လာရင် ပြသရမဲ့ ငါတို့ရဲ့ပွဲတော်အတွက် အစွမ်းကုန်ပြင်ဆင်ကြစို့"

အားလုံး ခွန်အားအပြည့်နှင့် ခေါင်းညိတ်ကြသည်။

"ဟုတ်တယ် . . . တို့တွေ အတူတူကြိုးစားမယ်"

"(Hero)ကျောင်းသားကွ"

". . . . ."

ကြွေးကြော်သံများလည်း ထွက်ပေါ်လာခဲ့ကြသည်။ ချက်ချင်းပဲ ကိုယ်စီတာဝန်များကို ပြန်အလုပ်လုပ်ကြတော့သည်။

"ရစ်တာ ဂရင်းကော . . . "



www.burmeseclassic.com

www.burmeseclassic.com

"သူ့လက်နဲ့ဖိမိပြီး ပိုးကောင်လေး သေသွားလို့တဲ့။ ဆုတောင်းလိုက်ဂူမှာ အဲဒီပိုးကောင်လေး ကောင်းကင်ဘုံရောက်စေဖို့ သွားဆုတောင်းနေတယ်။ ငါးနာရီလောက်တောင် ကြာပြီ"

"အာ . . . ဒီကောင်ကတော့ ဖြစ်ရမယ်။ ကဲ . . . မင်း သွားခေါ်လိုက်ကွာ"

"ဘာလုပ်ဖို့လဲ"

"ဟိုတစ်ခါ (Hearse) အရက်ဘားမှာ ဒီကောင်ပြောပြခဲ့တဲ့ ဒီကောင့်ဖြစ်ရပ်ကို အခြေခံပြီး ငါတို့ကျောင်းရဲ့ ပုံရိပ်ကို နောက်ခံထားပြီး ပြဇာတ်ကမလို့"

"အေး . . . ငါ သဘောပေါက်ပြီ"

ရစ်တာ တစ်ချိုးတည်း ဂရင်းရှိရာ ပြေးလေတော့သည်။ ဆိုင်မွန်က ဂျက်စမင်ဘက်လှည့်ကာ . . .

"ဂျက်စမင် အခုတိုက်နေတဲ့ ပြဇာတ်ကိုရပ်ပြီး နောက်ထပ် ဇာတ်အသစ်တစ်ခုကို တိုက်ကြစို့။ မစ္စတာကလော့တန်ရဲ့ စိတ်ကို ပြောင်းလဲစေနိုင်မယ့် ပြဇာတ်အဖြစ် ငါတို့ ကြိုးစားကြမယ်"

ဂျက်စမင် ယုံကြည်ချက်အပြည့်နှင့် ခေါင်းညိတ်ပြလိုက်သည်။



သို့နှင့် သူတို့ ဒီရက်ပိုင်းအတွင်း . . .

ကျောင်းတော်ကို သန့်ရှင်းပြုပြင်ကြ၊ ပွဲတော်စာတမ်းများ ချိတ်ဆွဲကြ။ သီချင်းတိုက်ကြ၊ ပြဇာတ်တိုက်ကြနှင့် ကြိုးစားပမ်းစား တစ်တပ်တစ်အား ပွဲတော်အတွက် ပြင်ဆင်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သည်လိုနှင့်

နောက်ဆုံး ငါးရက်မြောက်နေ့ . . . ၊

အပြုံးပွဲတော်နေ့။

ကျောင်းကိုပိတ်ရန် တရားဝင်ကြေညာထားသောနေ့။

မစ္စတာ ကလော့တန် (Hero Uneversity) လာမည့်နေ့သို့ ရောက်ရှိလာခဲ့လေပြီ . . .။



(19)

တစ်ခါက ကျွန်တော်တို့ သူငယ်ချင်းတစ်ဖွဲ့ ကော်ရစ်တာမှာ ထိုင်ပြီး စက်ဝိုင်းအဝိုင်းပြိုင်တမ်း ကစားကြပါတယ်။ ကြီးကြီးနဲ့ဝိုင်းဝိုင်း ရေးဖွဲ့နိုင်တဲ့သူက နိုင်ကြေးပေါ့။ ဒါပေမဲ့ ဘယ်သူမှ ကောင်းကောင်းမရေးနိုင်ဘဲ တွန့်တွန့်သွားလို့ ရယ်ကြရတာပဲ။

ဒါကို မလှမ်းမကမ်းက ဖက်တီးမကြီးက ရောက်လာပြီး ကျွန်တော်တို့ဆွဲထားတဲ့ စက်ဝိုင်းပုံတွေကို ယူကြည့်တယ်။ ပြီးတော့ 'နင်တို့ ဒါကို ပုံတူဆွဲကြည့်ပြီး လှောင်နေကြတာပေါ့လေ'ဆိုပြီး ရန်လုပ်လို့ ကျွန်တော်တို့ ထွက်ပြေးရပါတော့တယ်။

အခု ပြန်တွေးကြည့်တော့ ပြုံးစရာလေးပေါ့ဗျာ။

(ပီတာမက်သရူး
သမိုင်းမေဂျာ)

ဒီရက်ပိုင်း အပြုံးစာတမ်းရေးဖို့ စဉ်းစားတာ စဉ်းစားလို့မရဖြစ်ခဲ့တယ်။ ဒါပေမဲ့ တစ်နေ့က ဟိုဘက်အိမ်ကလင်မယား ရန်ဖြစ်ကြပြီး ပြုံးခဲ့ရတယ်။ ယောကျ်ားက 'Smile Day ရောက်နေပြီ။ မင်းမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ကြီး မဲ့မနေစမ်းနဲ့' တဲ့။ မိန်းမက 'ကျွန်မ မဲ့နေတာမဟုတ်ဘူး။ ပြုံးနေတာ။ ရှင်သာ မူးရူးပြီး မျက်လုံးကန်းနေတာ' တဲ့။ အဲဒီနောက် နောင်ဂျိန်ပလေးတော့တာပဲ။ ကျွန်တော်လည်း အသံပဲကြားရလို့ ဒီကိစ္စမှာ ဘယ်သူမှန်၊ ဘယ်သူမှား မဝေခွဲတတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်သိတာကတော့ အဲဒီမိန်းမက ပြုံးပြုံးမဲ့မဲ့ ဒီရုပ်ပဲထွက်ပြီး ယောကျ်ားကလည်း အမြဲတမ်း မူးနေတယ်ဆိုတာပါပဲ။

(ရိုက်ရျော့ဝဲလ်–ပထဝီဝင်မေဂျာ)

အားလုံးသိတဲ့အတိုင်း ကျွန်မနဲ့ ကျွန်မရည်းစားဟာ လက်ယာစုံတွဲပါ။ ပေါင်းစည်းခြင်းနံ့ရုံမှာ ဖွန်းနဲ့ခက်ရင်းပုံ ဆွဲခဲ့ကြလို့ ကျွန်မတို့ကို တစ်ကျောင်းလုံးက ဖွန်း၊ ခက်ရင်းစုံတွဲလို့ ခေါ်ကြပါတယ်။ ဒါပေမဲ့ ကျွန်မတို့နှစ်ယောက် ရည်းစားဖြစ်တာကို သူ့အမေအဘွားကြီးက သဘောမတူပါဘူး။ ဟိုးတစ်နေ့တုန်းကကျွန်မတို့နှစ်ယောက် ရည်းစားသက်တမ်းနှစ်နှစ်ပြည့်လို့ ချိန်းတွေ့ပြီး လက်ဆောင် အပြန်အလှန်ပေးကြပါတယ်။

အဲဒီအချိန် သူ့အမေကြီးရောက်လာပြီး ကျွန်မရဲ့လက်ဆောင်ဘူးကို မြေပေါ်ပစ်ချလိုက်ပါတယ်။ ပြီးတော့ ဖနောင့်နဲ့ ခုန်ပေါက်ပါတယ်ရှင့်။ အဲဒီမှာ ဘာပြောကောင်းမလဲ။ အဘွားကြီးခြေထောက် ခက်ရင်းကြီး စိုက်ဝင်သွားတော့တာပေါ့။

ကျွန်မက ကျွန်မချစ်သူကို ခရင်းလေးလက်ဆောင်ပေးဖို့ ဘူးနဲ့ထုတ်လာတာလေ။ အခုတော့ ယောက္ခမကြီး ဖနောင့်ခက်ရင်းစူးတာကိုကြည့်ပြီး ရယ်လိုက်ရတာ။ ရင်ထဲက မထိန်းနိုင်အောင် လှိုက်လှိုက်ပြီးဝမ်းသာပြီး ပြုံးမိတာပဲရှင်။ ဒီအကြောင်းလေး ကျွန်မ အခုဖောက်သည်ချလိုက်ပြီနော်။

(မေရီ–သချာ်မေဂျာ)



ကျွန်တော်ကတော့ ကျွန်တော့်အစ်ကို သူ့ချစ်သူနဲ့ ကွဲရတဲ့အကြောင်းကိုပြောပြပြီး အားလုံးကို ပြုံးစေချင်တာပါ။ ကျွန်တော့်အစ်ကိုဟာ စာအုပ်သမား။ စာအုပ်ထဲကအရာတိုင်းကို တကယ်ထင်ပြီး အဆင်ခြင်မဲ့ လိုက်လုပ်တတ်တယ်။ တစ်ခါက စာအုပ်တစ်အုပ်ထဲမှာ 'ချစ်သူနဲ့ ပိုမိုနွေးထွေးစေဖို့ ချစ်သူကို ကိုယ့်ရဲ့ လူသိမခံဝံ့တဲ့ လျှို့ဝှက်ချက်တစ်ခုခုကို ပြောပြသင့်တယ်' လို့ ရေးထားတာကို ဖတ်မိပြီး သူကလည်း စာအုပ်ထဲကအတိုင်း သူ့ရည်းစားကို သူ့လျှို့ဝှက်ချက်တစ်ခု ပြောပြလိုက်သတဲ့။

'အချစ် . . . ကိုယ်လေ ဆယ်နှစ်သားအထိ နှပ်ချေးခြောက်စားတယ် . . . သိလား' တဲ့။

အဲဒီမှာ သူ့ရည်းစားက သူ့ကိုရှုံ့ပြီး ထားပြေးတော့တာပဲ။

(ဂျေ၊ ပီ၊ ခရစ်–
ယဉ်ကျေးမှုနှင့်
ကိုယ်ကျင့်တရားမေဂျာ)



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ အပြုံးစာတမ်းလေးများအား ကျောင်းဝန်းနေရာတကာတွင် တွေ့နေရပြီဖြစ်သည်။



မြို့ထဲသို့ ဝင်ရောက်ပြီးသည့်နောက် ကားလမ်းတစ်လျှောက်မြင်ရသော မြင်ကွင်းများမှာ သူတို့အတွက် အံ့အားသင့်စရာတွေဖြစ်နေတော့သည်။ ပြုံးပျော်နေကြသော မျက်နှာများ၊ ဆုမွန်ကောင်းတောင်းသော အသံများနှင့် လက်တွေဝှေ့ယမ်းကြိုဆိုနေသော မြို့သူမြို့သားများမှာ သူတို့အတွက် အထူးအံ့အားသင့်စရာ ကောင်းနေတော့သည်။

"ဆရာ . . . ဆရာပြောတဲ့ အယူခံလွှာတင်တဲ့ ကျောင်းသားရဲ့ ပြောပြချက်အရ ကျွန်တော်က ဒီမြို့ကလူတွေကို ကျွန်တော်တို့လာရင် တုတ်တွေဓားတွေနဲ့ မကြိုဆိုရင်တောင် ရှစ်ခေါက်ချိုးမျက်နှာနဲ့ ကြိုဆိုနေမယ်မှတ်တာ"

မစ္စတာကလော့တန်၏လက်ထောက် 'မစ္စတာဂေါက်' ၏ စကားသံဖြစ်သည်။ 'ဂေါက်'အား အလိုမကျသလို မစ္စတာကလော့တန်က ရှုတင်းတင်း ပြန်ကြည့်လိုက်သည်။

"ပြည်နယ်ပညာရေးမှူးတစ်ယောက်လာတာ ဒီလိုပဲ ကြိုဆိုရမှာပေါ့ကွ"

ထိုသို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိသည့်ဟန်ဖြင့် ပြောလိုက်သည်။ သို့သော် ပြောသာပြောရသည်။ မြို့သူမြို့သားများ၏ ပျော်



www.burmeseclassic.com

www.burmeseclassic.com

ရှင်စွာ ကြိုဆိုနေကြပုံများကို သူကိုယ်တိုင်လည်း နားလည်ရခက်နေသည်။ တကယ်ဆို 'ဂေါက်' ပြောသလို မကြိုဆိုလျှင်တောင် သူ့ကို သည်လို ဝမ်းပန်းတသာ ကြိုဆိုကြလိမ့်မည်ဟု သူ မထင်ခဲ့ပေ။ ယခုတော့ . . .

မစ္စတာကလော့တန်တို့ ယာဉ်တန်းသည် မြို့ပြင်အတွက် တောင်ခြေတွင်ရပ်ကြလေသည်။ (Hero)တက္ကသိုလ်မှ ဧည့်ကြိုအဖွဲ့သည် ဤနေရာတွင် စောင့်ဆိုင်းလျက်ရှိကြသည်။ မစ္စတာကလော့တန်တို့အဖွဲ့မှာ (၁၅) ဦးခန့်ရှိမည်။

ဧည့်ကြိုအဖွဲ့တွင်တော့ ဆိုင်မွန်၊ ဘီဒီ၊ ကိန်းနှင့် အယ်လီတို့အပြင် တခြားကျောင်းသူနှစ်ယောက် ပါဝင်လေသည်။ ဘော့ပါကတော့ ရှီးရာမုန့်လုပ်သည့်အပိုင်းတွင် ကြီးကြပ်လျက်ရှိသည်။

မစ္စတာကလော့တန် ကားပေါ်ကဆင်းသည်နှင့် ဆရာဝင်ချက်ရိုလာနှင့် ဆရာမတစ်ဦးက ပြေး၍ ခရီးဦးကြိုပြုသည်။ သူတို့ကိုယ်သူတို့ ဆရာ၊ ဆရာမများဖြစ်ကြောင်း မိတ်ဆက်ပြီးမှ ဆရာမဖြစ်သူက . . .

"လမ်းခရီးမှာ အဆင်ပြေခဲ့ပါလား . . . ပညာရေးမှူး"

"အင်း . . . ပြေပါတယ်"

မစ္စတာကလော့တန်၏ လေသံသည် သူ့ပုံစံအတိုင်း ခပ်ဆတ်ဆတ်ဖြစ်နေသည်။

"ပါမောက္ခဂျွန်ဇက်ဆဲလ်ကော ကျန်းမာရေး ဘယ်လိုလဲ"

"ဟုတ်ကဲ့ . . . ဆေးရုံမှာပဲ လှဲနေဆဲပါ ပညာရေးမှူး။ ပညာရေးမှူးတော့ နည်းနည်း အပင်ပန်းခံရဦးမယ်ထင်တယ်။ ကျောင်းသွားလမ်းက တောင်တက်လမ်းဖြစ်နေတော့"

"ပြဿနာမရှိပါဘူး။ ကဲ . . . သွားကြစို့"

ကျောင်းသွားတောင်တက်လမ်းအတိုင်း တက်ခဲ့ကြသည်။ လမ်းတစ်လျှောက်ကျောင်းသားလူငယ်များ၊ ကျောင်းသားမိဘများကလည်း လမ်းရှင်းပေးကာ လက်ပြနှုတ်ဆက်ကြသည်။ စည်ကားလျက်ရှိသည်။



လမ်းဘေးဝဲယာတွင် မြို့ကြီးများ၌တွေ့ခဲလှသော သစ်ပင်များကို တွေ့ရသည်။ မြို့ကြီးများတွင် တွေ့ရခဲလှသော ငှက်ပြာပြာလေးများကလည်း သစ်ကိုင်းများထက်တွင် အေးချမ်းစွာနားနေကြသည်။ နံနက်ဦးမို့ တိမ်တွေကလည်း နှေးနှေးကလေး ပြေးနေကြသည်။ မှိုင်းစိုသာယာသော ရှုခင်းပေ။

တောင်တက်လမ်းတစ်လျှောက် တောင်စောင်းများတွင် တည်ဆောက်ထားသော ကင်န်တင်းများကို မစ္စတာကလော့တန်နှင့် အဖွဲ့သားများက သဘောကျနေကြသည်။ သို့သော် မစ္စတာကလော့တန်၏ မျက်နှာမူကား ခပ်တန်းတန်းပင်။ သူ့ခံစားမှုအမှန်ကို မှန်းမရသော မျက်နှာမျိုးဖြစ်သည်။

သို့နှင့် တဖြည်းဖြည်း သဘာဝကျောက်တံတားကြီးဆီသို့ ရောက်ခဲ့ကြလေပြီ။

"ကြွပါ . . . လူကြီးမင်း"

"ဟင် . . ."

ဆရာဝင်ချက်ရိုလာက လက်ဟန်ပြကာ လမ်းဦးစားပေးတော့ ရှေ့မှ သဘာဝကျောက်တံတားကြီးကိုကြည့်ကာ မစ္စတာကလော့တန် 'ဟင်' သွားသည်။

"ဒီကျောင်းမှာ ဒီလိုရင်ခုန်အံ့သြစရာကောင်းတဲ့ တံတားကြီးရှိတာ ကြားဖူးပါတယ်။ ဒါပေမဲ့ ဧည့်သည်တွေလာရင် စတီးလ်ကြိုးတပ်ယာဉ်တွေနဲ့ သွားစေတာဆို . . ."

"အဲဒါက ဒီလို . . . အဟွတ် . . . ဟွတ် . . ."

ဆရာဝင်ချက်ရိုလာက ရှင်းပြရန် စကားအစမှာ လည်ချောင်းသလိပ်ကပ်သွားသဖြင့် လက်ပြကာ လူအုပ်နှင့် ဝေးရာကို ချောင်းသွားဆိုးလေသည်။ ထို့ကြောင့် မစ္စတာကလော့တန်နှင့် အနီးဆုံးရှိနေသော ဘီဒီကပင် . . .



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါက ဒီလိုရှိပါတယ် . . . လူကြီးမင်း။ ဧည့်သည်တော်တွေကို စတီးကြိုးတပ်ယာဉ်တွေနဲ့ ပို့ဆောင်ပေးတယ်ဆိုတာ အမှန်ပါပဲ။ ဒါပေမဲ့ ပထမဆုံးအကြိမ် ကျောင်းကို လာတဲ့ဧည့်သည်တွေတော့ မပါပါဘူး။ အခုမှ ပထမဆုံးလာတဲ့ ဧည့်သည်တွေကတော့ ကျောင်းကို အရိုအသေပြုတဲ့အနေနဲ့ ဒီတံတားက ဖြတ်လျှောက်ပေးရပါတယ်"

မစ္စတာကလော့တန်သည် ဘီဒီကို ခပ်စူးစူးကြည့်သည်။ ဒီကောင်နဲ့တော့ ထိပ်တိုက်တိုးပြန်ပြီဟူသည့် အကြည့်မျိုးဖြစ်သည်။

"ပြီးတော့ ကျွန်တော်တို့မြို့ခံတွေရဲ့ ယုံကြည်မှုအရ ဒီတံတားပေါ်ကဖြတ်ရင် စိတ်ကို ကြည်လင်တည်ငြိမ်အောင် ထားရမယ်လို့ ဆိုပါတယ်။ မကောင်းတဲ့စိတ်တွေ၊ 'အပျက်' စိတ်တွေနဲ့ ကျောင်းကိုလာရင် ဒီတံတားပေါ်က ပြုတ်ကျစေတတ်တယ်ဆိုတဲ့ ပါးစပ်ရာဇဝင်ယုံကြည်မှုလေးတွေ ရှိပါတယ်"

'အပျက်'ဆိုသည့် စကားလုံးတွင် ဘီဒီက ဖိပြီး ပြောလေသည်။ မစ္စတာကလော့တန်က 'အဟင်း'ဟု အလေးမထားသလို ရယ်သံပြုသေးသည်။ ပြီးမှ

"ကဲ . . . ကူးဆိုလည်း ကူးတာပေါ့"

ဆိုပြီး တံတားကူးရန် ခြေလှမ်းပြင်လိုက်သည်။

"ခဏစောင့်ပါဦး . . . လူကြီးမင်း။ မီးနီနေပါတယ်။ လူကြီးမင်းတို့ မြို့တော်ကားလမ်းတွေမှာ မီးပွိုင့်ရှိသလို ဒီမှာလည်း ရှိနေပါတယ်"

ဟင်းခနဲ စိတ်ကိုလျှော့ကာ မစ္စတာကလော့တန် ခြေလှမ်းကို ပြန်ရုတ်သိမ်းလိုက်သည်။ အနောက်မှ အယ်လီ၊ ကိန်း၊ ဆိုင်မွန်နှင့် တခြားဧည့်အကြိုအဖွဲ့ဝင်များက ပြုံးစိစိဖြစ်နေကြသည်။ 'ယောက္ခမနဲ့သားမက်နဲ့တော့ တွေ့ကြပြီပေါ့'ဟုလည်း သူတို့ တွေးမိကြဦးမည်။

ခဏကြာမှ တံတားကို ဖြတ်ကြသည်။ မစ္စတာကလော့တန်မှာ ချောက်နက်ကြီးကို ငုံ့ကြည့်ပြီး ခန္ဓာကိုယ်မှာ ရှိန်းခနဲ တစ်ချက်ဖြစ်



သွားသေးသော်လည်း တည်ငြိမ်အောင် ဣန္ဒြေမပျက် သွားနေနိုင်သည်။ သူ၏လက်ထောက် မစ္စတာ'ဂေါက်' မှာတော့ တဂိုက်ဂိုက်နှင့် ဒူးတွေအသိသာကြီး တုန်နေရှာသည်။ ဒါကိုကြည့်ပြီး ဧည့်ကြိုအဖွဲ့မှာ မရယ်မိအောင် ထိန်းနေရသည်။

သို့နှင့် ကျောင်းဝန်းနယ်မြေသို့ ရောက်ရှိခဲ့ကြသည်။ ကျောင်းဝန်းအတွင်း ပထမဆုံးခြေလှမ်းချမိစဉ်မှာပင် လိုဏ်ထွက်လာသော အသံများကို သူတို့ကြားလိုက်ရသည်။ ဘာသံများပါလိမ့်ဟု မစ္စတာကလော့တန်က ဦးမော့နားစွင့်ကြည့်ရာ . . .

"ကျောင်းအနောက်ဘက်မှာ ဆုတောင်းလိုဏ်ဂူဆိုတာရှိတယ်။ အဲဒီအထဲက ထွက်လာတဲ့ အသံတွေပါ။ လူကြီးမင်းအတွက် ကျောင်းသားတချို့က ဆုတောင်းပေးနေတာပါ"

ဆရာဝင်ချက်ရှိလာက ရှင်းပြသည်။ ထိုမှ မိမိကို ကျန်းမာချမ်းသာစေကြောင်း၊ မြင့်မြတ်သော စိတ်ဓာတ်နှင့် အမြင်များ ပိုင်ဆိုင်စေကြောင်း ဆုတောင်းနေသော အသံများဖြစ်မှန်း မစ္စတာကလော့တန် သိတော့သည်။ ကျောင်းဝန်းထဲတွင် ကျောင်းသားများ၊ ကျောင်းသားမိဘများနှင့် အထူးမြိုင်ဆိုင်စည်ကားနေသည်။

သူတို့ဆက်၍ လျှောက်ခဲ့ကြပြန်သည်။

သူတို့ ထပ်တွေ့ရသည့် အရာတွေကတော့ ကျောင်းနံရံများ၊ သစ်ပင်များတွင် ချိတ်ဆွဲထားသော အပြုံးစာတမ်းများဖြစ်သည်။

မစ္စတာကလော့တန်၏ နောက်ပါများသည် ထိုစာတမ်းများကို ဖတ်မိကြပြီး တခွီးခွီးနှင့် မအောင့်နိုင်ဘဲ ရယ်ကြသည်။ မစ္စတာကလော့တန်ကိုယ်တိုင်ပင် ဣန္ဒြေတစ်ခွဲသား လုပ်နေသည့်ကြားက နှုတ်ခမ်းစွန်းမှာ လှစ်ခနဲ ကွေး၍ ပြုံးမိသွားသည်။

"ဒါတွေက ဘာကြောင့် ချိတ်ဆွဲထားတာလဲ"

မစ္စတာကလော့တန်က အမေးပြုသည်။

"ဒါ အပြုံးပွဲတော်နေ့ကြောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"အပြုံးပွဲတော်"

ဆရာဝင်ချက်ရိုလာက ပြုံး၍ ခေါင်းညိတ်ပြပြီး ဆက်ရှင်းပြသည်။ ပွဲတော်၏အလေ့အထများကို စုံစုံလင်လင် ပြောပြလိုက်သည်။ သို့မှ လူတိုင်း ပြုံးနေရခြင်းအကြောင်း၊ သူတို့ကို မြို့သူမြို့သားများက အပြုံးနှင့် ဝမ်းပန်းတသာ ကြိုဆိုရခြင်းအကြောင်းကို မစ္စတာကလော့တန် နားလည်တော့သည်။

မစ္စတာဂေါက်တော့ မအောင့်နိုင်ဘဲ အာလုတ်သံကြီးနှင့် . . .

"ဟား . . . ဟား . . . တကယ်ပျော်စရာကောင်းတဲ့ ပွဲတော်ပဲဗျာ။ နားနဲ့ကြားရရုံနဲ့ ရင်ထဲက ပျော်မြူးလာတယ် . . . ဟား . . . ဟား . . ."

မစ္စတာကလော့တန်က ခပ်စူးစူးကြည့်လိုက်မှ ရယ်နေတာကို ကမန်းကတန်း ရပ်လိုက်သည်။

ဆက်လက်လျှောက်ခဲ့ကြပြန်သည်။ ကျောင်း၏ အထင်ကရနေရာများကို လိုက်လံပြသည်။ ဘုရားရှိခိုးခန်းမများ၊ လက်တွေ့စမ်းသပ်ခန်းများ၊ အားကစားကွင်းများ အစရှိသည့် နေရာများကို လိုက်ပြသည်။ ထိုနေရာ အဆောက်အဦးများနှင့် ပညာရေးသင် ထောက်ကူပစ္စည်းများမှာတော့ မြို့ကြီးရှိကျောင်းများနှင့် ယှဉ်လိုက်ရင် အလွန်အမင်း နိမ့်ကျလျက်ရှိသည်။ ဒါတွေကို တွေ့ရတော့ 'မဖြစ်ဘူး၊ ဒီကျောင်းတော်ဟာ ဒီအတိုင်းဆိုရင် ပြတိုက်အဆင့်လောက်ပဲ ရှိတော့မယ်။ ဒီကကျောင်းသားတွေလည်း ရေတွင်းထဲက ဖားသူငယ်တွေ ဖြစ်တော့မှာပဲ' ဟု တွေးကာ မစ္စတာကလော့တန် ခေါင်းခါမိသည်။ 'မဖြစ်ဘူး . . . မဖြစ်ဘူး ငါဆုံးဖြတ်ထားတဲ့အတိုင်း အမြန်အကောင်အထည်ဖော်မှကို ဖြစ်လိမ့်မယ်' ဟု ရေရွတ်မိသည်။

မစ္စတာကလော့တန်၏ ခေါင်းခါအလိုမကျမှုကို ဆရာဝင်ချက်ရိုလာတို့လည်း တွေ့သိမိပါသည်။ ရင်တွေ တဒိတ်ဒိတ်ခုန်လျက်။ သူတို့



ကျောင်း၏ အနာဂတ်က ကြိုးတန်းလမ်းလျှောက်သူပမာ ဖြစ်နေတော့သည်။

အားရစရာကောင်းသည်မှာတော့ စာကြည့်တိုက်ကြီးဖြစ်သည်။ တစ်မျှော်တစ်ခေါ်ကြီး မော့ကြည့်ရသည်။

"နှစ်တွေမနည်းတော့မယ့် အဖိုးတန် မျှော်စင်ကြီးပဲ"

ဟု မစ္စတာကလော့တန်က ရေရွတ်လျှင်ပင် ဆရာဝင်ချက်ရိုလာက . . .

"ပြီးခဲ့တဲ့ တစ်နှစ်လောက်ကပဲ . . . . . . မဂ္ဂဇင်းက ဒီမျှော်စင်စာကြည့်တိုက်ကြီးအကြောင်းကို 'ရှေးဟောင်းတက္ကသိုလ်များကို ထိန်းသိမ်းမြှင့်တင်ပါ' ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးရေးဖို့ သတင်းနဲ့ ဓာတ်ပုံတွေ လာယူကြသေးတယ်။ ဒီမျှော်စင်ကြီးကို ကောင်းစွာ စောင့်ရှောက်တန်ဖိုးထားဖို့ ကျောင်းသားတွေကိုလည်း သူတို့က အကြံပေးခဲ့ပါသေးတယ်"

မစ္စတာကလော့တန်က စဉ်းစဉ်းစားစားနှင့် ခေါင်းညိတ်သည်။ မျှော်စင်ပေါ်တော့ မတက်တော့ချေ။

ကျောင်း၏ ပြသသင့်သည့်နေရာများ ကုန်စုံပြီဖြစ်၍ ညစာခံရန်အတွက် ကျောင်းသားပွဲတော်ခန်းမသို့ ခေါ်ဆောင်ခဲ့ကြပေသည်။

ခန်းမသည် ပြဇာတ်ရုံကြီးသဖွယ် အုပ်မိုးတိတ်ဆိတ်လှသည်။ မစ္စတာကလော့တန်တို့အဖွဲ့အား ရှေ့ဆုံးတန်းခုံများတွင် ထိုင်စေသည်။

"လူကြီးမင်းတို့ . . . အနားယူပါဦး။ ခဏနေရင် လူကြီးမင်းတို့ စားသောက်ဖို့ အစားအသောက်မျိုးစုံနဲ့အတူ ဒီပွဲတော်မှာ အထူးပြုလုပ်တဲ့ ရိုးရာမုန့်ကိုလည်း ညှော်ခံချင်ပါတယ်။ စားရင်းသောက်ရင်းနဲ့လည်း ပြဇာတ်တစ်ပုဒ်ကို ကပြတင်ဆက်ပေးမှာမို့ လူကြီးမင်းတို့ ဖျော်ဖြေလင့်ပေးကြပါဦး"

ပြဇာတ်များ၊ ရုပ်ရှင်များသည် မစ္စတာကလော့တန် လွန်စွာ စိတ်မဝင်စားသော အရာများဖြစ်သည်။ သို့သော် ထိုကျောင်းတော်၏ ထူး



www.burmeseclassic.com

www.burmeseclassic.com

ခြားမှုကို တစ်ခုပြီးတစ်ခု မြင်လာပြီးသောအခါ ဒီပြဇာတ်တွင်လည်း ထူးခြားမှုများရှိလေဦးမည်ဟု သူ တွေးသိနေလေသည်နှင့် ဘာမျှမပြောတော့ချေ။

ဧည့်ကြိုအဖွဲ့၏ တာဝန်ပြီးပြီဖြစ်၍ ဆရာဝင်ချက်ရှိလာနှင့် ဆရာမများသာ မစ္စတာကလော့တန်အနီးတွင် ရှိတော့သည်။ ဆိုင်မွန်၊ အယ်လီနှင့် ကိန်းတို့သည် ဂျက်စမင်၏ ပြဇာတ်တိုက်သည့်နေရာသို့ တက်သွားကြလေပြီဖြစ်သည်။

"ဆရာ . . . ဒီကျောင်းကြီးက တက်ချင်စရာကြီးပဲ။ သေချာပြင်ဆင်မွမ်းမံလိုက်ရင် ရှယ်ပဲဗျ။ ဘယ်တက္ကသိုလ်နဲ့မဆို ယှဉ်နိုင်မှာ သေချာတယ်"

"မင်းပါးစပ်က အပိုစကားတွေ ထွက်တဲ့နေရာမှာတော့ နံပါတ်တစ်ပဲ . . . ဂေါက်"

မစ္စတာကလော့တန်၏ လက်ထောက်ကြီးဂေါက် ပါးစပ်ကို လက်နှင့် ပိတ်လိုက်ရပြန်သည်။ မျက်နှာလေးငယ်သွားသည်။ သို့သော်—

"ဒီကျောင်းတော်ကြီးကို ပိတ်လိုက်ရမှာတော့ နှမြောစရာ"

ဟုတော့ တီးတိုးပြောသေးသည်။

ခဏကြာသောအခါ ပြည်နယ်ပညာရေးမှူးမစ္စတာ ကလော့တန်တို့အဖွဲ့အား စားသောက်ဖွယ်ရာများနှင့် တည်ခင်းသည်။ ထိုအချိန်တွင်ပင် ခန်းမအတွင်းသို့ ကျောင်းသားကျောင်းသူများ၊ ကျောင်းသားကျောင်းသူတို့၏ မိဘများလည်း ဝင်ရောက်လာကြသည်။ ခုံအသီးသီးတွင် နေရာယူကြသည်။ ထို့အပြင် မြို့နေလူထုများ၊ မြို့မိမြို့ဖနှင့် မြို့၏အထင်ကရလူကြီးများလည်း ခန်းမထဲသို့ ရောက်ကုန်ကြပြီဖြစ်သည်။

အကောင်းလား၊ အဆိုးလား မသိသော်လည်း သည်နေ့သည် ကျောင်းတော်၏ အလှည့်အပြောင်း နေ့တစ်နေ့ဖြစ်လာမည်မှန်းတော့ အားလုံးက သိနှင့်နေကြပြီဖြစ်သည်။ ထို့ကြောင့် တစ်ကျောင်းလုံးအပြင်၊



တစ်မြို့လုံးနီးပါးရှိ လူများမှာလည်း ခန်းမနှင့်မဆံ့အောင် ရောက်ရှိလာကြခြင်း ဖြစ်လေတော့သည်။

"လူကြီးမင်းတို့ အားလုံးအတွက် ပြဇာတ်တစ်ပုဒ်ကို မကြာခင် တင်ဆက်ပေးတော့မှာ ဖြစ်ပါတယ်ခင်ဗျာ"

ခန်းမ၏အနောက်ဘက်မှ ထွက်ပေါ်လာသော အသံဖြစ်သည်။

"ဒါကြောင့် အားလုံး စောင့်မျှော်ပေးကြပါခင်ဗျာ။ မကြာမီ တင်ဆက်ကပြမဲ့ ပြဇာတ်အမည်ကတော့ 'နံ့ရုံဖြူဖြူလေး' ပဲ ဖြစ်ပါတယ်ခင်ဗျား"

ကြေညာသံအဆုံးမှာ ခန်းမမျက်နှာကျက်ရှိ မီးတွေမှိတ်သွားသည်။ စင်ပေါ်သို့ ဆလိုက်မီးတန်းအဖြူဝိုင်းတစ်ခု ကျလာသည်။ လိုက်ကာသည် တဖြည်းဖြည်း မြင့်တက်သွားနေပြီ။

ပြဇာတ်စပြီဖြစ်၍ အားလုံး လက်ခုပ်တဖြောင်းဖြောင်းတီးကာ သြဘာပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြကွက် (၁)

- သဘာဝကျောက်တံတားပုံ နောက်ခံပန်းချီကားကြီးကို စတင်မြင်ရ။
- မြူးကြွသော နောက်ခံတီးလုံးသံနှင့်အတူ ကျောင်းဆင်းလာသော ကျောင်းသား၊ ကျောင်းသူများကို ပြ။
- သဘာဝကျောက်တံတားကြီးပေါ်မှ အသက်နှင့်ရင်းပြီး ဖြတ်သန်းနေကြပုံကိုပြ။
- သို့သော် ကျောင်းသားများက ပျော်ရွှင်စွာ သွားလာကြပုံကိုပြ။

ပြကွက် (၂)

- ကျောင်းဆင်းပြီး အိမ်ပြန်ရောက်ကြသောအခါ လုပ်ငန်းခွင်အသီးသီးသို့ အလုပ်ဝင်ကြပုံကိုပြ။
- တချို့ စက်ရုံများဆီ၊ တချို့ ဈေးထဲ၊ တချို့ ကိုယ်ပိုင်လုပ်ငန်းများတွင် အများစုမှာ ဂျုံခင်းနှင့် အာလူးခင်းများသို့ ဝင်ကြရပုံကို ပြ။
- အာလူးခင်းထဲတွင် တစ်ယောက်နှင့်တစ်ယောက် အာလူးများနှင့် ပစ်ပေါက်ကာ ကျီစယ်ကြပုံကိုပြ (အာလူးတူးသော လူများ



အဖြစ် ဆိုင်မွန်၊ ဂျက်စမင်၊ အယ်လီ၊ ဘော့ပါတို့နှင့်အတူ တခြားကျောင်းသားများစွာ သရုပ်ဆောင်ကြ) သူများစိုက်ခင်းထဲ အာလူးခိုးတူးစဉ် ပိုင်ရှင်တွေ့သွားကာ နောက်ကလိုက်သဖြင့် ထွက်ပြေးကြပုံ (ဗိုက်ကြီးကို ဘယ်ညာလှုပ်လှုပ်ပြီး ပြေးပြသည့် ဘော့ပါသရုပ်ဆောင်ချက်ကြောင့် ပရိသတ်များ တဟားဟား ပွဲကျကုန်တော့သည်။) ထွက်ပြေးရင်း ကျွမ်းထိုးမှောက်ခုံ ချော်လဲကြပုံတို့ကို အရွှမ်းဖောက်ကာပြ။

ပွဲကြည့်သူ ပရိတ်သတ်များက တဝါးဝါး၊ တဟားဟားရယ်ကြသည်။ ပြုံးကြသည်။ မစ္စတာဂေါက်ကလည်း သဘောကျစွာ ရယ်ရင်း...

"ဒီမြို့က ကလေးတွေ ကျောင်းဆင်းပြီးတာနဲ့ သူတို့မိသားစုတွေအတွက် လုပ်ငန်းခွင် ဝင်ကြရတာပဲနော်"

"မြို့ကြီးက ကျောင်းသားတွေလည်း ဝင်ကြရတာပါပဲ"

"ဒါပေမဲ့ မတူဘူး ဆရာ။ ဒီကကျောင်းသားတွေက ပင်ပင်ပန်းပန်း လုပ်ကြရပုံပဲ"

သူ့အား ပြန်ခံပြောနေသော မစ္စတာဂေါက်ကို မစ္စတာကလော့တန်က မျက်နှာထားတင်းတင်းနှင့် ကြည့်လိုက်သည်။ မစ္စတာဂေါက်ကိုယ်လေးကျုံ့သွားရပြန်သည်။

ပြကွက် (၃)

- နံနက်ခင်း ကျောင်းသို့လာသော ကျောင်းသားတစ်ယောက်ကိုပြ၊ (ထိုကျောင်းသားအဖြစ် ဂရင်းက သရုပ်ဆောင်)၊ လမ်းမှာ အကြွေစေ့လေးတစ်စေ့ကို ဝမ်းသာအားရ မြှောက်ပြပြီး လျှောက်လာ။



www.burmeseclassic.com

www.burmeseclassic.com

– လမ်းတွင် တခြားကျောင်းသားတစ်ယောက်နှင့်တွေ့ (ထိုကျောင်းသားအဖြစ် ဒင်းနဲကသရုပ်ဆောင်)၊ ဒင်းနဲက စတင်နှုတ်ဆက်။

– ဟေ့ကောင် . . . မင်းကြည့်ရတာ တစ်ခုခု ပျော်လာတဲ့ပုံပဲကွ။ ဟုတ်လား။

– အေး . . . ငါ လုပ်ငန်းကြီးတစ်ခုကို လုပ်ခွင့်ရတော့မှာကွ။ အခုပဲ စာချုပ်ကိစ္စ အောင်မြင်ခဲ့တယ်။ (ဂရင်းက ဂုဏ်ယူသည့်အသံနှင့်ဆို)

– ဟုတ်လား . . . ဘာတွေ စာချုပ်နိုင်ခဲ့တာလဲကွ။ (ဒင်းနဲအားရအံ့သြစွာမေး)

– ဖိနပ်စက်ရုံက သားရည်နယ်တဲ့ အလုပ်သမားသုံးယောက်ကို နင်းနှိပ်ပေးဖို့ သဘောတူစာချုပ် ချုပ်ခဲ့တာလေ။

ဝေါခနဲ ပရိသတ်တွေ ထရယ်ကုန်ကြပါတော့သည်။ ဂရင်း၏ အလုပ်ကြီးအကိုင်ကြီးက ဘာများလဲဟု သူတို့ နားစွင့်နေကြရာ ဒီလို နင်းနှိပ်ပေးရမယ်ဆိုတော့ သူတို့အားလုံး ပွဲကျသွားကြတော့သည်။

စင်ပေါ်တွင် ဆက်လက်ပြီး . . .

– ဒါများ လုပ်ငန်းကြီးတဲ့။ ကဲ . . . ငွေကကော ဘယ်လောက်မှာလဲ။ ပြောစမ်းပါဦး။ (ခုနက အထင်ကြီးဟန်တွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားသည့် မျက်နှာပေးနှင့် ဒင်းနဲကမေး)

– ဒီမှာလေ . . .။ (ဂရင်းက သူ့လက်ထဲက ဒင်္ဂါးပြားကို ထောင်ပြပြီး ပြော)

– အိုး . . . ရှစ် . . . (ဒင်းနဲ၏ လေသွားသည့်အသံ၊ ပြီးတော့ ဒင်းနဲပဲဆက်ပြော)၊ မနည်းမနော ငွေဒင်္ဂါးတွေပါလား။

– ဒါ စာချုပ်ကြေး ရထားတာပဲ။ ငါကျောင်းဆင်းတဲ့ညနေတိုင်း သူတို့ကို နှိပ်ပေး၊ နင်းပေးပြီး ငါကျောင်းလာတဲ့မနက်တိုင်း ဒီလို အကြွေစေ့တစ်စေ့ ဝင်ယူရမှာကွ။

– အောင်မယ်လေး . . . ဒီဒင်္ဂါးစေ့လေးလောက်ကိုများ နေ့ချိန်း ညချိန်း ပေးနေရသေးတယ်။ မင်းကွာ . . . တက္ကသိုလ်ကျောင်းသားလုပ်နေပြီး ဒါမျိုးအလုပ် လုပ်ရလား။ (ဒင်းနဲက ရှုံ့ချည်နှပ်ချည်ဟန်ဖြင့် သရုပ်ဆောင်ကာ ပြော)

– (ဂရင်းက လေသံမှိုင်းမှိုင်းနှင့်) တက္ကသိုလ်ကျောင်းသားမို့ ဒီလိုအလုပ် လုပ်တာပေါ့ကွ။ အခုအချိန်ကစပြီး ငါ ရတဲ့အချိန်မှာ ရတဲ့အလုပ်လုပ်ပြီး ငွေစုမှ ဖြစ်တော့မှာ။

– ဘာဖြစ်လို့လဲ။

ထိုအချိန် ပြဇာတ်နောက်ခံတီးလုံးသံမှာ (Tempo)တွေပါလာသည်။ ဇာတ်၏ အရှိန်အမြင့်ဆုံး ဒိုင်ယာလော့များ ချပြရတော့မည့် နေရာဖြစ်သည်။

– ငါ့မိဘတွေလည်း ဖိနပ်အပေါက်နဲ့ လယ်ထဲဆင်းနေကြပြီ။ ပြီးတော့ ငါ့အမေဆိုရင်လည်း သူများလယ်ထဲမှာ အားလူးသွားတူးပြီး အပိုဝင်ငွေ ရှာနေပြီကွ။ (ဂရင်းစကားတွေက မှိုင်းပျလာ။ တကယ်ပင် သူ ခံစားနေရသော ဝေဒနာဖြစ်၍ mood သွင်းရန်မလိုဘဲ ဒိုင်ယာလော့တွေက ပေါလွင်နေသည်။ )

– ဘာဖြစ်လို့လဲ။ (ဒင်းနဲက စိတ်ဝင်စားစွာမေး)

– ငါတို့အိမ်နံ့ရံကို ပြင်မလို့တဲ့။ ငါတို့အိမ်နံ့ရံက ပက်ကြားတွေ အက်နေပြီ၊ ကြွက်တွေတောင် ရဲရဲဖြတ်မပြေးလောက်အောင်ဘဲ။ ငါ့မိဘတွေက အဲ့ဒီနံ့ရံကို ပြုပြင်ပြီး ဆေးဖြူဖြူလေးတွေ ပြန်သုတ်ချင်နေတယ်တဲ့ကွ။ ဒါကြောင့် ငွေတွေ အသည်းအသန် ရှာပြီး စုနေတာပဲ။

– အိမ်နံ့ရံတွေပြင်တာပဲ ဖြည်းဖြည်းချင်းလုပ်ပေါ့။ ဘာလို့ အလောတကြီး ဖြစ်နေတာလဲ။

www.burmeseclassic.com

www.burmeseclassic.com

- ဒီတစ်နှစ်ပြီးရင် ငါ ဘွဲ့ရပြီလေကွာ။ ငါ ဘွဲ့ယူပြီးလို့ ဓာတ်ပုံ ရိုက်ရင် အဲဒီနံရံမှာ ချိတ်မှာ။ အိမ်နံရံအစုတ်ကြီးနဲ့ဆိုရင် ငါတို့ သားရဲ့ဓာတ်ပုံ မလှမှာစိုးလို့တဲ့ကွ။

ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်သွားသလို ထင်ရသည်။

ပွဲကြည့်သူများ၏ ရင်တွေ . . .

ခန်းမထောင့်ရှိ တံခါးတစ်ချပ်နားတွင် ဖက်ငိုနေသော သူဆင်းရဲ လင်မယားနှစ်ယောက်။ ဓာတ်ခုံပေါ်မှ ဂရင်း၏ မိဘနှစ်ပါးဖြစ်သည်။ တစ်ဦးကိုတစ်ဦးက မျက်ရည်သုတ်ပေးလျက်။ ဆရာမတစ်ဦးက စိတ်မကောင်းစွာ နှစ်သိမ့်ပေးနေသည်။

စင်ပေါ်တွင် ဆက်လက်ပြီး . . .

- ဘာပဲဖြစ်ဖြစ်ကွာ၊ ဒီခေတ်မှာ အကြွေတစ်စေ့ဆိုတာ သူတောင်းစားတောင် ယူဖို့ ခွက်တွန့်တဲ့ဟာပါကွာ (ဒင်းနဲ့က ဂရင်းလက်ထဲက အကြွေစေ့ကို မတူသလို မတန်သလိုကြည့်ကာ ဝေဖန်)

- ပြောင်းဖူးတစ်စေ့လည်း ကြက်မအတွက် နေ့လယ်စာပဲကွ။ သူတောင်းစားမယူလည်း ငါယူတယ်။ ငါ့လုပ်အားနဲ့ ငါရတာ၊ သူတောင်းစားကိုလည်း မပေးနိုင်ဘူး။ (ဂရင်းက ပြောပြောဆိုဆို အင်္ကျီအတွင်းအိတ်တစ်ခုထဲသို့ အကြွေစေ့ကို လုံခြုံအောင် သေချာသိမ်းလိုက်ပုံကိုပြ)

## ပြကွက် (၄)

- ဂရင်းအဖေ ဖိနပ်အစုတ်ကြီးနှင့် ဂျုံခင်းထဲ ဆင်းပုံကိုပြ။
- ဂရင်း၏မိခင် ပေါင်မုန့်ကြမ်းလေးစားပြီး အာလူးခင်းထဲ သွားပုံကို ပြ။



## ပြကွက် (၅)

- ဖိနပ်စက်ရုံမှ သားရည်နယ်သမားများကို ဂရင်း နှိပ်နင်းဆေးဆိုကို ပြ။
- ဂရင်း၏ အမူအရာကား တက်ကြွနေ။
- အကြွေစေ့ရသောအခါ ဘောင်းဘီအတွင်းအိတ်ထဲတွင် လုံခြုံစွာ သိမ်းပုံကို ပြ။

## ပြကွက် (၆)

- ဂရင်းထုံးစံအတိုင်း ကျောင်းလာဟန်ကိုပြ။
- သို့သော် . . . သူ ဒီနေ့မနက်ကရခဲ့သော အကြွေစေ့လေး ပျောက်နေပုံကို ပြ။ (လမ်းတစ်လျှောက် ပြန်ရှာတာလည်း မတွေ့ဟု ရေရွတ်ဟန် သရုပ်ဆောင်)၊ သူ့တစ်ကိုယ်လုံး နှံ့နေအောင် ရှာတာလည်း မတွေ့။ (အသိမ်းလွန်နေတာပဲ ဖြစ်မယ်ဟု ရေရွတ်ဟန် သရုပ်ဆောင်)
- ကျောင်းသွားလမ်းတွင် မျက်နှာမကောင်းဖြစ်နေကြသော ကျောင်းသားကျောင်းသူများကိုပြ (ထိုကျောင်းသားများထဲတွင် ကိန်းနှင့် ဘော့ပါအပါအဝင် တခြားကျောင်းသား၊ ကျောင်းသူအများ အပြား သရုပ်ဆောင်ကြ)
- ထိုလူများ ဘာကြောင့် ညှိုးနွမ်းနေကြမှန်းကို ဂရင်းမသိ။ ကျောင်းသားတစ်ယောက်ကို မေး။ (အမေးခံရသောလူမှာ ရစ်တာဖြစ်) မင်းသာဘာမင်း ကျောင်းသားရေးရာကို သွားပြီးကြည့်ကွာ။ (ရစ်တာက စိတ်ပျက်လွန်းသောဟန်နှင့် သရုပ်ဆောင်ကာ ပြော)
- ဂရင်း သူ့အကြွေစေ့ကိုမေ့ကာ ကျောင်းသို့ သွက်သွက်သွားပုံကို ပြ။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြကွက်စရန် လိုက်ကာတလိပ်လိပ် တက်သွားပြီး မကြာခင် မှာပဲ ခန်းမထဲမှအသံများ ဟိုနေရာတိုးတိုး၊ သည်နေရာတိုတိုး အုံကြွ၍ ထွက်လာသည်။

- ကျောင်းသားရေးရာတွင် လူတွေ တိုးဝှေ့နေကြပုံကို ဦးစွာပြ။
- ဂရင်း ပြေးဝင်လာ။ လူအုပ်ကြားထဲသို့တိုးကာ လူတွေဝိုင်းကြည့် နေသည့်အရာကို ဂရင်း ပြေးဝင်ကြည့်ပုံကိုပြ။
- ဂရင်း အံ့အားသင့်သွားပုံကို ပြ။
- ဂရင်းတွေ့လိုက်ရသည်က သူတို့ကျောင်းအား သင်ကြားရေး ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်းနှင့် မြို့ကြီးရှိကျောင်းများသို့ ပြောင်း ရွှေ့ရန် ညွှန်ကြားသော ကြေညာစာဖြစ်ကြောင်းပြ။ (ခုနက ပွဲကြည့်သူများအသံတွေ ညံလာသည်မှာ ထိုကြေညာစာကို တွေ့ လိုက်ရသောကြောင့် ဖြစ်။ ယခု ဆလိုက်မီးရောင်ထိုး၍ သေချာ ပြသောအခါမှာလည်း လူတွေက ဘာကြောင့်မှန်းမသိ လက် ခုပ်လက်ဝါး တီးကြလေသည်။)

မစ္စတာကလော့တန် မျက်မှောင်ကြုတ်၍နေသည်။ မစ္စတာ ဂေါက်ကတော့ စိတ်ပါဝင်စားစွာ ပြဇာတ်ထဲ အာရုံဝင်နေပြီ။ သူဘာ လုပ်ရမလဲဆိုတာကို ပိုင်းဖြတ်နေသည့်ပုံလည်း ပေါ်နေသည်။

စင်ပေါ်တွင်တော့ ဆက်လက်ပြီး . . .

- ဂရင်း ဆောက်တည်ရာမရအောင် တုန်လှုပ်သွားပုံကို ပြ။ (ဂရင်း သရုပ်ဆောင်ချက်မှာ ပီပြင်လွန်းနေ)
- ကျောင်းသားများ ကြေကွဲစွာ တစ်ယောက်တစ်ခွန်း ညည်းတွား ကြပုံကိုပြ။



- ငါတို့ရဲ့ သမိုင်းပေါင်းများစွာနဲ့ တည်ထောင်ထားတဲ့ တက္ကသိုလ် ငါတို့လက်ထက်ကျမှ ဒီလိုဖြစ်ရတယ်လို့ (ကျောင်းသားတစ် ယောက်က မျက်နှာလက်အုပ် ငိုကြွေးကာပြော၊ သရုပ်ဆောင် ခြင်းဖြစ်သော်လည်း တကယ်ပင် ငိုကြွေးနေ)
- ဒါ . . . ဒါ . . . တကယ်မဟုတ်နိုင်ပါဘူး။ (မယုံနိုင်စွာ ရေ ရွတ်ဟန်ဖြင့် ကျောင်းသူတစ်ယောက်မှ သရုပ်ဆောင်)
- ငါတို့ ကျောင်းမပြောင်းနိုင်ရင် ဘွဲ့မရတော့ဘူးပေါ့။ (ကျောင်း သားတစ်ဦး၏ ရင်နာစွာ ညည်းတွားသံ)
- ကျောင်းသူများ ဘုရားသခင်ထံ ပျာပျာသလဲ ဆုမွန်တောင်း ကုန်ကြပုံကိုပြ။
- အို . . . ဘုရားသခင် . . . အရှင့်၏ ဖန်ဆင်းရာတစ်ခု ဖြစ် တော်မူသော ဤကျောင်းတော်ကို ပြန်လည် စောင့်ရှောက်ပေး ပါ ဘုရားသခင်။
- တချို့ အဆောင်နေကျောင်းသားများက အထုပ်အပိုးများကို သယ်ရွှေ့နေပုံကို ပြ၊ တချို့ကျောင်းသားများက ကျောင်းနံရံ များတွင် အမှတ်တရ စာတမ်းများ ဝမ်းနည်းစွာ ရေးနေပုံကိုပြ၊ ဟိုနေရာတစ်စု၊ သည်နေရာတစ် စု ကျောင်းသားများ ကြေကွဲ စွာ ငိုနေကြပုံကိုလည်း ပြ။

ထိုမြင်ကွင်းများသည် ဆိုင်မွန်ရင်ထဲ သံပူမီးနှင့် ထိုးကပ်သလို ထင်ကျန်နေသော မြင်ကွင်းများဖြစ်သည်။ ယခု ပြဇာတ်အဖြစ် အသက် သွင်းခွင့်ရ၍ ပြန်ကြည့်သော်လည်း ရင်ထဲမှာ နာကျင်ဆဲဖြစ်သည်။ ဇာတ် ညွှန်းဖွဲ့သော ဂျက်စမင်၏လက်ရာမှာလည်း ကောင်းမွန်လှသည်။

- ဂရင်းလည်း ကော်ရစ်တာတစ်ခုတွင် အသက်မဲ့စွာ ထိုင်လိုက် ပုံကိုပြ။
- ထိုအခါမှ သူ့ခြေအိတ်ထဲတွင် ညှပ်ထည့်ကာ သိမ်းပြီး အသင်း လွန်နေမိသည့် အကြွေစေ့လေးကို ပြန်တွေ့ပုံကို ပြ။



www.burmeseclassic.com

www.burmeseclassic.com

– အခုမှတော့ ဒီငွေတွေ ဘာလုပ်ရမှာလဲ။ (ပြင်းထန်စွာ အော်ဟစ်)
– နောက် . . . သူတောင်းစားကြီးတစ်ယောက် အနားရောက်လာ၊ ဂရင်း . . . သူ့အကြွေစေ့လေးကို သူတောင်းစား၏ ခွက်ထဲ ဖြည်းညှင်းစွာ ထည့်လိုက်ပုံကိုပြ။
– (ပြီးလျှင် နောက်ဆုံးသော ဒိုင်ယာလော့အဖြစ် ဂရင်းရေရွတ်) ဒီကျောင်းကြီးရဲ့ အနာဂတ်ဟာ ဘယ်လိုလဲ . . . ?

ထိုမေးခွန်းသည် ပြဇာတ်အတွင်း ဒိုင်ယာလော့ဖြစ်သလို ပြဇာတ်အပြင်မှ မစ္စတာကလော့တန်အား မေးလိုက်သော မေးခွန်းလည်းဖြစ်ကြောင်း အားလုံး သိကြမည်ပင်။

မစ္စတာ ကလော့တန်၏မျက်နှာသည် တည်၍သာနေ၏။

ဆလိုက်မီးရောင်တန်းမှာ ဝှစ်ခနဲငြိမ်းသွားပြီ။ မကြာပါ ဝှစ်ခနဲပြန်လင်းလာချိန်မှာတော့ စင်ပေါ်တွင် ကျောင်းသားများစွာ နေရာတန်းစီယူထားပြီး အောက်ပါစာတမ်းကို ကိုင်ဆောင်ထားကြလေသည်။

> မိဘတိုင်း၏ အိမ်မှာ နံရံဖြူဖြူလေး တစ်ချပ် ရှိပါသည်။ ဤသည်မှာ သူတို့သားသမီးများ၏ တွဲ့ဓာတ်ပုံချိတ်ရန် နေရာပင်ဖြစ်သည်။

ပရိသတ်တွေ၏ လက်ခုပ်သံများ တဖြောင်းဖြောင်း ထွက်ပေါ်လာကြတော့သည်။ ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဟူသည့် အသံများ မဆုံးနိုင်အောင် ရှည်လျားနေတော့သည်။ ပြဇာတ်အဆုံးသတ်ဖြစ်သောကြောင့်လည်းကောင်း၊ သဘောကျလွန်းသောကြောင့်လည်းကောင်း၊ ဒီလောက် လက်ခုပ်သံများ ညံကုန်ကြခြင်းဖြစ်သည်။



ကျောင်းသားမိဘများ မျက်ရည်လည်ကြသည်။ တချို့တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ကြသည်။ အများစု ငိုကုန်ကြပြီ။ ကျောင်းသားများကို ချီးကျူးကြသံများလည်း ညံနေတော့သည်။

မစ္စတာဂေါက်ကလည်း လက်ခုပ်ကို ပယ်ပယ်နယ်နယ် တီးနေသည်။ မစ္စတာကလော့တန်က စိန်းစိန်းကြည့်တာကိုပင် ပြန်မကြည့်တော့ဘဲ မမြင်ချင်ယောင်ဆောင်ကာ လက်ခုပ်ပဲ အားရပါးရ တီးနေတော့သည်။

စင်ပေါ်ရှိ ကျောင်းသားများက ဦးညွှတ်ဂါရဝပြုကြသည်။ ကျောင်းသားများ၏အလယ်မှ ဆိုင်မွန်က . . .

"အခုလို ကျွန်တော်တို့ရဲ့ပြဇာတ်ကို အားပေးကြတာ ကျေးဇူးတင်ပါတယ်။ အခု နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ရဲ့ဆန္ဒတွေကို ကိုယ်စားပြုမဲ့ သီချင်းလေးကို သီဆိုပြီး အားလုံးကို နှုတ်ဆက်ချင်ပါတယ်။ ဒီ သီချင်းလေးကိုတော့ လုပချောမောတဲ့ ညှို့သည်ကျောင်းသူလေးတစ်ဦးက ရေးစပ်ပေးထားပါတယ်။ သူမကို ကျွန်တော်တို့ ဖိတ်ခေါ်လိုက်ပါရစေခင်ဗျား"

ကြေညာသံအဆုံးမှာပဲ စင်ပေါ်မှ ကျောင်းသားများသည် စီတန်းထားရာမှ ဘေးဘယ်ညာသို့ နှစ်ခြမ်းခွဲကာ ရှဲပေးလိုက်ကြ၏။ ထိုအခါ ကျောင်းသားများ၏နောက်တွင် စန္ဒရားခုံလေးတစ်ခုနှင့် အတူရှိနေသော နှင်းဆီရောင်ဆံပင်နှင့် ကောင်မလေးကို ပရိသတ်များ တွေ့လိုက်ရလေသည်။

"ရိုစီ . . . "

မစ္စတာကလော့တန်၏ နှုတ်မှ လွှတ်ခနဲထွက်သွားသောအသံ။

"ဟာ . . . ရိုစီလေးပဲ။ ဆရာ . . . ဆရာ့သမီး ရိုစီလေးပဲ"

မစ္စတာဂေါက်က အော်ကြီး ဟစ်ကျယ်ပြောသည်။

ရိုစီက စင်ပေါ်မှနေ မစ္စတာကလော့တန်ကို လှမ်းပြုံးပြသည်။ မစ္စတာကလော့တန်လည်း ရိုစီ့ကိုကြည့်ရင်း ပြုံး၍လာသည်။ သွမ်းလိုက်တာ . . . သမီးလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီရောင်ကောင်မလေး၏ လက်ချောင်းများက စန္ဒရားခလုတ်များပေါ်တွင် သပ်ရပ်စွာ နေရာယူလိုက်ပါပြီ။ ထို့နောက်မှာတော့ သိမ်မွေ့သော အင်ထရိုတီးလုံးလေးများ ကျဆင်းလေတော့သည်။

ခန်းမ အနောက်ဘက်ခုံတန်းများမှ လူများ အလိုလို မတ်တတ်ရပ်ကုန်ကြပြီ။ လက်တွေ ဖော့ယမ်းကုန်ကြသည်။ ဘာကြောင့်မှန်းမသိ တဖြည်းဖြည်းနှင့် ဖော့ယမ်းသောလက်တွေ များများလာခဲ့ပြီ။

စင်ပေါ်သို့ တခြားကျောင်းသားများလည်း တက်လာကြသည်။ ထိုကျောင်းသားများ စင်ပေါ်နေရာယူပြီးသည်နှင့် မကြာခင်မှာပဲ သီချင်းစာသားများလည်း ထွက်ပေါ်လာတော့သည်။

ငါတို့သိနေတဲ့ အသိများ အပြန့်ကျယ်ဖို့ . . .
ငါတို့ရှိနေတဲ့ အရှိတရား အသုံးကျနိုင်ဖို့
ငါတို့ အယူအဆတွေထဲ ပညာများ ပေါင်းထည့်ဝင်ဖို့
ပညာတွေ ပေါင်းစုရာ ဒီကမ္ဘာမြေမှာ
တို့တွေနဲ့ ကိုက်ညီတဲ့ အကောင်းမွန်ဆုံးတက္ကသိုလ်တစ်ခု . . .
ရှိ . . . ရ . . . မယ် . . .

သီချင်း၏ အလယ်ပိုဒ် (CHORUS) ရောက်လာပြီမို့ တီးလုံးသံက ပိုမိုရှန်းကြွတက်လာသည်။

တို့တွေတက်ချင်တဲ့ တက္ကသိုလ်ဟာ
တို့ရဲ့ အနီးအနားမှာ ရှိရမယ် . . .
တို့တွေတက်ချင်တဲ့ တက္ကသိုလ်မှာ
ငါတို့ရဲ့ အိပ်မက်တွေရှိရမယ် . . .
တို့တွေတက်ချင်တဲ့ တက္ကသိုလ်ဟာ
ငါတို့ရဲ့ လမ်းပြကြယ်ဖြစ်ရမယ် . . .



ငြိမ်းချမ်းခြင်း၊ ချစ်ခြင်း၊ အောင်မြင်ခြင်းများစွာ
ရှိ . . . ရ . . . မယ် . . .
တို့ရဲ့ တက္ကသိုလ်မှာ . . .
တို့ရဲ့ တက္ကသိုလ်မှာ . . . . . . . . . . .
တို့ရဲ့ . . . . . . . . . . .
. . . . . . . . . . . . . .
တက္က . . . သိုလ် . . . မှာ . . .

ရှည်လျားစွာဆွဲငင်၍ အသံကိုချရင်း သီချင်းသည် ပြီးဆုံးသွားလေ၏။

ပြီးဆုံးသွားသော သီချင်းနှင့်အတူ ခန်းမကြီးတစ်ခုလုံး ရပ်တုအိုကြီးတစ်ခုလို တိတ်ဆိတ်သွားလေသည်။

သူတို့အားလုံး၏ ရင်ထဲ၌ ပြောမထွက်သော စကားတွေဖြင့် ပြည့်နှက်နေသည်။ ဝမ်းနည်းစွာ မျက်ရည်တွေ တိတ်တဆိတ် စီးကျကြသည်။

အဲ့ဒီအချိန်ပဲ . . .

ရှေ့ဆုံးခုံတန်းမှ မတ်တတ်ရပ်လိုက်သူတစ်ယောက်။

မည်သူနည်း။ အားလုံးကြည့်လိုက်တော့ မစ္စတာကလော့တန်ကို တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (20)

မတ်တတ်ထရပ်ပြီး ခြေလှမ်းစိပ်စိပ်ဖြင့် သူ လှမ်းလျှောက်သွားသည်။ သူ ဘယ်ကိုသွားသနည်း။ အားလုံး ရင်တွေခုန်နေသည်။ သူ သွားသည်က စတိတ်စင်ပေါ်သို့။

စင်ပေါ်ရောက်ရောက်ချင်းပဲ တန်းစီရပ်နေသော ကျောင်းသားများ၏လက်ထဲတွင် ကိုင်ဆောင်ထားသော စာတမ်းရှည်ကြီးကို သူ ဆွဲယူသည်။ ထိုစာတမ်းရှည်ကြီးကို သူ စိတ်ဆိုးမာန်ဆိုးဖြင့် ဆွဲဖြဲသည်။ သို့သော် မပြဲ။ စာတမ်းက ရွက်ဖျင်စသားပေါ်တွင် ရေးထားသောကြောင့် ဖြဲဆုတ်၍မရချေ။ သို့သော် မစ္စတာကလော့တန်သည် စိတ်ဆိုးမာန်ဆိုး ကန်ကျောက်ပြန်သည်။ လုံးထွေး၍ ကြမ်းမှာ ပစ်ပေါက်ချကာ နင်းချေသည်။

ခန်းမတစ်ခုလုံး တိတ်ဆိတ်နေသည်။

မစ္စတာကလော့တန်ကို ကြည့်နေကြသည်။

စင်ပေါ်ရှိ ဆိုင်မွန်တို့ ကျောင်းသားကျောင်းသူများလည်း သူတို့ရဲ့ကြိုးစားတင်ဆက်မှုအပေါ် မစ္စတာကလော့တန် ပေါက်ကွဲဆူပွက်သွားမှန်း သိလိုက်ရသည်။ စင်အောက်က ကျောင်းသားများနှင့် မိဘဆရာများလည်း သူတို့လှုပ်ရှားမှု အခြေအနေမကောင်းတော့မှန်း သိလိုက်ကြသည်။ အလိုလို ဦးခေါင်းတို့ ငိုက်ကျကုန်သည်။ အားလုံး အချည်းနှီးဖြစ်ကုန်ပြီလား။



မစ္စတာကလော့တန်သည် အားရအောင်နင်းချေပြီးမှ မိုက်ခရိုဖုန်းဆီ လျှောက်လာခဲ့သည်။

"ကျွန်တော် ဘာကြောင့် ဒီစာတမ်းကို ဒီလို ခြေနဲ့ခုန်ပေါက်နင်းရအောင် စိတ်တိုရလဲ ခင်ဗျားတို့သိလား"

အားလုံး ငြိမ်နေကြသည်။ သူကပဲ ဆက်ပြီး . . .

"ဒီစာတမ်းက ကျုပ်ကို ရင်နာစေလို့ပဲ။ ဒီစာတမ်းက ကျုပ်ကို ဗီလိန်တစ်ယောက်ဖြစ်အောင် လုပ်ခဲ့လို့ပဲဗျ"

" . . . . . "

အားလုံး သူ့စကားကို နားမလည်သလို ငြိမ်နေကြဆဲ။

သူက အဟင်း . . . ဆိုပြီး ခေါင်းတညိတ်ညိတ်နှင့် တစ်ချက်ပြုံးပြီး . . .

"ဒီကျောင်းကို ပညာသင်ကြားရေးရပ်ဆိုင်းဖို့ ကြေညာထားတာကို အခု ပြန်ရုတ်သိမ်းပါတယ်ဗျား"

ဟု သူ ကြေညာလိုက်သည်။

သို့သော် အားလုံး မယုံနိုင်သလို၊ ကျောက်ရုပ်သေတွေလို တစ်ချက် ငြိမ်နေကြသေးသည်။ နောက်မှ . . .

"ဟေး . . . "

"ဟေး . . . ဟေး . . . "

"ဟေး . . ."

အသံတွေ ဗလောင်ဆူ ပွက်လောညံကုန်တော့သည်။ ကျောင်းသားတွေ စင်ပေါ်မှပြေးဆင်းပြီး သူ့မိဘတွေဆီပြေး၊ မိဘတွေကလည်း ကျောင်းသားတွေဆီကို ပြေး၊ ဆရာတွေက တပည့်တွေဆီကိုပြေး၊ တပည့်တွေဆီကို ဆရာတွေက ပြေးနှင့်။

ဘာမှန်းမသိဘဲ စိတ်တွေ မထိန်းနိုင်တော့ဘဲ လက်ထဲကအရာတွေကို လေထဲပစ်မြှောက်ကြ၊ တချို့တွေက အပျော်လွန်ပြီး နံရံတွေကို ခေါင်းတွေနဲ့ ခွေ့တိုက်ကြ။ တချို့ အိခနဲ မျက်နှာဝှက်ပြီး ငိုကြွေးကြ။

ဆိုင်မွန်နှင့် ကိန်း ဘာရယ်ကြောင့်မှန်းမသိ ဝုန်းခနဲ သိုင်းဖက်မိသွား။ ကိန်းက 'သူငယ်ချင်း . . . ငါတို့လုပ်နိုင်ခဲ့ပြီ' ဟု မျက်ရည်လည်



www.burmeseclassic.com

www.burmeseclassic.com

ရွှဲနှင့်ပြော။ ဂျက်စမင်နှင့်အယ်လီ လက်တွဲထခုန်။ သော့ပါနှင့် ဘီဒီတွဲက။ ဂရင်းက သူ့အမေနဲ့အဖေဆီ ပြေး။ ဒင်းနဲ့ရစ်တာ စင်ထောင့်မှာ ထိုင်ငိုနေ။

ဆရာဝင်ချက်ရိုလာ ခေါင်းမော့ကာ ဘုရားသခင်ကို ကောင်းချီးပေးနေ။

အားလုံး ရှုပ်ထွေးပေါက်ကွဲစွာ ပျော်ကုန်ကြ။

မစ္စတာကလော့တန်၏ စကားဆက်ရန် ချောင်းဟန့်သံကြားမှ အားလုံးက စင်ပေါ်ပြန်ကြည့်ကြသည်။

မစ္စတာကလော့တန်ကလည်း ပီတိပြည့်နေသည့် မျက်နှာနှင့်–

"ကျွန်တော် ဘာတတ်နိုင်တော့မှာလဲဗျာ။ ကျွန်တော် . . . တကယ်မတတ်နိုင်တော့ပါဘူး။ ဒီကျောင်းက ကျောင်းသားတွေ အလွန်ကို တော်ပါတယ်။ သူတို့ရဲ့ စိတ်ဓာတ်နဲ့စွမ်းရည်ကို ကျွန်တော် အရှုံးပေးပါတယ်။ ကျောင်းသားတွေကို မြို့ကြီးကကျောင်းတွေဆီ ပြောင်းစေဖို့ စီစဉ်ခဲ့တာကလည်း သူတို့ကို ကောင်းစေချင်လို့ဆိုတာ ယုံကြည်ပေးကြပါဗျာ"

အားလုံး အပြုံးနှင့် ခေါင်းညိတ်ပြကြသည်။ သူတို့ ယုံကြပါသည်။

"ဒါပေမဲ့ ဒီကအခြေအနေတွေ သေချာမသိဘဲ စီစဉ်ခဲ့တာ ကျွန်တော့်အမှားပါ။ အခု ကျွန်တော့်အတွက် တော်တော်အမြင်ကျယ်စေခဲ့ပါပြီ။ ဒီကျောင်းကြီးကို ထောက်ပံ့ကူညီသွားဖို့လည်း ကျွန်တော် အာမခံပါတယ်။ နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ဒီကျောင်းကကျောင်းသားတွေဟာ တကယ့်ကို သူရဲကောင်းတွေ ဖြစ်တယ်ဆိုတာပါပဲ"

"ဟေး . . ."

"ဟေး . . ."

"ဟေး . . . . . . . . . . ."



"ကျေးဇူးပါ . . . ရိုစီ။ ဒီလို ပြည်နယ်ပညာရေးမှူး မစ္စတာကလော့တန် တို့ကျောင်းကိုလာတာ တို့တွေရဲ့ . . . အယူခံလွှာတွေကြောင့်ဆိုတာထက် သူ့သမီးလေး ရိုစီကြောင့်လို့ပြောရင် ပိုမှန်လိမ့်မယ် ထင်တယ်နော်"

ဂျက်စမင့်စကားကြောင့် ရိုစီ ပြုံးမိသည်။ ရိုစီ အိမ်ကမထွက်ခင် စာတစ်စောင် ချန်ခဲ့ပါသည်။ ဘီဒီနှင့်လိုက်သွားကြောင်း၊ ထိုသို့လိုက်သွားရခြင်းကိုလည်း တစ်မျိုးမထင်ဘဲ ဟီးရိုးတက္ကသိုလ်ကိစ္စအား ပြန်သုံးသပ်ပြီး စစ်ဆေးစေချင်ခြင်းကြောင့် ဖြစ်ကြောင်း သူမ ရေးသားခဲ့သည်။ ထို့ကြောင့် မစ္စတာကလော့တန်သည်လည်း သူမကိုပြန်ခေါ်ရန် ဒီကျောင်းကို စစ်ဆေးရေးအမည်ခံဖြင့် ရောက်လာခြင်းဖြစ်သည်။ ယခုတော့ အခြေအနေတွေက ပြောင်းကုန်ပါပြီ။

"ရှင် သိနေတာပဲ"

"အင်း . . . ဒါပေမဲ့ မသိတာ ရှိသေးတယ်"

"ဘာများလဲ"

ဂျက်စမင် ရိုစီ့မျက်လုံးထဲကို သေချာစိုက်ကြည့်၍ . . .

"ရိုစီ . . . ဒီလို စွန့်စွန့်စားစား၊ Hero တက္ကသိုလ်အထိ လိုက်လာတာ တို့ကျောင်းကို ကယ်ဖို့လား၊ ဘီဒီကြောင့်လားဆိုတာ တို့မသိသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဂျက်စမင်က ဘယ်လိုထင်လို့လဲ"

"တို့ထင်တဲ့အတိုင်း ပြောလိုက်ရင် မင်း ရှက်သွားမှာပေါ့"

"အို . . ."

ထိုမျှ ပြောပြလိုက်ရုံဖြင့် ရိုစီပါးပြင်မှာ ပန်းရောင်ကလေး ကွက်သွားတော့လေသည်။ ထိုအချိန် ဘယ်တုန်းကမှန်းမသိ အနားရောက်နေသော ဘီဒီ၏ . . .

"ဟင် . . ."

ခနဲ အာမေဋိတ်သံ ထွက်ပေါ်လာသည်။ ရိုစီ ရှက်ကြောင်ကြောင်လေးနှင့် ဆတ်ခနဲ မတ်တတ်ရပ်လိုက်သည်။

ဘီဒီ အနားကပ်၍ ရိုစီ့လက်လေးကို ဆုပ်ထွေးလိုက်သည်။

"ရိုစီရယ် . . ."

ရိုစီ ခေါင်းငုံ့ရှက်ရှာသည်။

ထိုအချိန် အနားသို့ ထပ်ရောက်လာသူက မစ္စတာကလော့တန်ဖြစ်သည်။

"သမီး . . . ရိုစီလေး"

ရိုစီက သူ့မဖခင်ကို လွမ်းဆွတ်စွာ ပြေးဖက်သည်။ အဖေနှင့်သမီး လွမ်းကြောင်း၊ သတိရကြောင်းတွေ ပြောကြသည်။ ပြီးမှ . . .

"ကဲ . . . သမီး၊ ဖေဖေတို့နဲ့ ပြန်ကြရအောင်နော်"

ရိုစီ ဘီဒီဘက် တစ်ချက်လှည့်ကြည့်တော့ ဘီဒီ မျက်နှာငယ်နေသည်။ သည်မျက်နှာကို ရိုစီ ခံနိုင်ရည်မရှိပါ။

"သမီး မပြန်ချင်သေးဘူး ဖေဖေ။ ဘီဒီတို့နဲ့ ခဏနေခဲ့ချင်သေးတယ်"

"ရိုစီလေး . . . ဖေဖေနဲ့ အတူပြန်ပြီးတော့ . . ."

"ဟင့်အင်း . . . ဖေဖေ။ သမီး ဒီထူးဆန်းတဲ့ တက္ကသိုလ်ကြီးကို လေ့လာချင်သေးတယ်။ ဒီတက္ကသိုလ်ကြီးဟာ သမီးတို့သိထားတဲ့ အသိ



တချို့ကို ပြောင်းလဲပေးနိုင်တယ်လို့ သမီးထင်နေတယ်။ ဒါကြောင့် ခဏနေခဲ့ပါရစေဦးနော် . . . ဖေဖေ။ သမီး သူငယ်ချင်းတွေလည်း ရနေပါပြီ"

မစ္စတာကလော့တန် စကားမဆုံးခင် ရိုစီက တသွက်သွက်ဝင်ပြောပစ်လိုက်သည်။

"သမီး . . ."

မစ္စတာ ကလော့တန်၏ သမီးခေါ်ပုံက ပုံမှန်လေသံအတိုင်း မာကြောသွားပြီဖြစ်သည်။ သို့သော် ချက်ချင်းလေသံကို ပြန်ချပြီး ဖျောင်းဖျသံနှင့် . . .

"ရိုစီလေး . . . ထပ်မဆိုးစမ်းနဲ့ကွယ်"

ရိုစီ ဖေဖေ့စကားကို နားမထောင်နိုင်ပါ။ သည်နေရာမှသာ ထွက်ပြေးသွားချင်တော့သည်။

ထို့ကြောင့် ဘီဒီ့ကိုသာ အားကိုးတကြီး ကြည့်လိုက်သည်။

ဖြစ်ချင်တော့ ဘီဒီကလည်း ဒီလိုနေရာမျိုးမှာ ပါးရည်နပ်ရည်က ခီးရီးဖြစ်နေသည်။ ဒါနှင့် အမြင်မတော်ကာ အူယားလွန်းနေသည့် ဂျက်စမင်က ဘီဒီခြေထောက်ကို ဖိကာ မျက်ရိပ်ပြလိုက်သည်။ ဒါလည်း သဘောမပေါက်ဘဲ ဘီဒီက မျက်လုံးပြူးကြီးနှင့် ပြန်ကြည့်သည်။ ဂျက်စမင်လည်း စိတ်မရှည်တော့သည်နှင့် 'ရိုစီ့ကိုလက်ဆွဲပြီး ထွက်ပြေးတော့ဟေ့' ဟုသာ အော်ပြောလိုက်တော့သည်။

ထိုမှ ဘီဒီလည်း သဘောပေါက်ကာ မျက်လုံး ဖျတ်ခနဲ ဝင်းသွား။ ရိုစီ့လက်ကိုလည်း ဆတ်ခနဲဆွဲကာ ပြေးလေတော့သည်။

"ဟင် . . . ဒီကောင် . . ."

မစ္စတာကလော့တန်မျက်နှာ တင်းသွားသည်။

သူ့ရှေ့မှာ သူ့သမီးလက်ကိုဆွဲကာ ထွက်ပြေးသွားသောအဖြစ်ကြောင့် ခဏချင်းပင် မျက်နှာမှာ ဆူပွက်လာပြီး . . .

"ဘာလုပ်နေကြတာလဲ လိုက်ကြလေကွာ။ ရိုစီ့ကို ပြန်ခေါ်ခဲ့"

ထိုသို့အော်မှ သူ့လုံခြုံရေးသမားတွေက ပြေးလိုက်ကြလေတော့သည်။ မစ္စတာကလော့တန်ကိုယ်တိုင်လည်း ပြေးလိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂျက်စမင်တစ်ယောက်ပဲ ကျန်ခဲ့တော့သည်။ ဘီဒီတို့ ထွက်ပြေး သွားသည့် လမ်းကြောင်းကို ပြုံး၍ ကြည့်နေမိသည်။ ထိုမှ တစ်ဖက်သို့ မျက်နှာလှည့်စဉ် အံ့သြစရာမြင်ကွင်းကို တွေ့လိုက်ရလေသည်။

သူမအဖေနှင့် ဆိုင်မွန်တို့ ရယ်ရယ်မောမော စကားပြောကာ သူမဆီလာနေကြသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။ သူမရှေ့ရောက် သောအခါ . . .

"ကဲ . . . သမီးတို့တော့ ဖြည်းဖြည်းချင်းမှ ပြန်ခဲ့ပေါ့။ အဖေ တော့ ပြန်နှင့်တော့မယ်"

"ဟုတ်ကဲ့ . . . ဖေဖေ"

ဂျက်စမင် ရှင်ပျစွာ ပြန်ပြောမိသည်။ သူမအဖေကလည်း အဓိပ္ပာယ်ပါပါ ပြုံး၍ ခေါင်းဆတ်ပြလိုက်ပြီး ထွက်သွားပါတော့သည်။

ထွက်သွားသော ဖေဖေ့ကျောပြင်ကိုကြည့်၊ သူမနှင့် ဆိုင်မွန် လက်တွေ တွဲလိုက်ကြပါသည်။ သူတို့နှစ်ဦး၏ လက်ခုပ်ထဲတွင် ဘယ် တော့မှမခွဲဘူးဟူသည့် စကားလုံးလည်း ရှိချင်ရှိနိုင်ပေသည်။

ထိုအချိန် သူတို့အနီးအနားသို့ ကိန်းသည်လည်း ရောက်လာ လေသည်။ ကိန်းက သူနှင့်သူမတို့၏ တွဲထားသောလက်ကို ငုံ့ကြည့် ကာ . . .

"နောင်နှစ်ပေါင်းများစွာကြာတဲ့အထိ လက်တွဲနိုင်ပါစေလို့ ငါ ဆုတောင်းပေးပါတယ် . . . ဆိုင်မွန်နဲ့ဂျက်စမင်။ ငါ့ဆုတောင်းကို အသိ အမှတ်ပြုရင် ငါ့ကို ပြုံးပြကြပါလား"

ဂျက်စမင်နှင့်ဆိုင်မွန် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြပါသေး သည်။ ပြီး အလိုလို နှစ်ဦးသား ပြုံးဖြစ်သွားပါတော့သည်။

ယခုမှ Smile Day သည်လည်း ပိုမိုပြည့်စုံသွားခဲ့သလိုပါ . . .

* * *



မစ္စတာ ကလေ့ာတန်၏ လုံခြုံရေးသမားတွေက ပြေးလိုက်နေ ဆဲ။ ထို့ကြောင့် ဘီဒီနှင့် ရိုစီလည်း ပြေးနေရဆဲ။

ပြေးရင်းလွှားရင်းနှင့် ဘော့ပါနှင့် မစ္စတာဂေါက်တို့အနားသို့ ရောက်လာခဲ့သည်။ ဘော့ပါနှင့် မစ္စတာဂေါက်တို့မှာ ဘယ်လိုကနေ ဘယ် လို ပါတနာဖြစ်သွားသည်မသိ။ စကားတွေဖောင်ဖောင် ပြောနေကြသည်။

"ကျွန်တော့်အဘိုးက ကမ္ဘာစစ်တုန်းက ဂျူးတွေကို . . . . . . . . . . . . . . . . . . . . . . . . . . . ."

"ဟုတ်လား"

ဘော့ပါ လေလုံးထဲ မိနေရှာသည်။

ထိုစဉ် ဘီဒီတို့ပြေးလာသည်ကို မြင်တော့ ဘော့ပါက . . .

"ဟာ . . . ဘီဒီ၊ ဘာဖြစ်လာတာလဲ"

ဘီဒီက ပြန်မဖြေနိုင်။ လုံခြုံရေးတွေ လက်က လွတ်မြောက်ရန် သာ အရေးကြီးနေသဖြင့် ဘာကိုမှ အာရုံမစိုက်နိုင်။ သို့သော် သူ့မျက် လုံး ဝင်းခနဲဖြစ်သွားပါပြီ။ အကြောင်းက ဘော့ပါဘေးက မီးပုံးပျံကြီး ကို တွေ့လိုက်ရသောကြောင့်ပင်။

ချက်ချင်းပင် ရိုစီ့ကိုတွဲကာ မီးပုံးပျံပေါ်တက်သည်။ ပြီးလျှင် ဂက်စ်အိုးတွေကို ဖွင့်ချလိုက်သည်။ တရှူး . . . ရှူး . . . မြည်သံပေး ကာ ခဏချင်းပင် မီးပုံးပျံကြီးက ထိုးတက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြန်တက်သွားသည့် မီးပုံးပျံကြီးအောက်တွင် လိုမြို့ရေးသမား တွေလည်း ခုန်ဆွခုန်ဆွဖြစ်ရင်း ကျန်ခဲ့လေသည်။ ဘီဒီနှင့် ရိုစီက အောက် ငုံ့ကြည့်ပြီး လက်တွေဝှေ့ယမ်းကာ ပြောင်ပြကြသည်။ ဒီတော့မှ ဖြမ် ကြောင်းကုန်စင် ခန့်မှန်းမိပြီး ဘော့ပါက လှမ်းအော်သည်။

"ဟား . . . ဟား . . . ဘီဒီ . . . မင်း တကယ်ပဲ မီးပုံးပျံနဲ့ မိန်းမခိုးနိုင်ခဲ့ပြီပဲကွ . . . ဟား . . . ဟား . . ."

မစ္စတာ ကလော့တန်ကတော့ စိတ်တွေကို လျှော့ချလိုက်ပါပြီ။ မိုးသားထဲ ဝဲတက်သွားသော မီးပုံးပျံကြီးကိုကြည့်နေသည့် သူ့မျက်လုံး များမှာ ဖခင်ဆန်နေပါသည်။

ⵋ ⵋ ⵋ



(21)

BURMESE CLASSIC .com

နောက်ဆက်တွဲ (၁)

အပြုံးပွဲတော်ပြီးဆုံးပြီး ရက်အနည်းငယ် ကြာပြီးနောက်ဖြစ် သည်။

ကျောင်း၏ ပေါင်းစည်းခြင်း နံရံအထက်တွင် သံလွင်ခက်နှင့် ...ငှက်ကလေးတို့ပုံ ထပ်တိုးလာပါသည်။

သိပ်မကြာခင်လပိုင်းတွင် ရိုစီလည်း သူတို့ကျောင်းသို့ တရား ...င် ပြောင်းလာတော့မည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ (၂)

"ဘာ . . . ဆိုင်မွန်က တက္ကသိုလ်ပေါင်းစုံ ခေတ်ပုံပြိုင်ပွဲမှာ ပထမဆုရတယ်"

"ငါတို့ တက္ကသိုလ်ကို ရှုထောင့်အမျိုးမျိုးက သဘာဝကျကျ ရိုက်ထားတဲ့ ပုံတွေနဲ့ ယှဉ်ပြိုင်ခဲ့တာ"

"အဲ့ဒီပုံတွေကြောင့် အနယ်နယ်အရပ်ရပ်က ကျောင်းသားတွေက ငါတို့ကျောင်းကို လာတက်ဖို့ စိတ်ဝင်စားလာတယ် ဟုတ်လား"

"ဒါဆို ငါတို့တက္ကသိုလ် နာမည်ကြီးပြီ။ ငါတို့မြို့လည်း စီးပွားရေးကောင်းလာတော့မှာပဲ"

"ဟေး . . . ငါတို့ (Hero)တက္ကသိုလ် သမိုင်းသစ် ပြန်စပြီကွ"



နောက်ဆက်တွဲ (၃)

မင်္ဂလာသတင်းတွေ ဖြိုးဖြိုးဖြိုင်ဖြိုင် သူတို့ကျောင်းကြီးဆီ ကျရောက်ခဲ့ပါပြီ။

သို့သော် အပြုံးပွဲတော်ပြီးဆုံးပြီး နောက်တစ်ရက်မှာပဲ ပါမောက္ခ ဂျွန်ဗက်ဆဲလ် ဆုံးပါးခဲ့ရသည်ကတော့ သူတို့အားလုံးအတွက် ကံကြမ္မာအား တစ်ခုခုအစားပြန်ပေးလိုက်ရသလို ခံစားရစေသည်။

ဆုံးပါးသွားသော ပါမောက္ခ ဂျွန်ဗက်ဆဲလ်၏ မျက်နှာမှာကား ပြုံး၍နေသည်။

ထိုနေ့က တရုတ်စံကားပွင့်များလည်း အပြိုင်ပြိုင်အသဲသဲ ကြွေကြသည်ဟု တချို့တွေက ပြောကြသည်။

ပါမောက္ခအသစ်အဖြစ် ဆရာဝင်ချက်ရှိလာ ဆက်ခံရရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

၁ နှစ်ခန့် ကြာပြီးနောက် . . .



BURMESE CLASSIC .com

သဘာဝကျောက်တံတားကြီးပေါ်တွင် အလျားလိုက်အပြည့် ကျောင်းသားတွေ ရင်ပေါင်တန်း တန်းစီထားကြသည်။ သူတို့သည် ဘွဲ့ဝတ်စုံများကိုလည်း ဝတ်ဆင်ထားကြသည်။ (သင့်အနေဖြင့် သူတို့ စီတန်းရပ်နေပုံကို အပေါ်စီးမှ မြင်ကြည့်ပါ။) ထို့နောက်မှာတော့ သူတို့ သံပြိုင် . . .

"တစ် . . . နှစ် . . ."

"သုံး . . ."

ဟု အော်ဟစ်ကာ ဘွဲ့ဦးထုပ်များကို ပြိုင်တူ ပစ်ဝဲလွှင့်လိုက်ကြလေသည်။ ထိုဘွဲ့ဦးထုပ်များသည် အနက်ရောင်ငှက်ကလေးများအဖြစ် ကောင်းကင်သို့ ပျံဝဲတက်သွားမလားဟုပင် ထင်ရပေလိမ့်မည်။

ꕤ ꕤ ꕤ

သူဝေး

**April, 2012**

**03:35 PM**



www.burmeseclassic.com